# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ ဝါခေါင်လဆန်း (၁၄) ရက် ၊ တနင်္ဂနွေနေ့ ၊ (18-8-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၁၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းတို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ လာရောက်ဖူးမြော်ကြည်ညို



**နေပြည်တော် ဩဂုတ် ၁၇**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းတို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းတို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ **စာမျက်နှာ ၁၈ ကော်လံ ၁**



**ရွှေတိဂုံစေတီတော်၏ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲကို စက်တင်ဘာလတွင် စတင်နိုင်ရေး ဆောင်ရွက်နေ** စာမျက်နှာ- ၁၅

**ရန်ကုန်မြို့ တိုင်းရင်းသားကျေးရွာရှိ ပြည်ထောင်စုခန်းမ၌ ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာ အခမ်းအနားကျင်းပ** စာမျက်နှာ- ၁၇

**မွန်ပြည်နယ် ဆားလုပ်ငန်းကဏ္ဍမှ ဆားတန်ချိန်လေးသိန်းခွဲခန့် ထွက်ရှိလာသဖြင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရန် ဆောင်ရွက်နေ** စာမျက်နှာ- ၂၇

**မေတ္တာရှိန်ဟုန် ကမ္ဘာလုံးခြုံ လုံးစုံဘေးကင်းစေ**

ဆောင်းပါး စာမျက်နှာ- ၁၀




ရတနာပုံ
၂၀၂၄ ခုနှစ် ဩဂုတ် ၁၈ ရက်
အယ်ဒီတာ့အာဘော်

# ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများနှင့် နိုင်ငံတော်ကာကွယ်ရေးစွမ်းပကား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း နေထိုင်ကြသော နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိပါသည်။ ထိုတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာသက်ဝင်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားခဲ့ရာ ယခုအခါ အမှတ်စဉ်(၄)အထိပင် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါသည်။

ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းခဲ့ပြီးသော ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည်လည်း တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာထမ်းဆောင်နေကြပြီပင်ဖြစ်ပါသည်။ ထိုသို့ စစ်မှုထမ်းဆောင်နေစဉ် စစ်ရေးစစ်ရာစစ်အတတ်ပညာပေါင်းစုံ သင်ကြားတတ်မြောက်လာမည်ဖြစ်ရာ ရုပ်ပိုင်းဆိုင်ရာခွန်အားများနှင့် ရဲဘော်ရဲဘက်စိတ်၊ ဇာတိမာန်စိတ်နှင့် အမျိုးသားရေးစိတ်ဓာတ်များလည်း သန္ဓေတည်ထွန်းကားလာမည်ဖြစ်ပေသည်။

ပြည်သူ့စစ်မှုထမ်းတပ်ဖွဲ့ဝင်တစ်ဦးသည် တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ ရာထူးအဆင့်အလိုက် လစာနှင့် အခြားခံစားခွင့်များရရှိကြမည့်အပြင် စစ်မှုထမ်းကာလအလိုက် တာဝန်ထမ်းဆောင်ပြီးပါကလည်း နိုင်ငံတော်နှင့်ပြည်သူများက အားကိုးရပြီး အများအလယ်တွင် ဂုဏ်သိက္ခာရှိသည့်နိုင်ငံသားအဖြစ် ဝံ့ဝံ့ကြွားကြွားရပ်တည်နေနိုင်မည်ဖြစ်ပါသည်။ မိမိနိုင်ငံ၊ မိမိလူမျိုးတို့အပေါ် စစ်မှန်သောမျိုးချစ်စိတ်အပြည့်ဖြင့် ကာကွယ်နိုင်သူ နိုင်ငံသားအများအပြားပေါ်ထွန်းလာခြင်းသည် စစ်ကိုဟန့်တားနိုင်သောစွမ်းရည် ပိုမိုရရှိလာခြင်းပင်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေ၏ အကျိုးကျေးဇူးအဖြစ် မိမိတို့နိုင်ငံ၏ ကာကွယ်ရေးအင်အားနှင့် ပြည်သူများအပေါ် ကာကွယ်ရေး၊ လုံခြုံရေးဆိုင်ရာ အသိစွမ်းရည်များ ပြသနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတကာက ရိုသေခံ့ညားလောက်သော ကာကွယ်ရေးစွမ်းအားကို ပိုင်ဆိုင်လာမည်ဖြစ်သည်။ ယနေ့ကမ္ဘာကြီးတွင် ခေတ်မီနိုင်ငံကြီးများက ခေတ်သစ်ကိုလိုနီဝါဒဖြင့် အခြားနိုင်ငံငယ်တို့အပေါ် အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးအထိ ထိပါးလာမှု၊ ထိုးဖောက်လွှမ်းမိုးလာမှုများရှိနေသည်ဖြစ်ရာ မိမိနိုင်ငံကို ခေတ်မီဖွံ့ဖြိုးရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းခြင်းနည်းတူ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာမဆုံးရှုံးစေရေး အစွမ်းကုန်ကြိုးစားကာကွယ်ကြရမည်ဖြစ်ပေသည်။

ကမ္ဘာပေါ်ရှိ မိမိတို့လို ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နည်းပညာမြင့်မားသော လက်နက်များ၊ စစ်သုံးကိရိယာများပြည့်စုံသော တပ်မတော်နှင့်လက်နက်ကိုင်တပ်ဖွဲ့များ အကန့်အသတ်သာရှိသည့်အတွက် နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံ့စွမ်းအားစုအားလုံး ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ ပါဝင်ကာကွယ်နိုင်ရေး လွန်စွာအရေးကြီးပါသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေ၏ အကျိုးကျေးဇူးကြောင့် နိုင်ငံတကာက ရိုသေခံ့ညားစေသည့် ကာကွယ်ရေးစွမ်းအား ခိုင်မာစွာရရှိမည်ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုအတွက် စစ်ဘုရင်ဝါဒ၊ နယ်တစ်နယ် ခေါင်းတစ်စင်းအကျင့်ဆိုးများကိုလည်း တိုက်ဖျက်နိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသော ပြည်သူ့စစ်မှုထမ်းစနစ်ကို အားပေးထောက်ခံပါကြောင်း ရေးသားလိုက်ရပါသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ရေစစ်ကန်အတွင်း ရေဝင်ရောက်မှု ကွင်းဆင်းကြည့်ရှု



**မန္တလေး ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ဩဂုတ် ၁၆ ရက် ညနေပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရှိ ရေတွန်းစက်ရုံအမှတ်(၄) ရေစစ်ကန်အတွင်း ရေဝင်ရောက်မှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုပြီး တောင်ပြုန်းကျေးရွာရှိ သမိုင်းဝင် ဆုတောင်းပြည့်၊ ဆုတောင်းရဗုဒ္ဓရုပ်ပွားတော်မြတ်များအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ ပြွန်တစ်လုံးတံတားသို့ ရောက်ရှိပြီး ဆည်တော်ကြီးရေသောက်စနစ် မန္တလေးတူးမြောင်းမကြီးမှတစ်ဆင့် ရေစစ်ကန်အတွင်းသို့ ရေဝင်ရောက်နေမှု၊ ရေစစ်ကန်အတွင်း ရေသိုလှောင်ထားရှိမှုနှင့်ဒေသခံပြည်သူလူထုအတွက် သောက်သုံးရေ ဖြန့်ဖြူးပေးနေမှု များကိုလည်းကောင်း၊ ပုသိမ်ကြီးမြို့နယ် ကြာနီကန်ကျေးရွာရှိ မိုးစပါးပျိုးခင်းများ ရှင်သန်နေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ပြုန်းကျေးရွာရှိ အနော်ရထာမင်းကောင်းမှုတော် သမိုင်းဝင် ဆုတောင်းပြည့် စေတီနှင့် ဆုတောင်းရစေတီတို့သို့ ရောက်ရှိပြီး စေတီများတွင် ကိန်းဝပ်အပူဇော်ခံထားသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညို၍ ရွှေသင်္ကန်းများ ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၂၈၉၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကျောက်မြောင်း ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၂၈၉၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၂၉၁၇ ကေထိ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၈၉၃ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကျောက်မြောင်းမြို့နယ်ခွဲအတွင်း ဆီထွက်သီးနှံ ၁၂၉၁၇ ကေ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၂၈၉၃ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆီထွက်သီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ကေ ၁၂၈၅၀၊ နေကြာ ၄၃ ကေ စုစုပေါင်း ၁၂၈၉၃ ကေတို့ဖြစ်ကြောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးရန် လျာထားမှုအနေဖြင့် မြေပဲ ၁၂၈၆၇ ကေ၊ နေကြာ ကေ ၅၀ စုစုပေါင်း ၁၂၉၁၇ ကေတို့ဖြစ်ကြောင်း သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆီထွက်သီးနှံစိုက်ပျိုးရေးဦးစီးဌာနက စိုက်ကေတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ကျောက်မြောင်းမြို့နယ်ခွဲတွင် စိုက်ပျိုးထားသော ဆီထွက်သီးနှံ စိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မန္တလေးဈေးကွက်အတွင်း အောင်ပန်းဘက်မှထွက်ရှိသည့် အာလူးများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မန္တလေး ဩဂုတ် ၁၇**

မန္တလေးဈေးကွက်အတွင်း အောင်ပန်းဘက်မှ ထွက်ရှိသည့် အာလူးများ အရောင်းအဝယ် ကောင်းမွန် လျက်ရှိကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

မန္တလေးဈေးကွက်အတွင်း ဩဂုတ်လ ဒုတိယပတ်အတွင်းက အောင်ပန်းဘက်မှထွက်ရှိသည့် အာလူးများ အရောင်းအဝယ်ပုံမှန်အတိုင်းသာရှိကြောင်း၊ယခုလက်ရှိတွင် မန္တလေးဈေးကွက်အတွင်း အောင်ပန်းဘက်မှ ထွက်ရှိသည့် အာလူးများ အရောင်းအဝယ် ပြန်လည် ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"အခုလတ်တလောကတော့ အာလူးတွေ ဈေးကွက်ထဲအဝယ်လိုက်နေတာကြောင့် ဈေးကွက်ထဲကုန်စည်လက်ကျန် ပြန်ရှားလာပါတယ်။ ပြည်တွင်းကထွက်တဲ့ အာလူးအပြင် တရုတ်အာလူးတွေလဲ အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ဩဂုတ် ၁၆ ရက်ပေါက်ဈေးအရ အောင်ပန်းဘက်မှ ထွက်ရှိသည့် အာလူး တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ခန့်ထိပေါက်ဈေးရှိကြောင်း သိရသည်။

အာလူးကို ရှမ်းပြည်နယ်၊ ရောဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဆိပ်ဖြူမြို့နယ် တောင်ငယ်လုံးကျေးရွာ၌ VRFP စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

**ဆိပ်ဖြူ ဩဂုတ် ၁၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကိုးတောင့်ကျေးရွာအုပ်စု တောင်ငယ်လုံးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ကြည်ကြည်မာ၊ ဆိပ်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသိန်းညွန့်ဟန်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ တောင်ငယ်လုံးကျေးရွာ၌ စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ၊ မရှိအခြေအနေများ၊ လအလိုက်ပေးပို့ရသည့် စာရင်းဇယားများပြည့်စုံမှန်ကန်မှုရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ မိသားစုတစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ် တောင်ငယ်လုံးကျေးရွာ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစတင်ပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် တောင်ငယ်လုံးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊အသင်းသူ ၆၅ ဦးကို စီမံကိန်းရန်ပုံငွေမှ ငွေကျပ် ၂၀ ဒသမ ၉၀ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။**ကိုညို**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ မနော်ဟာရီလမ်း မြို့သစ်နေ ဦးကျော်ကျော်နိုင်-ဒေါ်အိအိစံ သမီး မသန္တာထွန်း "အေးချမ်းဆွေ" ဆပ်ပြာကုန်ကြမ်းရောင်းဝယ်ရေး မိသားစုက ဆွမ်းအလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စကော်မတီတွဲဖက်အတွင်းရေးမှူး ဦးချွန်၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၀၉၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၀၉၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာကေ ၁၂၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၉၅ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ နေကြာကေ ၁၂၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၀၉၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်စိုက်ပျိုးလျက်ရှိပါတယ်။ ပြည်ပမှတင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ဖို့ ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ကေဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ယခုနှစ် ရွှေဘိုခရိုင်တွင် မြို့နယ် အလိုက်နေကြာသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၅၈ ကေ၊ ခင်ဦးမြို့နယ်တွင် ၇၈၄ ကေ၊ ဝက်လက်မြို့နယ်တွင် ၂၀၁ ကေနှင့်ကျောက်မြောင်းမြို့နယ်ခွဲတွင် ၅၂ ကေ စုစုပေါင်း ၁၀၉၅ ကေတို့ဖြစ်ကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာသီးနှံ စိုက်ပျိုးရန်အတွက် မြို့နယ် အလိုက် လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ကေ ၁၀၀၊ ခင်ဦးမြို့နယ်တွင် ၇၉၅ ကေ၊ ဝက်လက်မြို့နယ်တွင် ၂၅၅ ကေ နှင့်ကျောက်မြောင်းမြို့နယ်ခွဲတွင် ၅၀ ကေ စုစုပေါင်း ကေ ၁၂၀၀ တို့ဖြစ်ကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှပညာပေးသင်တန်းများ အရှိန်မြင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ပျော်ဘွယ်မြို့နယ် ပိတောက်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပျော်ဘွယ် ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပိတောက်ပင်ကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှ ရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုးနှုန်းကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က ပိတောက်ပင်ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၉၇ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပိတောက်ပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦးကို ငွေကျပ် ၁၈၉ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၆ ဦးကိုငွေကျပ် ၅၈ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ကိုးဦးကိုငွေကျပ်သိန်း ၅၀ စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၀ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၉၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# သာစည်မြို့နယ် ကြက်မောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**သာစည် ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ကြက်မောက်ကျေးရွာအုပ်စု ကြက်မောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကြက်မောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကြက်မောက်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၂ ဒသမ ၇သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၅ ဦးကို ငွေကျပ် ၂၁ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၆၇ ဦးကို ငွေကျပ် ၁၀ ဒသမ ၂၅ သန်း နှင့်အခြားလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် သုည ဒသမ ၉၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၆ ဦးအား ငွေကျပ် ၃၄ ဒသမ ၉ သန်းကို ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံက သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



# တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရန် ကြိုတင်ပြင်ဆင်ရသည့်အချက်များ

မျိုးသူ(ကုန်သွယ်မြှင့်)

မြန်မာနိုင်ငံ၏ ဆန်တင်ပို့မှုသည် နှစ်ပေါင်းများစွာရှိခဲ့ပြီဖြစ်သည်။ ကမ္ဘာပေါ်ရှိနိုင်ငံပေါင်းများစွာသို့လည်း မြန်မာ့ဆန်ကိုတင်ပို့လျက်ရှိသည်။ ထိုသို့တင်ပို့ရာတွင် ဧည့်မထစပါးအုပ်စုမှဆန်များကိုသာ အများဆုံးပြည်ပသို့တင်ပို့ကြခြင်းဖြစ်သည်။ ဆန်ကို အများဆုံးစားသုံးကြသည်မှာ အာရှတိုက်မှနိုင်ငံများဖြစ်သော်လည်း အာဖရိက၊ အမေရိကနှင့် ဥရောပတို့တွင်လည်း ဆန်စားသုံးကြသည်ကို တွေ့နိုင်သည်။ ဆန်သည် ပြောင်းနှင့် ဂျုံပြီးလျှင် ကမ္ဘာပေါ်တွင် တတိယအများဆုံးစားသုံးသော သီးနှံလည်းဖြစ်သည်။ ထို့ကြောင့် ကမ္ဘာပေါ်တွင် ဆန်တင်ပို့မှုသည် ကြီးမားသောလုပ်ငန်းကြီးတစ်ခုဖြစ်သည်။ ကုန်ပစ္စည်းများကို ပြည်ပသို့မတင်ပို့မီနှင့် တင်ပို့ဆဲအချိန်များတွင် အရည်အသွေး၊ အလေးချိန်မှစ၍ စစ်ဆေးပြီးမှတင်ပို့ကြခြင်းဖြစ်သည်။ ရောင်းသူနှင့်ဝယ်ယူသူတို့ နှစ်ဦးနှစ်ဖက်ကြားတွင် သဘောတူညီသော အရည်အသွေး၊ အလေးချိန်နှင့် ထုပ်ပိုးမှု စသည့်အချက်များကို တိတိကျကျသတ်မှတ်ပြီး အဆိုပါအချက်အလက်များအတိုင်း ကြိတ်ခွဲထုတ်လုပ်မှု၊ တင်ပို့မှု ရှိ၊ မရှိကို အဆင့်ဆင့် စစ်ဆေးပြီး တင်ပို့ကြရခြင်းဖြစ်သည်။

**တရုတ်နိုင်ငံ၏ဆန်ဝယ်ယူမှု**

ကမ္ဘာပေါ်တွင် ဆန်အများဆုံးတင်သွင်းသော တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ဆန်တန်ချိန် ၄ ဒသမ ၆ သန်း (တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၂ ဘီလီယံဖိုး) တင်သွင်းခဲ့သည်။ ကမ္ဘာ့ဆန်တင်သွင်းမှုအားလုံး၏ ၇ ဒသမ ၉ ရာခိုင်နှုန်းတင်သွင်းခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံနောက်တွင် အစဉ်လိုက်တင်သွင်းသောနိုင်ငံများအနေဖြင့် အီရန်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၅ ဘီလီယံဖြင့် ကမ္ဘာ့ဆန်တင်သွင်းမှု၏ ၆ ဒသမ ၂ ရာခိုင်နှုန်း တင်သွင်းသည်။ အမေရိကန်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံဖိုး တင်သွင်းပြီး ကမ္ဘာ့ဆန်တင်သွင်းမှု၏ ၄ ဒသမ ၃ ရာခိုင်နှုန်းရှိသည်။ ဆော်ဒီအာရေဗျနိုင်ငံသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၈၆ ဘီလီယံဖိုးတင်သွင်းပြီး ရာခိုင်နှုန်းမှာ ၄ ဒသမ ၂ ရာခိုင်နှုန်းရှိသည်။ ဖိလစ်ပိုင်နိုင်ငံသည် ၃ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၇၆ ဘီလီယံဖိုး တင်သွင်းသည်။ အီရတ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁ ဘီလီယံဖိုးတင်သွင်းပြီး ရာခိုင်နှုန်းအားဖြင့် ၃ ဒသမ ၄ ရာခိုင်နှုန်းရှိသည်။ အိုင်ဗရီကို့စ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၈၀၉ ဒသမ ၉၆ သန်းဖိုးတင်သွင်းပြီး ရာခိုင်နှုန်းအားဖြင့် ၂ ဒသမ ၅ ရာခိုင်နှုန်းရှိသည်။ ဗီယက်နမ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၆၈၉ ဒသမ ၆၂ သန်းဖိုးတင်သွင်းပြီး ရာခိုင်နှုန်းအားဖြင့် ၂ ဒသမ ၁ ရာခိုင်နှုန်းရှိသည်။ ဂျပန်နိုင်ငံသည် အမေရိကန် ဒေါ်လာ ၆၇၀ ဒသမ ၃၅ သန်းဖိုးတင်သွင်းပြီး ရာခိုင်နှုန်းအားဖြင့် နှစ်ရာခိုင်နှုန်းရှိသည်။ ပြင်သစ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၆၅၅ ဒသမ ၉၃ သန်းဖိုးတင်သွင်းပြီး ရာခိုင်နှုန်းအားဖြင့် နှစ်ရာခိုင်နှုန်းရှိသည်။ ဆန်တင်သွင်းသည့် ယခုထိပ်ဆုံး ၁၀ နိုင်ငံသည် ကမ္ဘာ့တင်သွင်းမှုစုစုပေါင်း၏ ၃၈ ဒသမ ၅ ရာခိုင်နှုန်းထိရှိသည်ကိုတွေ့ရသည်။

၂၀၂၃ ခုနှစ် တရုတ်နိုင်ငံ၏ဆန်တင်သွင်းမှုကို ကြည့်လျှင် အိန္ဒိယနိုင်ငံမှ အမေရိကန်ဒေါ်လာ ၆၇၉ သန်းဖိုး၊ ဗီယက်နမ်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၄၂၉ သန်းဖိုး၊ ထိုင်းနိုင်ငံမှ အမေရိကန်ဒေါ်လာ ၃၈၉ သန်းဖိုး၊ ပါကစ္စတန်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၃၈၅ သန်းဖိုး၊ မြန်မာနိုင်ငံမှ အမေရိကန်ဒေါ်လာ ၃၆၆ သန်းဖိုးတင်သွင်းသည်ဟု သိရသည်။ အမြန်ဆုံးတိုးတက်လာသော နိုင်ငံများကိုကြည့်လျှင် အိန္ဒိယ၊ ထိုင်းနှင့်မြန်မာနိုင်ငံတို့ဖြစ်သည်ဟုဆိုသည်။

**တရုတ်နိုင်ငံသို့တင်ပို့နိုင်ရန် ကြိုတင်ပြင်ဆင်မှုများ**

တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရန်ကြိုးစားကြရာတွင် နယ်စပ်မှတင်ပို့မှုများသည် ယခင်က မိရိုးဖလာတင်ပို့မှုပုံစံမျိုးဖြစ်ခဲ့သော်လည်း နှစ်နိုင်ငံကုန်သွယ်မှုစစ်စစ်မဖြစ်ခဲ့ဟု ဆိုနိုင်သည်။ ထို့ကြောင့် တရုတ်နိုင်ငံ၏ ကိုတာစနစ်အတွင်းမှ တင်ပို့နိုင်ရန်အတွက် ကြိုးစားခဲ့ကြသည်။ နယ်စပ်မှတင်ပို့မှုများရှိနေသော်လည်း ကိုတာစနစ်အတွင်းမှ တင်ပို့ရန်ကြိုးစားခဲ့ကြခြင်းမှာ တရုတ်နိုင်ငံ၏ ကိုတာစနစ်အတွင်းမှတင်ပို့နိုင်ပါက တင်သွင်းခွန်မှာ တစ်ရာခိုင်နှုန်းသာရှိပြီး ကိုတာစနစ်ပြင်ပမှဆန်တင်သွင်းပါက တင်သွင်းခွန် ၆၅ ရာခိုင်နှုန်းထိရှိသဖြင့် ကိုတာစနစ်အတွင်းမှတင်သွင်း

**❖ တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရန်ကြိုးစားကြရာတွင် နယ်စပ်မှတင်ပို့မှုများသည် ယခင်က မိရိုးဖလာတင်ပို့မှုပုံစံမျိုးဖြစ်ခဲ့သော်လည်း နှစ်နိုင်ငံကုန်သွယ်မှုစစ်စစ်မဖြစ်ခဲ့ဟု ဆိုနိုင်သည်။ ထို့ကြောင့် တရုတ်နိုင်ငံ၏ ကိုတာစနစ်အတွင်းမှ တင်ပို့နိုင်ရန်အတွက် ကြိုးစားခဲ့ကြသည်။ နယ်စပ်မှတင်ပို့မှုများရှိနေသော်လည်း ကိုတာစနစ်အတွင်းမှ တင်ပို့ရန်ကြိုးစားခဲ့ကြခြင်းမှာ တရုတ်နိုင်ငံ၏ ကိုတာစနစ်အတွင်းမှတင်ပို့နိုင်ပါက တင်သွင်းခွန်မှာ တစ်ရာခိုင်နှုန်းသာရှိပြီး ကိုတာစနစ်ပြင်ပမှဆန်တင်သွင်းပါက တင်သွင်းခွန် ၆၅ ရာခိုင်နှုန်းထိရှိသဖြင့် ကိုတာစနစ်အတွင်းမှတင်သွင်းနိုင်ရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။❖**

နိုင်ရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။ ထိုသို့ တင်သွင်းနိုင်ရေးအတွက် တရုတ်နိုင်ငံ၏ GACC-General Administration of Customs of the People's Republic of China ဌာနနှင့် မြန်မာနိုင်ငံမှစိုက်ပျိုးရေးဦးစီးဌာနတို့ အပင်ရောဂါပိုးမွှားကင်းစင်ကြောင်းဆိုင်ရာ သဘောတူစာချုပ်နှင့် ဆန်တင်သွင်း၊ တင်ပို့ရေးကိစ္စများကို သဘောတူစာချုပ်ရေးထိုးပြီး ဆန်တင်ပို့တင်သွင်းနိုင်ရေးအတွက် လိုအပ်သည့်စပါးမှ ဆန်ကြိတ်ခွဲပြီး သင်္ဘောတင်သည်ထိ လိုက်နာရမည့် စည်းကမ်းများကို ဆောင်ရွက်ကြရသည်။ ထိုသို့ စည်းကမ်းများအတိုင်း လိုက်နာမှု ရှိ၊ မရှိကို မြန်မာနိုင်ငံဘက်မှ အစိုးရမဟုတ်သောစစ်ဆေးရေးအဖွဲ့အစည်းတစ်ခုက စစ်ဆေးပေးရသည်။ စစ်ဆေးရသည့်အချက်များမှာ စပါးသိုလှောင်မှုအခြေအနေ၊ စပါးမှဆန်ကြိတ်ခွဲမှုအခြေအနေ၊ ကြိတ်ခွဲ ပြီးဆန်များကို သိုလှောင်ထားရှိမှုအခြေအနေ၊ တင်ပို့ရန်အတွက် ဆောင်ရွက်မှုအခြေအနေများကို စစ်ဆေးကြရခြင်းဖြစ်သည်။

**လိုအပ်သည့်အချက်များ**

တရုတ်နိုင်ငံသို့ ဆန်၊ ဆန်ကွဲများတင်ပို့ခွင့်ကို အထက်ဖော်ပြပါ GACC ဌာနတွင် မှတ်ပုံတင်ခွင့်ရရှိရေးအတွက် လိုအပ်သည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

- ဆန်စက်အပါအဝင် စက်ရုံ၏အခြေအနေ၊
- ကုန်ကြမ်းနှင့် ကုန်ချောသိုလှောင်ရုံထားရှိမှုအခြေအနေ၊
- လုပ်သားများ ကျန်းမာရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုအခြေအနေ၊
- ဆန်စက်များ၏ အဆင့်အတန်းများ၊
- ပြည်ပသို့ဆန်တင်ပို့ရာတွင် ဆောင်ရွက်သည့်အချက်များ။

တရုတ်နိုင်ငံ GACC ဌာနတွင် မှတ်ပုံတင်ခွင့်ရရှိရေးအတွက် စာရွက်စာတမ်းအချက်အလက်များကို လျှောက်ထားကြရပြီး အဆိုပြုထားသည့် ဆန်တင်ပို့မည့်ကုမ္ပဏီသည် ဆန်ကြိတ်ခွဲမည့် ဆန်စက်နှင့် ဆန်၊ စပါးများထားသိုမည့် သိုလှောင်ရုံများ မည်သို့ထားရှိမည်ကို သိရှိထားရန်လိုအပ်သည်။ ထို့ပြင် ဆန်စက်၏ အဆင့်အတန်းအခြေအနေတို့ကိုလည်း သိရှိရန်လိုအပ်သည်။ ဥပမာအားဖြင့် အရောင်အသွေးခွဲစက်လိုမလို။ ထို့ပြင် ဆန်စက်နှင့် ဆန်၊ စပါးကို ကိုင်တွယ်မည့်လုပ်သားများ၏ ကျန်းမာရေးအတွက် စက်ရုံအတွင်း မည်သို့ဆောင်ရွက်ပေးထားရန်လိုအပ်သည်။ တစ်ကိုယ်ရေသန့်ရှင်းရေး မည်သို့ဆောင်ရွက်ရမည် စသည်တို့ကိုသိရှိထားရန် လိုအပ်သည်။

ဆန်ကြိတ်ခွဲမည်ဆိုသည်နှင့် ဆန်စက်တစ်ခုတည်းထားရှိရုံဖြင့် လုံလောက်မှုမရှိဘဲ စပါးသိုလှောင်ရုံ၊ ဆန်သိုလှောင်ရုံများပါထားရှိရန်လိုအပ်မည်ဖြစ်သည်။ စပါးသည် ဆန်ကြိတ်ခွဲရန်အတွက်လိုအပ်သောကုန်ကြမ်းဖြစ်သဖြင့် အဆိုပါကုန်ကြမ်းကို ကုန်ချောဖြစ်သောဆန်နှင့် တတ်နိုင်သမျှသီးသန့်ထားရန် လိုအပ်မည်ဖြစ်သည်။ စပါးတွင် ပါဝင်လာတတ်သည့် ဖုန်၊ သဲ၊ ခဲ၊ အဖျင်းအမှော်များနှင့် ပိုးမွှားများကို ကုန်ချောဖြစ်သောဆန်ထဲသို့ မရောက်သွားရန် လိုအပ်သဖြင့် ကုန်ကြမ်းစပါးသိုလှောင်ခြင်းနှင့် ကုန်ချောဆန်သိုလှောင်ခြင်းကို သီးခြားစီထားရန် လိုအပ်သည်။ ကုန်ကြမ်းသိုလှောင်ရုံသည် ခိုင်မာသော အဆောက်အအုံဖြစ်ရမည်။ စပါးများမပျက်စီးစေနိုင်သည့်အခင်းမျိုးဖြစ်ရမည်။ ထို့ပြင် သန့်ရှင်းရေးလုပ်ရန်အတွက် လွယ်ကူရန်လိုသည်။ လေဝင်လေထွက်ကောင်းရန်လိုအပ်သည်။ လေဝင်ပေါက်များကို အမိုးအောက်ဘေးတွင်ထားတတ်ကြပြီး အဆိုပါလေဝင်လေထွက်ပေါက်များတွင် ငှက်တားဆန်ခါများတပ်ထားပေးရန်လည်း လိုအပ်သည်။ ငှက်တားဆန်ခါများထားခြင်းမှာ ငှက်များဝင်ရောက်ပြီး စပါးများကိုစားမည့်အန္တရာယ်ကို ကာကွယ်ရန်အပြင် ငှက်များ၏အမွေးများ၊ ချေးများကျန်ခဲ့မည့်အရေးနှင့် အဆိုပါငှက်မှရောဂါများ သယ်ဆောင်လာမည်ကိုလည်း တားဆီးလို၍ဖြစ်သည်။ ငှက်တားဆန်ခါများရှိရမည့်အပြင် ကြွက်များမဝင်ရောက်နိုင်ရန်လည်း တားဆီးထားရန်လိုအပ်သည်။ ကြွက်နှိမ်နင်းရန်လိုအပ်သည်။ ထို့ပြင် စပါးတွင်ကျရောက်တတ်သော ပိုးမွှားများကိုလည်း နှိမ်နင်းထားရန်လိုအပ်သည်။ သန့်ရှင်းရေး အထူးဆောင်ရွက်ထားရန်လိုအပ်သည်။ ထို့ပြင် အင်းဆက်ပိုးမွှားများကို နှိမ်နင်းရန်အတွက် မီးထောက်ချောက်များထားရှိပေးရန်လည်း လိုအပ်သည်။ အဆိုပါပိုးမွှားများမှ ဖမ်းမိသောပိုးမွှားများကို စိုက်ပျိုးရေးဦးစီးဌာနသို့ပို့၍ စစ်ဆေးမှတ်တမ်းတင်ထားရန်လိုအပ်သည်။ ထို့ပြင် မည်သည့်ကိစ္စမျိုးလုပ်ကိုင်သည်ဖြစ်စေ မှတ်တမ်းများထားပေးရန် လိုအပ်သည်။ သန့်ရှင်းရေးလုပ်ကိုင်ခြင်းမျိုးကို အချိန်မှန်လုပ်ကိုင်ရန်လိုအပ်သကဲ့သို့ မှတ်တမ်းလည်းထားရန် လိုအပ်သည်။

အလားတူပင် ကုန်ချောဖြစ်သော ဆန်များထားသည့် သိုလှောင်ရုံများတွင်လည်း အလားတူထားပေးရမည်ဖြစ်သည်။ ဆန်ကို အိတ်ထဲထည့်ထားလေ့ရှိသဖြင့် အိတ်များကိုထပ်ထားရာတွင်စနစ်တကျထပ်ထားရန်၊ အောက်တွင် ခိုင်မာသောဆန်တင်ခုံများရှိနေရမည်။ ဆန်အိတ်ပုံများသည် နံရံကိုမှီထားခြင်းမျိုးမဖြစ်ရပါ။ နံရံနှင့် ဆန်အိတ်ပုံကြားတွင် လူတစ်ယောက်သွားသာသော အနေအထားမျိုးကွာဟနေသင့်သည်။ ဆန်အိတ်များထပ်ထားရာတွင်လည်း သေချာစွာထပ်ထားမှသာ ပိုးသတ်ရာတွင် ပလတ်စတစ်အကာကို ခြုံလွှမ်းနိုင်မည်ဖြစ်သည်။ ဆန်တင်ခုံများအောက်တွင် ဆန်များဖိတ်ကျနေခြင်းမျိုးမရှိရန်နှင့် သိုလှောင်ရုံကြမ်းခင်းတွင် ဆန်များကျနေခြင်းမရှိရန်အတွက် တံမြက်စည်းဖြင့် ပုံမှန်လှည်းကျင်းသန့်ရှင်းပေးရမည်။ အောက်ခင်းမှ လှည်းကျင်းရသည့် ဆန်များနှင့် အမှိုက်များကို သီးခြားထားရှိရမည်။ ဆန်အိတ်များအတွင်းပြန်ထည့်ခြင်းမျိုးမလုပ်ရပါ။ ဆန်များသိုလှောင်ထားပြီးသည့်အခါ လုပ်သားများနှင့် အခြားသူများအဝင်အထွက်မှစ၍ သန့်ရှင်းစွာဆောင်ရွက်နိုင်ရန်လည်း လိုအပ်သည်။ သိုလှောင်ရုံအတွင်းစီးသည့်ဖိနပ်ကအစ သီးသန့်ထားရှိပေးရန် လိုအပ်သည်။ အများစုမှာ လိုက်နာနိုင်ခြင်းမရှိကြသည်ကို တွေ့ရသည်။ ထို့ပြင် ဆန်အိတ်ပုံများအပေါ်သို့တက်ရာတွင် ဆန်အိတ်များကို လှေကားသဖွယ်ဆင့်၍ တက်ဆင်းခြင်းမျိုးကိုလည်းမလုပ်ရပါ။ သီးခြားလှေကားဖြင့်သာ တက်ဆင်းလုပ်သင့်သည်။ အကယ်၍ ဆန်များကို ဖောက်၍ပြန်လည်သန့်စင်ခြင်း၊ ရောနှောခြင်းများကို လူအားဖြင့် လုပ်ကိုင်ခြင်းမျိုးမှာလည်း မလုပ်သင့်သည်ကို တွေ့နိုင်သည်။ ဆန်သည် စားသောက်ကုန်ဖြစ်သဖြင့် ဆန်အိတ်များပေါ်တွင် လူထိုင်ခြင်း၊ ဆန်အိတ်များရှိသည့် သိုလှောင်ရုံအတွင်း အစားစားသောက်ခြင်းကိုလည်း မလုပ်ရပါ။ လုပ်သားများသည် ဆန်အိတ်များပေါ်နှင့် အခန်းထောင့်များတွင် ကွမ်းသွေးများထွေးခြင်း၊ အမှိုက်ပစ်ခြင်းများကိုလုပ်ကိုင်တတ်သည်။ မပြုလုပ်သင့်သောအပြုအမူဖြစ်သဖြင့် ကြပ်ကြပ်မတ်မတ်တားမြစ်ရမည်ဖြစ်သည်။


ဆန်ကြိတ်ခွဲစက်များသည်လည်း သီးသန့်အဆောက်အအုံတွင်ထားရှိနိုင်ရမည်။ ထို့ပြင် ဆန်တွင်ပါလာတတ်သော အရောင်မမှန်ခြင်းများ၊ ဆန်မည်းအကွျမ်းများနှင့် ဆန်ဝါရောင်ပျက်များကို ဖယ်ရှားနိုင်ရန်အတွက် အရောင်ရွေးစက် (Color Sorter) လည်းရှိထားရမည်။ ထို့ပြင် စပါးစတင်ကြိတ်ခွဲသည့် စက်များအားလုံးတွင် စပါးအခြောက်ခံစက်များလည်းရှိနေရန်လိုအပ်သည်။ ထို့ပြင် ဆန်စက်အတွင်း ကိရိယာအားလုံးနှင့် ပိုက်များအားလုံးသည်လည်း သန့်ရှင်းသပ်ရပ်နေရန် လိုအပ်သည်။ အချိန်ပြည့် သန့်ရှင်းနေရန်လိုအပ်သည်။

**တစ်ကိုယ်ရေသန့်ရှင်းရေး**

မြန်မာနိုင်ငံတွင် စက်ရုံအလုပ်ရုံများ၌ လုပ်သားများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးအရေးကြီးသည်ကို သတိမထားတတ်ကြကြောင်း တွေ့နေရတတ်သည်။ အထူးသဖြင့် စားသောက်ကုန်များထုတ်လုပ်သည့် စက်ရုံအလုပ်ရုံများတွင် လုပ်ကိုင်သောဝန်ထမ်းများသည် ကျန်းမာရေးကောင်းရန် လိုအပ်သကဲ့သို့

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင်ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရူးသွပ်ခြင်း ရောဂါနဲ့ အယ်ဇိုင်းမားရောဂါ တို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၄၃၃၁၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၄၃၃၁၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၅၅၄၈၇ ကေစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၃၃၁၂ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မြင်းမူမြို့နယ်အတွင်း ပဲမျိုးစုံ ကေ ၅၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ ၄၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ပဲမျိုးစုံစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် ပဲမျိုးစုံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲတီစိမ်း ၈၀၅၆ ကေ၊ စွန်တာပြာ ၁၀၉ ကေ၊ ပဲလွမ်း ၁၁၃ ကေ၊ ပဲစင်းငုံ ၃၄၉၉၁ ကေ၊ ပဲကြီး ၄၃ ကေ စုစုပေါင်း ၄၃၃၁၂ ကေ ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် ပဲမျိုးစုံစိုက်ပျိုးရန် လျာထားမှုအနေဖြင့် မတ်ပဲ ၁၀၃ ကေ၊ ပဲတီစိမ်း ၁၇၄၃၈ ကေ၊ ထောပတ်ပဲ ၁၆၇ ကေ၊ စွန်တာပြာ ၁၄၉၅ ကေ၊ ပဲလွမ်း ၅၉၅ ကေ၊ ပဲစင်းငုံ ကေ ၃၅၂၂၀၊ ပဲကြီး ၄၆၉ ကေ စုစုပေါင်း ၅၅၄၈၇ ကေဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲသီးနှံ အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

အလုပ်ခွင်အတွင်းတွင် တစ်ကိုယ်ရေသန့်ရှင်းရေးကိစ္စများအတွက် လုပ်ကိုင်ရန်လည်း အလွန်အရေးကြီးသည်။ ဆန်စက်များ၊ ဆန်၊ စပါး သိုလှောင်ရုံများကိုဝင်ထွက်လုပ်ကိုင်နေသူအားလုံးသည် တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးအလေးထားလိုက်နာရန်လိုအပ်သည်။ လက်ဆေးခြင်း၊ လုပ်သားများအဝတ်အစားကို စက်ရုံလုပ်သားသုံး အဝတ်အစားဝတ်ခြင်း၊ ခေါင်းဆောင်းခြင်း၊ လိုအပ်သည့်နေရာတွင်လက်အိတ်ဝတ်ခြင်း စသည်တို့လိုအပ်သည်။ စားသောက်ကုန်ဖြစ်သော ဆန်စပါးများကိုကိုင်တွယ်ရမည်ဖြစ်သဖြင့် ကျန်းမာရေးကောင်းရန်၊ အလုပ်ဆင်းသော လုပ်သားများတွင် ဝမ်းပျက်ဝမ်းလျှောနေခြင်းမျိုးမရှိရန်ကအစ သတိထားစောင့်ကြည့်ရန်လိုအပ်သည်။ လုပ်သားများသည် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ပတ်သက်၍ လိုက်နာရန်ပျက်ကွက်ခြင်း၊ ရှောင်ရှားခြင်းများကို မကြာခဏတွေ့ရတတ်သဖြင့် အလေ့အကျင့်ကောင်းများရှိနေစေရန် လေ့ကျင့်ပေး၊ သင်ကြားပေးရန်လည်းလိုအပ်သည်။ ဖိနပ်စီးသည့်အခါတွင်လည်း စက်ရုံအတွင်းသီးသန့်စီးသည့်ဖိနပ်မျိုးသာဖြစ်သင့်သည်။

ဆန်တင်ပို့ချိန်ရောက်လာသည့်အခါတွင်လည်း အပြီးသတ်ဆန်အရည်အသွေး စစ်ဆေးခြင်းများအပြင် ပိုးသတ်မှိုင်းတိုက်ခြင်း၊ သက်သေခံလက်မှတ်ထုတ်ပေးခြင်း အိတ်ခွံအသစ်များသုံးခြင်း၊ ထုပ်ပိုးခွံတွင် တံဆိပ်အမှတ်အသားများကို သတ်မှတ်ထားသည့်အတိုင်းရိုက်နှိပ်ခြင်း စသည်များကိုလည်း သေချာစိစစ်သွားရန်လိုအပ်သည်။ ဆန်စက်များ၊ သိုလှောင်ရုံများတွင်လည်း သတ်မှတ်သည့် စည်းကမ်းများအတိုင်း ထားသိုရန်၊ သိုလှောင်ရုံများ၏ အတွင်းအပြင်သန့်ရှင်းသပ်ရပ်ရန် စသောအချက်များကို စစ်ဆေးချိန်တွင်သာ ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ အစဉ်အမြဲဆောင်ရွက်နေရန်လိုအပ်သည်။ မိမိတို့လုပ်ကိုင်နေသော ဆန်ကြိတ်ခွဲရေးနှင့် ဆန်တင်ပို့ရေးလုပ်ငန်းသည် လူတို့၏အဓိကအစားအစာဖြစ်သည်ကို သတိပြုပြီး သန့်ရှင်းရေး၊ ပိုးမွှားကင်းစင်ရေး၊ အရည်အသွေးထိန်းသိမ်းရေးစသည့်လုပ်ငန်းများကို အစဉ်တစိုက်လုပ်ကိုင်နေရန်လိုအပ်သည်။ အထူးသဖြင့် လုပ်သားများသည် ခေါင်းဆောင်းများ၊ အဝတ်အစားများ၊ လက်အိတ်များ၊ ဖိနပ်များကို ဝတ်ဆင်ထားရသည်ကို စိတ်ကျဉ်းကျပ်သည်ဟု ထင်တတ်ကြသည်။ အလေ့အကျင့်တစ်ခုဖြစ်လာသည်ထိ လုပ်ကိုင်ကြရန်လိုအပ်သည်။ ထို့ပြင် တစ်ကိုယ်ရေသန့်ရှင်းရေးအတွက်လည်း အစဉ်အမြဲသတိပြုလုပ်ကိုင်နေကြရန် လိုအပ်လှသည်။ တရုတ်နိုင်ငံသို့ ဆန်တင်ပို့ခြင်းကို ယခုကဲ့သို့ လုပ်ကိုင်နေကြသကဲ့သို့ အခြားနိုင်ငံများသို့ ဆန်တင်ပို့ရာတွင်လည်း ထိုကဲ့သို့ပင် ကောင်းသောအလေ့အကျင့်များဖြင့် လုပ်ကိုင်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မြန်မာ့ဆန်တင်ပို့မှုတိုးမြင့်စေရန် အထောက်အကူပြုမှုများစွာ ဖြစ်စေပါကြောင်း ဖော်ပြအပ်ပါသည်။

## ချင့်ချိန်စဉ်းစား သတင်းစကား

- မီဒီယာ အကျင့်ပျက်တို့
ပြည်ဖျက်ဖို့ ကြံစည်နေ၊
ညစ်ပလီ သတင်းများ
စဉ်းစားယုံလေ၊
ပြည်သူတို့ ကြောက်လန့်စေ
ခြောက်လှန့်ပေ အမျိုးမျိုး၊
ကိုယ်ကျိုးရှာ အတ္တကြီးလျက်
ရန်မီးကူပျိုး။

- မဟုတ်မှန် သတင်းဆိုး
အကျိုးမဲ့ ပြောတတ်တာ၊
တို့ပြည်သူ ချင့်ချိန်ကြည့်လို့
သတိထားပါ၊
စစ်မီးကို အားပေးကာ
ငြိမ်းချမ်းမှာ မလိုသူများ၊
ရေး ပြောနေ ဝါဒမှိုင်းကို
(တို့ပြည်သူတွေ)
ဝိုင်းတိုက်ဖျက်တား။

- မီဒီယာ အကျင့်ပျက်ပြား
လေလှိုင်းစကား အယုံမလွယ်၊
သတင်းမှန် ရှာဖွေဖတ်
မှတ်သားသင့်တယ်၊
ပြည်သူများ စည်းလုံးကွယ်
နည်းသုံးမယ် ပြည်ရွာအရေး၊
တို့နိုင်ငံ မပြိုကွဲဖို့
လက်တွဲစို့လေး။ ။

**မောင်နွေဦး(လယ်ဝေး)**

# ကျုံပျော်မြို့နယ် ချောင်းစောက်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျုံပျော် ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးကာ ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ချောင်းစောက်ကျေးရွာ၌ စတုတ္ထအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျုံပျော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝါဝါမြတ်မွန်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းများကိုရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးနှင့်တာဝန်ရှိသူများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၉ ဒသမ ၇ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ချောင်းစောက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၄ ဦးကို ငွေကျပ် ၃၇ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၉ ဦးကို ရန်ပုံငွေကျပ် ၃၉ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

# နိုင်ငံတကာ သတင်းများ

## ထိုင်းဘုရင်၏ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရရှိ

**ဗန်ကောက် ဩဂုတ် ၁၇**

ထိုင်းနိုင်ငံ ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်သည် ထိုင်းဘုရင်မင်းမြတ်၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့ပြီး ၎င်းအား ပြစ်ဒဏ်ကာလမပြည့်မီ ခံဝန်ဖြင့် လွှတ်ပေးထားမှုမှာ ဩဂုတ် ၁၈ ရက်တွင် အဆုံးသတ်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ဟောင်း သက်ဆင်၏ ရှေ့နေများက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ထိုင်းဘုရင် မဟာဝိဇယလောင်ကွန်းသည် ပြီးခဲ့သည့်လက ၎င်း၏ မွေးနေ့အထိမ်းအမှတ်အဖြစ် အကျဉ်းသားဦးရေ ၇၅၀၀ တို့ကို အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်များပေးခဲ့သည်။

ထိုင်းဘုရင် မင်းမြတ်၏ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် အစီအစဉ်တွင် ဝန်ကြီးချုပ်ဟောင်း သက်ဆင်လည်း ပါဝင်ခဲ့ရာ ၎င်းအား ခံဝန်ဖြင့်လွှတ်ပေးထားသည့်ကာလမှာလည်း ဩဂုတ် ၁၈ ရက်တွင် အဆုံးသတ်မည်ဖြစ်ကြောင်း သိရသည်။

အသက် ၇၅ နှစ်အရွယ် ဝန်ကြီးချုပ်ဟောင်း သက်ဆင်သည် ပြည်ပြေးတစ်ဦးအဖြစ် ပြည်ပ၌ ၁၅ နှစ်ကြာ နေထိုင်ခဲ့ပြီးနောက် ပြီးခဲ့သည့်နှစ် ဩဂုတ်လတွင် ထိုင်းနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

ထိုင်းနိုင်ငံသို့ ပြန်ရောက်ပြီးချိန်တွင် ဝန်ကြီးချုပ်ဟောင်း သက်ဆင်မှာ အာဏာအလွဲသုံးစားပြုလုပ်မှုအပါအဝင် စွဲချက်များဖြင့် ထောင်ဒဏ် ရှစ်နှစ် ချမှတ်ခံခဲ့ရသော်လည်း နောက်ပိုင်းတွင် ထိုင်းဘုရင် မဟာဝိဇယလောင်ကွန်းက သက်ဆင်ခံစားရမည့် ပြစ်ဒဏ်ကာလကို တစ်နှစ်ထိ လျှော့ချပေးခဲ့သည်။

သို့ရာတွင် ဝန်ကြီးချုပ်ဟောင်း သက်ဆင်သည် ခြောက်လကြာ ထိန်းသိမ်းခံခဲ့ရပြီးနောက် ယခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်က ခံဝန်ဖြင့် ပြန်လွတ်လာခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## ဂျပန်ဝန်ကြီးချုပ် ဖူမီအိုကီရှီဒါ အမေရိကန်သို့ သွားရောက်ဖွယ်ရှိ

**တိုကျို ဩဂုတ် ၁၇**

ရာထူးမှ နုတ်ထွက်ပေးတော့မည့် ဂျပန်ဝန်ကြီးချုပ် ဖူမီအိုကီရှီဒါသည် ယခုနှစ် စက်တင်ဘာလကုန်ပိုင်း၌ အမေရိကန်နိုင်ငံသို့ သွားရောက်ရေးအတွက် အပြီးသတ်အစီအစဉ်များ ပြုလုပ်နေကြောင်း ဂျပန်မီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ အမေရိကန်ခရီးစဉ်အတွင်း ဝန်ကြီးချုပ်ကီရှီဒါသည် ကုလသမဂ္ဂ အထွေထွေညီလာခံ အစည်းအဝေးများ တက်ရောက်မည်ဖြစ်သည့်အပြင် ဝန်ကြီးချုပ်အနေဖြင့် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်နှင့်လည်း တွေ့ဆုံဆွေးနွေးဖွယ်ရှိကြောင်း ဂျပန်မီဒီယာများ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါ၏ အမေရိကန်ခရီးစဉ်သည် စက်တင်ဘာ ၂၂ ရက်တွင် စတင်ဖွယ်ရှိပြီး ရက်အနည်းငယ် ကြာမြင့်နိုင်ကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါ၏ အမေရိကန်ခရီးစဉ် သတင်းနှင့် ပတ်သက်၍ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက တစ်စုံတစ်ရာ တုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။

Ref : RT
Trs : KKO

## အင်ဒိုနီးရှားနိုင်ငံက ဂျပန်လက်အောက်မှ လွတ်လပ်ရေးရရှိမှု အထိမ်းအမှတ်အခမ်းအနားများကို နူဆန်တာရာမြို့၌ ပထမဆုံးအကြိမ်ကျင်းပ



**နူဆန်တာရာ ဩဂုတ် ၁၇**

အင်ဒိုနီးရှားနိုင်ငံသည် ဂျပန်လက်အောက်မှ လွတ်လပ်ရေးရရှိမှု အထိမ်းအမှတ်အခမ်းအနားများကို နူဆန်တာရာမြို့၌ ပထမဆုံးအကြိမ်အဖြစ် ယနေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

သို့ရာတွင် အင်ဒိုနီးရှားနိုင်ငံသည် နူဆန်တာရာမြို့သစ်၌ ကျင်းပခဲ့သည့် ပထမဆုံးအကြိမ် လွတ်လပ်ရေးနေ့ အခမ်းအနားကို ပုံမှန်ထက် အတိုင်းအဆလျှော့ချ၍ ကျင်းပခဲ့ခြင်းဖြစ်သည်။

အင်ဒိုနီးရှား နိုင်ငံသည် နူဆန်တာရာမြို့သစ်၌ ကျင်းပခဲ့သည့် လွတ်လပ်ရေးနေ့အခမ်းအနားအတွက် မူလက လူဦးရေ ၈၀၀၀ ထိ ဖိတ်ကြားရန် ရည်ရွယ်ခဲ့သော်လည်း နောက်ပိုင်းတွင် ဧည့်သည်တော် အရေအတွက် ၁၃၀၀ ထိ လျှော့ချခဲ့ရသည်။

ဧည့်သည်တော်များ နေထိုင်ရေးနှင့် စားနပ်ရိက္ခာတို့အတွက် အကန့်အသတ်များ ရှိနေမှုကြောင့် နူဆန်တာရာမြို့ လွတ်လပ်ရေးနေ့ အခမ်းအနားကို အတိုင်းအဆလျှော့ချ ကျင်းပခဲ့ရခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အင်ဒိုနီးရှား အစိုးရသည် အစိုးရရုံးစိုက်ရာ မြို့သစ်အဖြစ် ဂျကာတာမြို့နေရာ၌ အစားထိုးရေးအတွက် နူဆန်တာရာမြို့သစ်ကို ဘော်နီယိုကျွန်း၌ တည်ဆောက်နေခြင်းဖြစ်သည်။

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒို၏ ဦးစားပေးစီမံကိန်းဖြစ်သော နူဆန်တာရာ မြို့သစ်စီမံကိန်းမှာ ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၃၂ ဘီလီယံထိ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုက အစ္စရေးနိုင်ငံမြောက်ပိုင်း ပစ်မှတ်သစ်များကို ဒုံးကျည် ၅၅ စင်းဖြင့် ပစ်ခတ်တိုက်ခိုက်

**ဂျေရုဆလင် ဩဂုတ် ၁၇**

အစ္စရေးနိုင်ငံ မြောက်ပိုင်းရှိ ပစ်မှတ်သစ်များကို ဒုံးကျည် ၅၅ စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုက ယနေ့တွင် ကြေညာချက်ထုတ်ပြန်ထားသည်။

အစ္စရေးစစ်ဘက်က လက်ဘနွန်တောင်ပိုင်း တစ်နေရာအား လေကြောင်းမှတစ်ဆင့် တိုက်ခိုက်ခဲ့မှုကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေးမြောက်ပိုင်းရှိ ပစ်မှတ်သစ်များကို ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဟစ်ဇ်ဘိုလာအုပ်စု၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုအနေဖြင့် ဒုံးကျည် ၅၅ စင်းဖြင့် အစ္စရေးနိုင်ငံမြောက်ပိုင်း နယ်မြေနှစ်ခုကို ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးစစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် ဟစ်ဇ်ဘိုလာအုပ်စု၏ တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရသူမရှိခဲ့ဘဲ မီးလောင်မှုတချို့ ဖြစ်ပွားခဲ့ကြောင်း အစ္စရေးစစ်ဘက်မှ တာဝန်ရှိသူများက ပြောကြားသည်။

အစ္စရေးစစ်ဘက်က ယနေ့တွင် လက်ဘနွန်တောင်ပိုင်းနေရာတစ်ခုကို တိုက်ခိုက်ခဲ့မှုကြောင့် ကလေးနှစ်ဦးအပါအဝင် လူ ၁၀ ဦး သေဆုံးခဲ့ရကြောင်း လက်ဘနွန် ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားထားသည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာလတွင် ဂါဇာစစ်ပွဲ စတင်ဖြစ်ပွားခဲ့ပြီးနောက် အစ္စရေးနှင့် လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုတို့ကြား စစ်ရေးတင်းမာမှုများ မြင့်တက်လာခဲ့ရကြောင်း သိရသည်။

Ref : RT
Trs : KKO

## အိန္ဒိယဆရာဝန်များ ပြည်လုံးကျွတ်သပိတ်စတင်

**ဒေလီ ဩဂုတ် ၁၇**

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ကိုးလ်ကတ္တားမြို့၌ အမျိုးသမီးအလုပ်သင်ဆရာဝန်တစ်ဦး အဓမ္မကျင့်သတ်ဖြတ်ခံခဲ့ရမှုကို ရှုတ်ချသည့်အနေဖြင့် အိန္ဒိယနိုင်ငံတစ်ဝန်းလုံးမှ ဆေးပညာရှင်များက ယနေ့တွင် ၂၄ နာရီကြာ ပြည်လုံးကျွတ် သပိတ်ကို စတင်ခဲ့ကြောင်းသိရသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ကိုးလ်ကတ္တားမြို့ ဆေးကောလိပ်တစ်ခု၌ အသက် ၃၁ နှစ်အရွယ် အမျိုးသမီး အလုပ်သင်ဆရာဝန်တစ်ဦး အဓမ္မကျင့် သတ်ဖြတ်ခံခဲ့ရပြီးနောက် အိန္ဒိယနိုင်ငံတစ်ဝန်း ဆန္ဒပြပွဲများ ဖြစ်ပွားခဲ့သည်။

ယနေ့နံနက် ၆ နာရီတွင် စတင်ခဲ့သော အိန္ဒိယဆရာဝန်များ၏ ပြည်လုံးကျွတ်သပိတ်တွင် နိုင်ငံတစ်ဝန်းရှိ ဆေးပညာရှင် တစ်သန်းကျော်ထိ ပါဝင်ကြဖွယ်ရှိသည်။




အဆိုပါ ပြည်လုံးကျွတ်သပိတ်တွင် အိန္ဒိယဆရာဝန်များက နိုင်ငံတစ်ဝန်း ဆေးရုံများ၌ အရေးပေါ်ဌာနများမှလွဲ၍ ကျန်ဝန်ဆောင်မှုများကို ၂၄ နာရီကြာ ရပ်ဆိုင်းထားမည်ဖြစ်သည်။

အိန္ဒိယဆရာဝန်များ၏ အဆိုပါ ပြည်လုံးကျွတ်သပိတ်ကြောင့် ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံ၏ ကျန်းမာရေးဝန်ဆောင်မှုများ ယာယီရပ်ဆိုင်းခဲ့ရသည်။

ကိုးလ်ကတ္တားမြို့ဖြစ်စဉ်သည် ၂၀၁၂ ခုနှစ်အတွင်း နယူးဒေလီမြို့ ဘတ်စကား တစ်စီးပေါ်တွင် ဖြစ်ပွားခဲ့သည့် အသက် ၂၃ နှစ်အရွယ် ဆေးကျောင်းသူတစ်ဦး အုပ်စုဖွဲ့ အဓမ္မကျင့် သတ်ဖြတ်ခံရမှုနှင့် နှိုင်းယှဉ်နိုင်သော ရာဇဝတ်မှုဖြစ်လာကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X အာကာသနည်းပညာကုမ္ပဏီက ဂြိုဟ်တုငယ် ၁၁၆ စင်းကို Transporter 11 မစ်ရှင်ဖြင့် လွှတ်တင်ခဲ့



ဝါရှင်တန် ဩဂုတ် ၁၇

အမေရိကန်နိုင်ငံအခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် ဩဂုတ် ၁၆ ရက်တွင် ဂြိုဟ်တုငယ် ၁၁၆ စင်းကို Trans-porter 11 အမည်ရှိ မစ်ရှင်ဖြင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ဂြိုဟ်တု ၁၁၆ စင်း သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

Transporter-11 မစ်ရှင်ဖြင့် လွှတ်တင်ခဲ့သည့် ဂြိုဟ်တုများမှာ နိုင်ငံတကာ ကုမ္ပဏီအမျိုးမျိုးတို့၏ ဂြိုဟ်တုများဖြစ်ကြကြောင်း Space-X ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါမစ်ရှင်သည် Space-X ကုမ္ပဏီအတွက် ၁၁ ကြိမ်မြောက် ဂြိုဟ်တုငယ်များ စုပေါင်းလွှတ်တင်မှုမစ်ရှင် ဖြစ်ကြောင်း သိရသည်။

Tranporter-11 မစ်ရှင်သည် Space-X ကုမ္ပဏီ၏ ယခုနှစ်အတွက် အကြိမ် ၈၀ မြောက် အာကာသမစ်ရှင်ဖြစ်သည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ယခုနှစ်အတွင်း လက်ရှိထိ လွှတ်တင်ခဲ့သည့် ဂြိုဟ်တုအရေအတွက် စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းမှာ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများ ဖြစ်ကြကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## Realme ကုမ္ပဏီမှထုတ်လုပ်ထားသော မိုဘိုင်းလ်ဖုန်းအားဖြည့်မှုစနစ်က ၄ ဒသမ ၅ မိနစ်အတွင်း ဖုန်းတစ်လုံးကို အားအပြည့်ပြန်သွင်းပေးနိုင်

ပေကျင်း ဩဂုတ် ၁၇

Realme အမည်ရှိ တရုတ်နည်းပညာကုမ္ပဏီတစ်ခုက ထုတ်လုပ်ထားသော မိုဘိုင်းလ်ဖုန်းအားဖြည့်မှုစနစ်သည် ၄ ဒသမ ၅ မိနစ်အတွင်း ဖုန်းတစ်လုံးကို အားအပြည့် ပြန်သွင်းပေးနိုင်ကြောင်း ဩဂုတ် ၁၆ ရက် သတင်းများအရ သိရသည်။

Supersonic Charge အမည်ရှိ အဆိုပါအားသွင်းစနစ်သည် မိုဘိုင်းလ်ဖုန်းတစ်လုံးကို လေးမိနစ်နှင့် ၃၀ စက္ကန့်အတွင်း ဝပ် ၃၂၀ ထိ အားဖြည့်ပေးနိုင်ကြောင်း Realme ကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားသည်။

Supersonic Charge နည်းပညာသည် အက်ပဲလ်ကုမ္ပဏီ အိုင်ဖုန်းများ၏ အားသွင်းစနစ်များထက် ဖုန်းတစ်လုံးကို အားဖြည့်ရာတွင် ၁၆ ဆ ပိုမြန်သည်။

Realme ကုမ္ပဏီသည် Super Sonic Charge နည်းပညာကို ယခုသီတင်းပတ်အတွင်း ပေကျင်းမြို့တော်၌ ကျင်းပခဲ့သော နည်းပညာပြပွဲတစ်ခုတွင် လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။




အဆိုပါသရုပ်ပြပွဲတွင် Super-sonic Charge နည်းပညာသည် စတင်အားသွင်းပြီး နှစ်မိနစ်အကြာတွင် ဖုန်းအား ၅၀ ရာခိုင်နှုန်းထိ ဖြည့်သွင်းပေးနိုင်ခဲ့သည်။

ပြီးခဲ့သည့်နှစ်ကလည်း Real-me ကုမ္ပဏီသည် ဖုန်းတစ်လုံးကို ကိုးမိနစ်ခွဲအတွင်း ဝပ် ၂၄၀ ထိ အားသွင်းပေးနိုင်သော GT Neo 5 အမည်ရှိ အားသွင်းစနစ်တစ်ခုကို သရုပ်ပြခဲ့ဖူးကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## ချစ်ဆူးလက်ဘ်ဂြိုဟ်သိမ်က ကြာသပတေးဂြိုဟ်၏အလွန် နေအဖွဲ့အစည်းအနားစွန်းနယ်မြေမှ ပေါ်ထွက်လာခြင်းဖြစ်

ဘရပ်ဆဲလ် ဩဂုတ် ၁၇

လွန်ခဲ့သောနှစ်ပေါင်း ၆၆သန်းက ကမ္ဘာကို ဝင်တိုက်ခဲ့သော ချစ်ဆူးလက်ဘ်အမည်ရှိ ဂြိုဟ်သိမ်သည် ကြာသပတေးဂြိုဟ်၏ အလွန် နေအဖွဲ့အစည်းအနားစွန်းနယ်မြေမှပေါ်ထွက်လာခြင်းဖြစ်ကြောင်း ဩဂုတ် ၁၆ ရက်သတင်းများအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ချစ်ဆူးလက်ဘ်ဂြိုဟ်သိမ်သည် နေအဖွဲ့အစည်းအတွင်း၏ အနားစွန်းနယ်မြေ၌ စတင်ဖွဲ့စည်းပေါ်ထွက်လာပြီး နောက်ပိုင်းတွင် အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်ကြား ဂြိုဟ်သိမ်ခါးပတ်ကွင်းနယ်မြေတွင်းသို့ ရွှေ့ပြောင်းဝင်ရောက်လာခြင်းဖြစ်နိုင်သည်ဟု ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

ဘယ်လ်ဂျီယံ သုတေသနပညာရှင်များ ရှာဖွေတွေ့ရှိထားသည့် ချစ်ဆူးလက်ဘ်ဂြိုဟ်သိမ် အကြွင်းအကျန်များကို လေ့လာခဲ့ရာ ရူသီနီယမ်(Ruthenium) ခေါ် ရှားပါးသည့် ဒြပ်စင်တစ်မျိုး ပါဝင်နေသည်ကို ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။

ချစ်ဆူးလက်ဘ် ဂြိုဟ်သိမ် ရူသီနီယမ်ဒြပ်စင် ဓာတုဖွဲ့စည်းပုံအရ ၎င်းဂြိုဟ်သိမ်သည် နေအဖွဲ့အစည်းအနားစွန်းတွင် စတင်ဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်းတွင် အင်္ဂါဂြိုဟ်ကြား ဝင်ရောက်လာသည့် ဂြိုဟ်သိမ်ဖြစ်နေသည်ကို တွေ့ရကြောင်း ဘယ်လ်ဂျီယံသိပ္ပံပညာရှင်များက ပြောကြားသည်။

ချစ်ဆူးလက်ဘ် ဂြိုဟ်သိမ်သည် အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်ကြား ပင်မဂြိုဟ်သိမ်ခါးပတ်ကွင်းနယ်မြေပြင်ပမှ စတင်ပေါ်ထွက်လာသော ကာဘွန်နေးစီးယပ်ခေါ် ဂြိုဟ်သိမ်အုပ်စုဝင် ဂြိုဟ်သိမ်တစ်စင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

Ref : Russia Today
Trs : KKO

# HEALTH

## နေ့စဉ်ကော်ဖီလေးခွက်ကျော် သောက်သုံးပါက နှလုံးရောဂါများဖြစ်နိုင်ခြေ မြင့်မားနိုင်ဖွယ်ရှိ

နယူးဒေလီ ဩဂုတ် ၁၇

နေ့စဉ် ကော်ဖီလေးခွက်ကျော်ထိ သောက်သုံးပါက အသက်အန္တရာယ်ရှိသော နှလုံးရောဂါများ ဖြစ်နိုင်ခြေမြင့်မားလာနိုင်ဖွယ်ရှိကြောင်း ဩဂုတ် ၁၆ ရက် သတင်းများအရ သိရသည်။

ကဖင်းဓာတ်ကို နေ့စဉ်မီလီဂရမ် ၄၀၀ ကျော်ကို ပုံမှန်စားသုံးမှုသည် နှလုံးခုန်နှုန်းနှင့် သွေးဖိအားတဖြည်းဖြည်းမြင့်တက်လာမှုနှင့် ဆက်စပ်နေကြောင်း အိန္ဒိယသုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

ကဖင်းဓာတ်ကို အကျိုးသက်ရောက်မှုအဖြစ် နှလုံးခုန်နှုန်းနှင့် သွေးဖိအားမြင့်တက်လာပြီး သွေးကြောများပျက်စီး၍ နှလုံးကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

အိန္ဒိယသုတေသနပညာရှင်များသည် နှလုံးကျန်းမာရေးကောင်းမွန်သူ လူပေါင်း ၉၂ ဦးတို့ကို အသေးစိတ်လေ့လာမှုပြုလုပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကိုထုတ်ဖော်တင်ပြခဲ့ခြင်းဖြစ်သည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ ကဖင်းဓာတ်ကို နေ့စဉ်မီလီဂရမ် ၄၀၀ ကျော်ထိ စားသုံးသူများ၌ နှလုံးခုန်နှုန်းနှင့် သွေးဖိအားတို့ တဖြည်းဖြည်းမြင့်တက်လာသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ကဖင်းဓာတ်ကို တော်ရုံသင့်ရုံစားသုံးမှုသည် ကျန်းမာရေးအတွက် ပြဿနာမရှိဘဲ အလွန်အကျွံစားသုံးပါက ပြဿနာရှိလာနိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## လစာနည်း၍ လုပ်ငန်းခွင်ဖိအားများသူများ၌ နှလုံးခုန်နှုန်းမမှန်မှုပြဿနာပေါ်နိုင်ခြေမြင့်မား

အော့တဝါ ဩဂုတ် ၁၇

လစာနည်းပါးပြီး အလုပ်ခွင်ဖိအားများနှင့် ရင်ဆိုင်နေရသည့် ဝန်ထမ်းများမှာ နှလုံးခုန်နှုန်းမမှန်မှုပြဿနာ(Atrial Fibrillation)နှင့် ရင်ဆိုင်ရနိုင်ခြေ ပုံမှန်ထက်မြင့်မားကြောင်း ဩဂုတ် ၁၆ ရက်သတင်းများအရ သိရသည်။

ကနေဒါသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ လစာနည်း၍ လုပ်ငန်းခွင်ဖိအားကြီးမားသောဝန်ထမ်းများ၌ နှလုံးခုန်မှုမမှန်မှုပြဿနာ ပေါ်ထွက်လာနိုင်ခြေ ပုံမှန်ထက် ၉၇ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း သိရသည်။

ကနေဒါသုတေသနပညာရှင်များသည် ကနေဒါအလုပ်သမား ၅၉၀၀ ကျော်တို့၏ကျန်းမာရေးအချက်အလက်များနှင့် လုပ်ငန်းခွင်အခြေအနေများကိုနှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ လစာနည်းပါး၍ လုပ်ငန်းခွင်ဖိအားကြီးမားခြင်းသည် နှလုံးခုန်နှုန်း မမှန်မှုပြဿနာပေါ်နိုင်ခြေမြင့်မားမှုနှင့် ဆက်စပ်နေသည်ကိုတွေ့ရသည်ဟု ကနေဒါသုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

နှလုံးခုန်နှုန်းမှုမမှန်မှုပြဿနာ ပေါ်ထွက်လာခဲ့ပါက လေဖြတ်နိုင်ခြေနှင့် နှလုံးခုန်ရပ်တရက်ရပ်တန့်မှုပြဿနာတို့နောက်ဆက်တွဲအဖြစ် ပေါ်လာတတ်ကြောင်း သိရသည်။

နှလုံးခုန်နှုန်း မှုမမှန်မှုပြဿနာသည် ကမ္ဘာ့တစ်ဝန်း လူသန်းပေါင်းများစွာ ရင်ဆိုင်နေရသည့် ကျန်းမာရေးပြဿနာတစ်မျိုးဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO






# ဘုန်းမောက်အသင်းက ပေါ်တိုတိုက်စစ်မှူး အီဗန်နယ်ဆန်ကို ယူရို ၄၇ သန်းဖြင့် ခေါ်ယူ

**လန်ဒန် ဩဂုတ် ၁၇**

ဘုန်းမောက် အသင်းသည် တိုက်စစ်မှူး ဆိုလန်ကီကို စပါး အသင်းသို့ ယူရို ၆၄ သန်းဖြင့် ရောင်းချခဲ့ပြီးနောက် ပေါ်တို အသင်းတိုက်စစ်မှူး အီဗန်နယ်ဆန်ကို ကလပ်အသင်း စံချိန်တင် ပြောင်းရွှေ့ကြေး ယူရို ၄၇ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း သိရသည်။

ဘုန်းမောက်အသင်းအနေဖြင့် ဆိုလန်ကီကို စပါးအသင်းသို့ လက်လွှတ်ခဲ့ရပြီးနောက် တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် အာဆင်နယ်တိုက်စစ်မှူး အန်ကေးတီးယားကို ပြန်လည်ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရခဲ့သဖြင့် ပေါ်တိုအသင်း တိုက်စစ်မှူး အီဗန်နယ်ဆန်ကိုသာ ခေါ်ယူရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

အသက် ၂၄ နှစ်ရှိ အီဗန်နယ်ဆန်သည် အတွေ့အကြုံပြည့်ဝသည့် တိုက်စစ်မှူးတစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် ဘောလုံးရာသီက ပေါ်တိုအသင်းနှင့်အတူ ချန်ပီယံလိဂ်ပြိုင်ပွဲအပါအဝင် ပြိုင်ပွဲစုံတွင် သွင်းဂိုး ၂၅ ဂိုးနှင့် ဂိုးဖန်တီးမှုခုနစ်ကြိမ် ပြုလုပ်နိုင်ခဲ့သည့်အတွက် နည်းပြအီရာအိုလာက အသင်း၏ ရည်မှန်းချက်ကို အကောင်အထည်ဖော်ပေးနိုင်မည်ဟုယုံကြည်ထားပြီး အသင်းတွင် ကစားသမားဟောင်း ဆိုလန်ကီ၏ ကျောနံပါတ် ၉ ကို ဝင်ဆင်ကစားစေမည်ဖြစ်သည်။

ဘုန်းမောက် အသင်းသည် ယခုနွေရာသီအပြောင်းအရွှေ့တွင် ဆီနီဆက်ထရာ၊ အူနယ်၊ ဟူဂျီဆန်၊ ဂျူလီယန်အာရူဂျို၊ ပေါလ်ဆန်၊ ဂျက်ဘီဆန်တို့ကို ခေါ်ယူခဲ့ပြီးနောက် တိုက်စစ်မှူး အီဗန်နယ်ဆန်ကိုခေါ်ယူ၍ ခုနစ်ယောက်မြောက် ကစားသမားခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Goal.com**

**Trs : ML**



# အားကစားသတင်းအတိုအထွာများ

- ဘာစီလိုနာအသင်းက လူငယ်ကစားသမား ဖာရီကို ယူရို ၁၀ သန်းဖြင့် ရင်းနက်အသင်းသို့ ရောင်းချခဲ့သော်လည်း စာချုပ်တွင် ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ ဖြင့် ပြန်လည်ခေါ်ယူနိုင်သည့် သဘောတူညီချက်ပါဝင်ခဲ့ကြောင်း သိရသည်။
- ပီအက်စ်ဂျီအသင်းသည် လီဂူးဝမ်းအဖွင့်ပွဲစဉ်တွင် လီဟာဗေးအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီးနောက် အမ်ဘက်ပီခေတ်အလွန်တွင် ပထမဆုံး ဂိုးပြတ်နိုင်ပွဲရရှိခဲ့ကြောင်း သိရသည်။
- နော်တင်ဟမ်အသင်းက တယ်လာရက်စ်အသင်း တောင်ပံကစားသမား ဆိုဆာကို ပြောင်းရွှေ့ကြေး ယူရို ၁၂ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ပြီး ၂၀၂၉ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။
- ကွင်းလယ်ကစားသမား ဖိုဖန်နာသည် အေစီမီလန်အသင်းသို့ လေးနှစ်စာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ကြောင်း မိုနာကိုအသင်းက ထုတ်ပြန်ခဲ့သည်။

**ML**

# ဘန်လေအသင်းတိုက်စစ်ကစားသမား အိုဒိုဘာ့ကို စပါးအသင်း ငါးနှစ်စာချုပ်ဖြင့်ခေါ်ယူ



**လန်ဒန် ဩဂုတ် ၁၇**

စပါးအသင်းသည် ချန်ပီယံရှစ်ကလပ်သို့ တန်းဆင်းသွားသည့် ဘန်လေအသင်းမှ ကွင်းလယ်တိုက်စစ်ကစားသမား အိုဒိုဘာ့ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၅ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ပြီး လာမည့် ၂၀၂၉ ခုနှစ်ထိ ငါးနှစ်စာချုပ် ချုပ်ဆိုခဲ့သည်။

အသက် ၁၉ နှစ်ရှိ တိုက်စစ်ကစားသမားသည် ပီအက်စ်ဂျီအသင်း လူငယ်အကယ်ဒမီကစားသမားတစ်ဦးဖြစ်ပြီး ပြီးခဲ့သည့်နှစ်အောက်တိုဘာလက ချဲလ်ဆီးအသင်းနှင့်ကစားခဲ့သည့် ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ပရီးမီးယားလိဂ်တွင် အသက်အငယ်ဆုံး ဂိုးသွင်းယူနိုင်သူအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး အသင်းနှင့် ပြိုင်ပွဲစုံ ၃၅ ပွဲ ပါဝင်ခဲ့ရာတွင် သွင်းဂိုး ငါးဂိုးထိ သွင်းယူခြေစွမ်းပြသခဲ့သောကြောင့် စပါးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်ပြီး အသင်းတွင် ကျောနံပါတ် ၂၈ ကို ဝတ်ဆင်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။

စပါးအသင်းသည် လူငယ်ကစားသမားနှင့် သဘောတူညီချက်တွင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၅ သန်းအပြင် ကစားသမား၏ စွမ်းဆောင်ရည်အပေါ်မူတည်ကာ အပိုဆုကြေး စတာလင်ပေါင် ငါးသန်းကိုလည်း ထပ်မံပေးချေရမည်ဖြစ်သည်။

အိုဒိုဘာ့သည် ဥရောပထိပ်သီးကလပ်ငါးခုတွင် တစ်ဦးချင်းစွမ်းဆောင်ရည်ပြည့်ဝသည့် လူငယ်ကစားသမားတစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပြိုင်ဘက်ကို ဖြတ်ကျော်နိုင်မှု ၅၃ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သည့်အတွက် လူငယ်ကစားသမားများထဲတွင် စွမ်းဆောင်ရည်အကောင်းဆုံးဖြစ်ခဲ့ကာ ကွင်းလယ်တိုက်စစ်ပိုင်း၊ တောင်ပံတိုက်စစ်ပိုင်းနှင့် အထောင်တိုက်စစ်ပိုင်းတို့တွင်လည်း ပါဝင်ကစားနိုင်သည့် ကစားသမားဖြစ်သောကြောင့် စပါးအသင်းနည်းပြ ပိုစတီကိုဂလူက တိုက်စစ်ကစားအားထပ်မံမြှင့်တင်နိုင်ရန် ၎င်းကို ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Football London**

**Trs : ML**

# FedEx St Jude Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို မက္ကာသီနှင့် မက်ဆူယာမာတို့ ဦးဆောင်

**တန်နက်စီ ဩဂုတ် ၁၇**

အမေရိကန်နိုင်ငံ တန်နက်စီပြည်နယ် မမ်ဖစ်မြို့တွင်ကျင်းပနေသည့် FedEx St Jude Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက် ကစားသမား မက္ကာသီနှင့် ဂျပန်ဂေါက်သီးရိုက်ကစားသမား မက်ဆူယာမာတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဆမ်ဘန်းက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမားတစ်ဦးပင်ဖြစ်သည့် စကော့တီရှက်ဖလာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

မက်ဆူယာမာ၏ ကက်ဒီနှင့် နည်းပြဖြစ်သူတို့မှာ လန်ဒန်သို့ သွားရောက်စဉ် တည်းခိုသည့်နေရာတွင် ပတ်စပို့စ်အခိုးခံရ၍ ပြိုင်ပွဲရှိရာ တန်နက်စီပြည်နယ်သို့ လိုက်ပါလာနိုင်ခဲ့ခြင်း မရှိသောကြောင့် တစ်ဦးတည်း ယှဉ်ပြိုင်နေရခြင်းဖြစ်သည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် စကော့တီရှက်ဖလာသည် ပထမနေ့တွင် ရလဒ် မကောင်းခဲ့သော်လည်း ဒုတိယနေ့တွင် ရလဒ်ပိုင်း တိုးတက်လာကာ ချန်ပီယံဆုအားစိန်ခေါ်နိုင်သည့် အခြေအနေသို့ ရောက်ရှိလာကြောင်း သိရသည်။



**Ref : Xinhua**

**Trs : AZL**

# အေဗီလာအသင်းတိုက်စစ်မှူး အာချာကို ဆောက်သမ်တန်အသင်းခေါ်ယူ




**လန်ဒန် ဩဂုတ် ၁၇**

ဆောက်သမ်တန် အသင်းသည် ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ် မတိုင်မီ တိုက်စစ်ပိုင်းလိုအပ်ချက်ကို ထပ်မံဖြည့်ဆည်းနိုင်ရန်အတွက် အေဗီလာအသင်း တိုက်စစ်မှူး ကင်မရွန်းအာချာကို ပြောင်းရွှေ့ကြေး ယူရို ၁၈ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း သိရသည်။

ဆောက်သမ်တန်အသင်းသည် ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်အဖြစ် နယူးကာဆယ် အသင်းနှင့် ပွဲစဉ်မတိုင်မီ တိုက်စစ်မှူး အာချာကို ပြောင်းရွှေ့ကြေး ယူရို ၁၈ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီးနောက် သုံးနှစ်စာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်း ဖြစ်သည်။

အသက် ၂၂ နှစ်ရှိ တိုက်စစ်မှူး အာချာသည် အေဗီလာအသင်း လူငယ်အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၂၁ ခုနှစ်က အသင်းနှင့်အတူ ကွာရာဘောင်းဖလားပြိုင်ပွဲတွင် ပထမဆုံး ပွဲထွက်ခွင့်ရရှိခဲ့ရာတွင် အသင်းအတွက် ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း အသင်းနှင့် ပုံမှန်ပွဲကစားခွင့် ခက်ခဲခဲ့သောကြောင့် ချန်ပီယံရှစ်ကလပ် ပရက်စတန်အသင်းနှင့် မစ်ဒယ်ဘရော့အသင်းတို့တွင် အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ရသည်။

ထို့ပြင် ၎င်းသည် ၂၀၂၃ ခုနှစ်တွင် အင်္ဂလန် ယူ-၂၁ အသင်းနှင့်အတူ ပါဝင်ကစားခဲ့ရာတွင် အသင်းအား ဥရောပချန်ပီယံရှစ်ဖလားရရှိအောင် အဓိကနေရာမှ ပါဝင်ကူညီနိုင်ခဲ့ပြီးနောက် ရှက်ဖီး(U) အသင်းတွင် တစ်ရာသီ အငှားစာချုပ်ဖြင့် ကစားခဲ့ရပြီး အေဗီလာအသင်းနှင့် ရာသီကြိုခြေစမ်းပွဲများတွင် ပါဝင်၍ကစားခဲ့ရာတွင် ခြေစွမ်းပြသနိုင်ခဲ့သောကြောင့် ဆောက်သမ်တန်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : ML**

# WBC စူပါလိုက်ဝိတ်တန်း ယာယီကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအဖြစ် အယ်ဘာတိုအား ဆန်ဒေါ်မာတင်နှင့်ထိုးသတ်ရန် WBC အဖွဲ့ချုပ်ညွှန်ကြား




**မက္ကဆီကိုစီးတီး ဩဂုတ် ၁၇**

WBC စူပါလိုက်ဝိတ်တန်း ယာယီကမ္ဘာ့ချန်ပီယံအဖြစ် ရပ်တည်နေသည့် ဒိုမီနီကန်ရီပက်ဘလစ်လက်ဝှေ့သမား အယ်ဘာတိုအား စပိန်လက်ဝှေ့သမား ဆန်ဒေါ်မာတင်နှင့် ထိုးသတ်သွားရန် WBC အဖွဲ့ချုပ်က ညွှန်ကြားခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ဘာတိုအနေဖြင့် ယာယီကမ္ဘာ့ချန်ပီယံခါးပတ်ကို ဒုတိယအကြိမ် ကာကွယ်ထိုးသတ်ရမည်ဖြစ်ပြီး စိန်ခေါ်ပွဲထိုးသတ်သွားရန်အတွက်လည်း အယ်ဘာတိုနှင့် ဆန်ဒေါ်မာတင်တို့အကြားကြိုတင် သဘောတူညီချက် ရရှိထားပြီး ဖြစ်ကြောင်း သိရသည်။

သို့သော်လည်း လက်ရှိချန်ပီယံကာကွယ်ပွဲစဉ် ထိုးသတ်သွားမည့် အချိန်နှင့်နေရာကို သတ်မှတ်ရခြင်း မရှိသေးပဲ သဘောတူညီချက် စာချုပ်တွင် လက်မှတ်ရေးထိုးပြီးမှ အချိန်နှင့် နေရာကို သတ်မှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

WBC အဖွဲ့ချုပ်၏ဥက္ကဋ္ဌဖြစ်သူ ဆူလိုင်မန်းက “WBC စူပါလိုက်ဝိတ်တန်း ယာယီကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ဒိုမီနီကန်ရီပက်ဘလစ်လက်ဝှေ့သမား အယ်ဘာတိုနဲ့ စပိန်လက်ဝှေ့သမား ဆန်ဒေါ်မာတင်တို့ ထိုးသတ်သွားမှာဖြစ်ပါတယ်။ အချိန်နဲ့နေရာတော့ သတ်မှတ်ရခြင်း မရှိသေးပါဘူး။ နှစ်ဖက်အကြားတော့ သဘောတူညီချက် ရရှိထားပြီးဖြစ်ပါတယ်။ အယ်ဘာတိုအနေနဲ့ ဒုတိယအကြိမ်မြောက် လက်ရှိချန်ပီယံကာကွယ်ပွဲကို ထိုးသတ်သွားမှာလဲဖြစ်ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# ပရီးမီးယားလိဂ်သမိုင်း၌ ရာသီအဖွင့်ပွဲစဉ်တွင် သွင်းဂိုးအများဆုံးကစားသမားအဖြစ် ဆာလာဟ်မှတ်တမ်းဝင်

**လန်ဒန် ဩဂုတ် ၁၇**

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)အဖြစ် ယနေ့ကစားခဲ့သည့် လီဗာပူးအသင်းနှင့် ဖူလ်ဟမ်အသင်းတို့ပွဲစဉ်တွင် လီဗာပူးအသင်းတိုက်စစ်မှူး ဆာလာဟ်သည် အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ပရီးမီးယားလိဂ် ပြိုင်ပွဲသမိုင်းတစ်လျှောက် ရာသီအဖွင့်ပွဲစဉ်တွင် သွင်းဂိုးအများဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

လီဗာပူးအသင်းက အစ်ဗ့စ်အသင်းကို အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ဆာလာဟ်သည်လီဗာပူးအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး ပွဲချိန် ၆၅ မိနစ်တွင် အသင်းအတွက် ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ရာသီအဖွင့်ပွဲစဉ်များတွင် သွင်းဂိုး ကိုးဂိုးထိ ရှိလာခဲ့ပြီးနောက် သွင်းဂိုးအများဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်း ဖြစ်သည်။

ပရီးမီးယားလိဂ် ပြိုင်ပွဲသမိုင်းတစ်လျှောက် ရာသီအဖွင့်ပွဲစဉ်များတွင် သွင်းဂိုးအများဆုံး ကစားသမားစာရင်း၌ ဆာလာဟ်၏နောက်တွင် နယူးကာဆယ်အသင်း ကစားသမားဟောင်း အလန်ရှီးယား၊ ချဲလ်ဆီးအသင်း ကစားသမားဟောင်း ဖရန့်လမ်းပတ်၊ မန်ယူအသင်း ကစားသမားဟောင်း ရွန်းနီတို့က ရှစ်ဂိုး၊ မန်စီးတီးအသင်း ကစားသမားဟောင်း အဂူရို၊ မန်ယူအသင်းနှင့် စပါးကစားသမားဟောင်း ရှာရင်ဂမ်နှင့် လက်စတာအသင်း ကစားသမား ဗယ်ဗာဒီတို့က ခုနစ်ဂိုးစီဖြင့် အသီးသီး ရပ်တည်ခဲ့ကြကြောင်း သိရသည်။

Ref : The Athletic

Trs : STA

# နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၇)တွင် ရန်ကုန်ယူနိုက်တက်အသင်းက ISPEအသင်းကို အနိုင်ရရှိ



**ရန်ကုန် ဩဂုတ် ၁၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၇)အဖြစ် ယနေ့ညနေပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ရန်ကုန်ယူနိုက်တက်အသင်းက ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ဖိအားပေး ကစားနိုင်ခဲ့သော်လည်း ISPE အသင်း၏ အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခဲ့မှုကြောင့် အခက်တွေ့ခဲ့ပြီး ပွဲချိန် ၂၅ မိနစ်တွင် ခိုင်ရဲဝင်းက ISPE အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၂၈ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ရန်ကျော်ထွေးက ရန်ကုန်ယူနိုက်တက် အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် တစ်ဂိုးစီသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ထို့နောက် ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းက ပိုမိုဖိအားပေးကစားခဲ့ရာ ISPE အသင်း ခံစစ်ပိုင်းက ထိန်းချုပ်ကစားခဲ့သော်လည်း ပွဲချိန် ၅၂ မိနစ်တွင် ရန်ကျော်ထွေးနှင့် ပွဲချိန် ၆၅ မိနစ်တွင် ဒေးဗစ်ထန်းတို့က ရန်ကုန်ယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက် အသင်းက ISPE အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# ပရီးမီးယားလိဂ်ရာသီအဖွင့်ပွဲစဉ်များတွင် စွမ်းဆောင်ရည်အကောင်းဆုံးအသင်းအဖြစ် မန်ယူအသင်းရပ်တည်



**မန်ချက်စတာ ဩဂုတ် ၁၇**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ်ကစားခဲ့သည့် မန်ယူအသင်းနှင့် ဖူလ်ဟမ်အသင်းတို့ပွဲစဉ်တွင် မန်ယူအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ပရီးမီးယားလိဂ် ပြိုင်ပွဲသမိုင်းတစ်လျှောက် ရာသီအဖွင့်ပွဲစဉ်၌ စွမ်းဆောင်ရည်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်လျက် ရှိကြောင်း သိရသည်။

မန်ယူအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် ရာသီအဖွင့်ပွဲစဉ်များတွင် ဖူလ်ဟမ်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ၂၂ ပွဲထိ အနိုင်ရရှိခဲ့သကဲ့သို့ ရမှတ် ၇၀ ထိ ရရှိခဲ့ပြီး ပရီးမီးယားလိဂ် ပြိုင်ပွဲသမိုင်းတစ်လျှောက် ရာသီအဖွင့်ပွဲစဉ်များ၌ ရမှတ်အများဆုံးရရှိသည့်အသင်းအဖြစ် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။

အလားတူ မန်ယူအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုး သွင်းယူပေးနိုင်ခဲ့သည့် ဇက်ခ်ဇီးသည်လည်း မန်ယူအသင်း သမိုင်းတစ်လျှောက် အသင်းနှင့် ပွဲဦးထွက်ပွဲစဉ် ဂိုးသွင်းယူနိုင်ခဲ့သည့် ၂၂ ဦးမြောက် နယ်သာလန်လူမျိုး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

မန်ယူအသင်းကို ရှုံးနိမ့်ခဲ့သည့် ဖူလ်ဟမ်အသင်းသည် ၂၀၀၈-၂၀၀၉ ဘောလုံးရာသီနောက်ပိုင်း ပရီးမီးယားလိဂ်ပြိုင်ပွဲ အဖွင့်ပွဲစဉ်တွင် ပထမဆုံးရှုံးပွဲကြုံတွေ့ခဲ့ရကြောင်း သိရသည်။

Ref : The Guardian

Trs : STA

# Cincinnati Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် ဂျက်ဒရပ်ပါက ဖိလစ်အူကာကို အငြင်းပွားဖွယ်ရာရလဒ်ဖြင့် အနိုင်ရရှိ



**အီဒင်ဘာ့ဂ် ဩဂုတ် ၁၇**

အမေရိကန်နိုင်ငံအိုဟိုင်းယိုးပြည်နယ် စင်စင်နာတီမြို့တွင် ကျင်းပနေသည့် Cincinnati Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဗြိတိန်တင်းနစ်ကစားသမား ဂျက်ဒရပ်ပါနှင့် ကနေဒါတင်းနစ်ကစားသမား ဖိလစ်အူကာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျက်ဒရပ်ပါက (၅-၇၊ ၆-၄၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဗြိတိန်နံပါတ်(၁) တင်းနစ်ကစားသမား ဂျက်ဒရပ်ပါ၏ Volley ရိုက်ချက် တစ်ချက်သည် ၎င်း၏ကွင်းဘက်ခြမ်းမျက်နှာပြင်ကိုထိပြီးမှသာ ပြိုင်ဘက်ကွင်းဘက်ခြမ်းသို့ ရောက်ရှိသွားသည်ကို အမှတ်ပေးဒိုင်က သတိမထားမိခဲ့သဖြင့် အငြင်းပွားဖွယ်ရာအခြေအနေဖြစ်ခဲ့ရသည်။

ပြိုင်ပွဲဝင် ကစားသမားနှစ်ဦးနှင့် အမှတ်ပေးဒိုင်တို့ကြား အငြင်းပွားခဲ့ကြပြီး Cincinnati Open တင်းနစ်ပြိုင်ပွဲ၏ အငြင်းပွားဖွယ်ရာ အဖြစ်အပျက်အဖြစ် သတ်မှတ်ခံခဲ့ရပြီး အမှတ်ပေးဒိုင်၏ ဆုံးဖြတ်ချက်ကြောင့် နစ်နာခဲ့ရသည့်အတွက် ပွဲအပြီးတွင် ဖိလစ်အူကာက အမှတ်ပေးဒိုင်၏ ဆုံးဖြတ်ချက်ကို ဝေဖန်ခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်ပြီး ဂျက်ဒရပ်ပါကိုယ်တိုင်က အငြင်းပွားဖွယ်ရာ ရလဒ်အား သဘောမကျသည့်အတွက်ကြောင့် တာဝန်ရှိသူများက တရားမဝင်သည့်ရိုက်ချက်အဖြစ် သတ်မှတ်ပါက ယင်းပွဲငယ်အား ပြန်ကစားရန် အဆင်သင့်ရှိနေသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# မေတ္တာရှိန်ဟုန် ကမ္ဘာလုံးခြုံ လုံးစုံဘေးကင်းစေ

အာကာမောင်မောင်

**❖မေတ္တာနဲ့ပတ်သက်ရင် အကျိုး ၁၁ ပါးရှိပါတယ်။ မေတ္တာစိတ်ထားရှိခြင်း၊ ပို့သခြင်းဖြင့် ချမ်းချမ်းသာသာအိပ်ပျော်ပါတယ်။ ကိုယ်မှာဖောက်ပြန်မှုမရှိဘဲ ချမ်းချမ်းသာသာ အိပ်ရာကနိုးထပါတယ်။ အိပ်ပျော်နေစဉ် အိပ်မက်ကောင်းတွေကိုပဲ မြင်မက်နိုင်ပြီး ယုတ်ညံ့ရှုံ့မုန်းကြောက်လန့်ဖွယ်အိပ်မက်တွေ မမက်ပါဘူး။ လူအပေါင်းက ချစ်ခင်မြတ်နိုးပါတယ်။ မမြင်ရတဲ့ နတ်တွေကလဲ ချစ်ခင်ကြပါတယ်။ မိဘက သားသမီးကိုစောင့်ရှောက်သလို နတ်တွေကလဲ မေတ္တာပွားတဲ့သူကို စောင့်ရှောက်ကြပါတယ်။ ❖**

မြန်မာနိုင်ငံမှာ ဆယ့်နှစ်လရာသီပတ်လုံး လအလိုက်ပွဲတော်တွေ၊ဘာသာရေးအခမ်းအနားတွေ ကျင်းပလေ့ရှိပါတယ်။ ဝါဆိုလပြည့်နေ့ဆိုရင် ဓမ္မစကြာအခါတော်နေ့ သိကြသလို ဝါခေါင်လပြည့်နေ့ဆိုရင် မေတ္တာအခါတော်နေ့အဖြစ် သိမှတ်ကြပါတယ်။ မေတ္တာအခါတော်နေ့ဖြစ်ပေါ်လာပုံအကြောင်းကတော့ ဗုဒ္ဓဘာသာဝင်တိုင်း သိပြီးဖြစ်လို့ အကျဉ်းအားဖြင့်ရေးသားတင်ပြလိုပါတယ်။ ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပရခြင်းမှာ မေတ္တာသုတ်ဒေသနာကို ဝါခေါင်လအတွင်း တောအုပ်နေ ရဟန်းငါးရာတို့အား မြတ်စွာဘုရားဟောကြားတော်မူသည်ကို အထောက်အထားပြုလို့ ကျင်းပရတာဖြစ်ပါတယ်။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရားသီတင်းသုံးနေတော်မူစဉ် ရဟန်းငါးရာတို့သည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းတရားနာယူပြီး ဟိမဝန္တာတောနဲ့ တစ်စပ်တည်းရှိတဲ့ တောအုပ်ကြီးတစ်ခုအတွင်းသို့ ပထမဝါကပ်တော်မူရန် ကြွရောက်လာကြပါတယ်။

ထိုရဟန်းတော်တို့အနေနဲ့ သင့်လျော်တဲ့ ထိုထိုသစ်ပင်ရင်းတွေမှာ သီတင်းသုံးတော်မူကြပါတယ်။ ပဓာနအလုပ်ဖြစ်တဲ့ ကမ္မဋ္ဌာန်းအလုပ်ကို ကြိုးစားအားထုတ်တော်မူကြပါတယ်။ အလွန်ချမ်းအေးတဲ့အခါတွေမှာတော့ သစ်ခက်မိုးကမ္မဋ္ဌာန်းကျောင်းငယ်ကလေးတွေမှာ တစ်ကျောင်းတစ်ကျောင်းစီဝင်ပြီး ကမ္မဋ္ဌာန်းအလုပ် အားထုတ်တော်မူကြပါတယ်။ ရဟန်းတော်တွေရဲ့သီလတန်ခိုးကြောင့် ရုက္ခစိုးနတ်တွေဟာ သူတို့ရဲ့ ဘုံဗိမာန်သစ်ပင်တွေမှာ မနေနိုင်တော့ဘဲ ဘုံဗိမာန်ကဆင်းကာ ဟိုဟိုသည်သည် လှည့်လည်သွားလာနေကြရပါတယ်။ ရဟန်းတော်တွေ တစ်နေ့ပြန်နိုး၊ တစ်နေ့ပြန်နိုးနဲ့ စောင့်မျှော်ခဲ့ပါတယ်။ ရက်တော်တော်ကြာတဲ့အခါ ရုက္ခစိုးနတ်တွေဟာ ရဟန်းတော်တွေကို သည်းခံစိတ်မရှိတော့ဘဲ ကြောက်မက်ဖွယ်ကောင်းတဲ့ အဆင်းအာရုံတွေဖန်ဆင်းပြီး ညညတွေမှာ ခြောက်လှန့်ကြပါတယ်။ ထိတ်လန့်ဖွယ်ကောင်းတဲ့အသံတွေနဲ့လဲ ခြောက်လှန့်ကြပါတယ်။ စက်ဆုပ်ရွံရှာဖွယ်ကောင်းတဲ့ ဆိုးရွားတဲ့ မကောင်းတဲ့အနံ့တွေကိုလဲ ပေးကြပါတယ်။

ရဟန်းတော်တွေအဖို့ ကြောက်မက်ဖွယ်အဆင်းအာရုံ၊ ထိတ်လန့်ဖွယ်အသံအာရုံနဲ့ မကောင်းတဲ့အနံ့အသက်တွေကြောင့် ကမ္မဋ္ဌာန်းတရားအားထုတ်ကြပေမဲ့ သမာဓိမရနိုင်ဖြစ်ကြပါတယ်။ အချို့မှာ ခေါင်းခဲရောဂါတွေပင် စွဲကပ်လာပါတယ်။ ဒါကြောင့် ရဟန်းတော်တွေက ဤအရပ်က ဘေးရန်များလှပါတယ်။ မနေအပ်တဲ့အရပ်လို့ ဆန္ဒသဘောတူဆုံးဖြတ်ကြကာ မြတ်စွာဘုရားသီတင်းသုံးတော်မူရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကို ပြန်ကြလာခဲ့ကြပါတယ်။ ရဟန်းတော်တွေဟာ မြတ်စွာဘုရားထံမှောက် ရောက်ရှိတဲ့အခါ ဖြစ်ပျက်သမျှအကြောင်းစုံကို လျှောက်ထားကြပါတယ်။ အခြား သင့်တင့်လျောက်ပတ်မဲ့ နေရာကိုလဲ မေးလျှောက်ကြပါတယ်။

အဲဒီအခါ မြတ်စွာဘုရားက သင်ချစ်သားတို့ကို ထိုတောအုပ်မှတစ်ပါး အရဟတ္တဖိုလ်ပေါက်ခရီး ရောက်နိုင်တဲ့ အခြားအရပ်မရှိချေ။ ထိုတောအုပ်သို့သာ ဒုတိယဝါကပ်မီပြန်ကြဖို့ မိန့်တော်မူပြီး အရံအတားလဲဖြစ်၊ ကမ္မဋ္ဌာန်းလဲဖြစ်တဲ့ "ကရဏီယမတ္တကုသလေန" အစချီသော မေတ္တာသုတ်ဒေသနာတော်ကိုဟောကြား သင်ပေးတော်မူပါတယ်။ ရဟန်းတော်တွေလဲ အဲဒီတောအုပ်ထဲကို ပြန်ကြွသွားကြပြီး မြတ်စွာဘုရားရှင်သင်ပေးတဲ့ မေတ္တာသုတ်တော်ကို ရွတ်လျက် မေတ္တာဘာဝနာပွားများကြပါတယ်။

ရုက္ခစိုးနတ်တွေက ချစ်မြတ်နိုးကြပြီး ရဟန်းတော်တွေရဲ့ ဝတ်ကြီးဝတ်ငယ်တွေကိုပင် ပြုစုစောင့်ရှောက်ပေးကြပါတယ်။ အဲဒီမေတ္တာကို အခြေခံကာ ဝိပဿနာအလုပ်အားထုတ်ကြတဲ့အတွက် ဝါတွင်းမှာပင် ရဟန်းငါးရာစလုံး အရဟတ္တဖိုလ်ပေါက်ခရီး ရောက်ပြီး ရဟန္တာတွေဖြစ်သွားကြပါတယ်။ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေအနေနဲ့ မေတ္တာသုတ်ပါဠိတော်ကို လူတိုင်းနီးပါးရွတ်ဆိုပူဇော်ကြပါတယ်။ မေတ္တာရဲ့အကျိုး အာဘယ်မျှ အစွမ်းထက်ကြောင်းကိုလဲ စာပေတွေမှာ အများကြီးရေးသားထားရှိပြီးဖြစ်ပါတယ်။ ထို့အတူ သီချင်းတွေမှာလဲ မေတ္တာဓာတ်၊ မေတ္တာဂုဏ်နဲ့ပတ်သက်လို့ ရေးသားထားတာတွေ အများကြီးပါပဲ။ ဒီကနေ့တိုင် လူတိုင်းကြားသိနေတဲ့ မေတ္တာဂုဏ်ဆိုတဲ့သီချင်းဟာ ကိုလိုနီခေတ်ဖြစ်တဲ့ ၁၉၄၀ ပြည့်နှစ် ဒီဇင်ဘာလမှာ အေဝမ်းဆရာညွှာ ရေးခဲ့တဲ့သီချင်းဖြစ်ပါတယ်။

"ရွှေမေတ္တာ ပို့ကြထာဝစဉ်၊ အကျိုးကလျှင် ဆယ့်တစ်ပါး ပွားတာမုချပါပဲထင်၊ အိပ်တဲ့အချိန်မှာပင်၊ ဇိမ်ယူလို့ ချမ်းသာဖို့အစဉ်၊ ညတိုင်းကြိမ်ကြိမ်စက်တော့ ထက်မြက်ပါတဲ့ အိပ်မက်ကိုမြင်၊ နိုးကြပါလို့ မနက်လင်းရင် အစဉ်သုခကိုယ်စိတ်နှစ်ပါးတွင်၊ သြော် သူငါဖြစ်အင် လူတကာချစ်ခင်၊ နတ်တွေကတောင်စောင်မချင်..."။ အလွန်ကျက်သရေမင်္ဂလာနဲ့ပြည့်ဝတဲ့ သီချင်းဖြစ်ပါတယ်။ အဲဒီတော့ မေတ္တာဆိုတာဘာလဲဆိုရင် မေတ္တာဆိုတာ ဒေါသရဲ့ဆန့်ကျင်ဘက်ဖြစ်ပါတယ်။ ပုဂ္ဂိုလ်သတ္တဝါ ပညတ်ကို အာရုံပြုကာ "ချမ်းသာပါစေ၊ ဘေးရန်ကင်းပါစေ" စသဖြင့် သတ္တဝါတို့ရဲ့ ကြီးပွားချမ်းသာမှုကို လိုလားတောင့်တတဲ့ အဒေါသစေတသိက်ကိုပင် မေတ္တာဟုခေါ်သည်" လို့ ဖွင့်ဆိုထားပါတယ်။ သူတစ်ပါးကောင်းစားစေလိုတဲ့စိတ်ကို အဖန်ဖန်အထပ်ထပ် ဖြစ်ပွားအောင်ပြုလုပ်ပေးတာ၊ အာရုံပြုတာ၊ ပို့လွှတ်ပေးတာသည် မေတ္တာဘာဝနာပို့သည်မည်ပါတယ်။

ဗုဒ္ဓဘာသာတရားတော်တွေ အများကြီးထဲက ဒီကနေ့ရေးပြချင်တဲ့အကြောင်းက မေတ္တာသုတ်အကြောင်းပါ။ မေတ္တာသုတ်အဖွင့်မှာ "အကြင်လူနတ်အများ တရားကျင့်ထုံး နှလုံးထဲသို့ ချစ်ကြည်ညိုစိမ့်သျှိုဂါထာအစစ် ရွှေနှုတ်တော်လှစ်အပ်သော မေတ္တာသုတ်ပရိတ်တော်၏ တန်ခိုးရှိန်စော် အာနုဘော်ကြောင့် မြေခွဲလွှမ်းမိုး ဘုမ္မစိုးဟု ဂုဏ်တန်ခိုးထူး နတ်ဘီလူးတို့သည် ရူပ၊ သဒ္ဒ စတဲ့အဖုံဖုံ ကြောက်မက်ဖွယ်တဲ့အာရုံကို မပြကြကုန်။ အကြင် မေတ္တာသုတ် ရွှေနှုတ်မြွက်ဖော်ပရိတ်တော်ကိုလျှင် မပျင်းမရိ လုံ့လရှိသည်ဖြစ်၍ ညဥ့်၌လည်းကောင်း၊ နေ့၌လည်းကောင်း၊ အကြိမ်ကြိမ်အဖန်ဖန် ရွတ်အံ သရဇ္ဈာယ်လျက် အိပ်သောသူသည် မပင်မပန်း ချမ်းချမ်းသာသာ အိပ်ရ၏။ တစ်စုံတစ်ခုသော ယုတ်မာဆိုးကောင်း၊ မကောင်းသောအိပ်မက်ကိုလဲ မမြင်မက်၊ ဤသို့စသော ဝိသေသဂုဏ်ကျေးဇူးနဲ့ပြည့်စုံတဲ့ ထိုမေတ္တာသုတ် ရွှေနှုတ်မြွက်ဖော်ပရိတ်တော်ကို သီတင်းသုံးဖက် သမဂ္ဂပေါင်း သူတော်ကောင်းတို့ ငါတို့သည် သဒ္ဒါမပျက် အနက်မမှား မြတ်တရားကို ထပ်ပွားအာရုံ ရွတ်ဖတ်သရဇ္ဈာယ်ကြပါကုန်စို့"ဟု "ယဿာနုဘာဝတော" စသော ပရိတ်အဖွင့် နှစ်ဂါထာကို ရှေးဆရာတော်တွေ စီစဉ်ရေးသားထားခဲ့ပါတယ်။

မေတ္တာနဲ့ပတ်သက်ရင် အကျိုး ၁၁ ပါးရှိပါတယ်။ မေတ္တာစိတ်ထားရှိခြင်း၊ ပို့သခြင်းဖြင့် ချမ်းချမ်းသာသာအိပ်ပျော်ပါတယ်။ ကိုယ်မှာဖောက်ပြန်မှုမရှိဘဲ ချမ်းချမ်းသာသာ အိပ်ရာကနိုးထပါတယ်။ အိပ်ပျော်နေစဉ် အိပ်မက်ကောင်းတွေကိုပဲ မြင်မက်နိုင်ပြီး ယုတ်ညံ့ရှုံ့မုန်းကြောက်လန့်ဖွယ်အိပ်မက်တွေ မမက်ပါဘူး။ လူအပေါင်းက ချစ်ခင်မြတ်နိုးပါတယ်။ မမြင်ရတဲ့ နတ်တွေကလဲ ချစ်ခင်ကြပါတယ်။ မိဘက သားသမီးကိုစောင့်ရှောက်သလို နတ်တွေကလဲ မေတ္တာပွားတဲ့သူကို စောင့်ရှောက်ကြပါတယ်။ မေတ္တာပွားတဲ့သူကို မီး၊ အဆိပ်၊ လက်နက်တွေရဲ့ဘေးရန် မကျရောက်ပါဘူး။ မေတ္တာဘာဝနာနဲ့နေလေ့ရှိတဲ့ပုဂ္ဂိုလ်ဟာ စိတ်တည်ကြည်လွယ်ပြီး သမာဓိဖြစ်လွယ်ပါတယ်။ မျက်နှာ အမြဲပဲ ကြည်ကြည်လင်လင်ရှိပါတယ်။ အိပ်ပျော်သွားသလိုပဲ မတွေမဝေ မပင်မပန်းသေလွန်ရပါတယ်။ နိဗ္ဗာန်ကိုမရသေးသော်လည်း အခုလူ့ဘဝသေလွန်ပြီးနောက် အိပ်ပျော်ရာမှ နိုးလာသလိုပဲ ဗြဟ္မာ့ပြည်မှာ ဖြစ်ရပါတယ်။

မေတ္တာဘာဝနာပွားပြီးနေထိုင်တဲ့သူဟာ အသက်ရှင်ဆဲဘဝမှာ လူချစ်တယ်။ နတ်ချစ်တယ်။ ကြံတိုင်းအောင်ပြီး ဆောင်တိုင်းမြောက်တယ်။ ဒါကြောင့် မေတ္တာကမ္မဋ္ဌာန်းက ဘဝမှာနေဖို့ရော၊ သေဖို့ကိုပါ အားကိုးနိုင်လောက်တဲ့ ကမ္မဋ္ဌာန်းဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်းမှာရှိကြတဲ့ နိုင်ငံတိုင်းက လူသားတွေ တစ်ဦးနဲ့တစ်ဦး၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ မေတ္တာထားရှိကြမယ်ဆိုရင် ဒီကနေ့မြင်တွေ့နေရတဲ့စစ်ပွဲတွေဆိုတာ ပေါ်ပေါက်လာမှာမဟုတ်ပါဘူး။

မည်သည့်ဘာသာဝင်မဆို မေတ္တာသုတ်ကို လေ့လာကြည့်သင့်ပါတယ်။ မေတ္တာသုတ်နိဒါန်းမှာ မြတ်စွာဘုရားဟောကြားအပ်တဲ့ မေတ္တာဘာဝနာပွားများသူတို့ ပြည့်စုံရမဲ့အရည်အချင်းတွေမှာ ဖြောင့်မတ်သူဖြစ်ရမယ်။ စိတ်သဘောထားအထူးဖြောင့်မတ်ရမယ်။ ပညာရှိ သူတော်ကောင်းစကား နားထောင်လိုက်နာရမယ်။ စိတ်နှလုံးနူးညံ့ရမယ်။ မာန်မာနကင်းရမယ်။ ရောင့်ရဲနိုင်ရမယ်။ မွေးမြူလွယ်ရမယ်။ အပိုကိစ္စနည်းပါးရမယ်။ ပေါ့ပါးစွာအသက်မွေးရမယ်။ ငြိမ်သက်သော ဣန္ဒြေရှိရမယ်။ အသိပညာရင့်ကျက်မှုရှိရမယ်။ ကိုယ်၊ နှုတ်၊ နှလုံး ကြမ်းတမ်းမှုကင်းရမယ်။ ငါ့ဆွေမျိုး၊ ငါ့မိသားစုဟူသောအစွဲ ကင်းရမယ်။ ပညာရှိတွေကဲ့ရဲ့နိုင်ပါက မကောင်းသောအသေးအဖွဲ့ကိုပင် ရှောင်ကြဉ်ရမယ် ဆိုတဲ့ အချက် ၁၄ ချက်ဖော်ပြထားပါတယ်။

မေတ္တာအခါတော်နေ့ဖြစ်ပေါ်လာပုံနဲ့ပတ်သက်လို့ ရဟန်းတော်ငါးရာကို အကြောင်းပြုပြီး မေတ္တာသုတ်တော်ကို ဝါတွင်းကာလ၌ ဟောတော်မူခြင်း၊ ရဟန်းတော်ငါးရာတို့ တောအုပ်ကိုပြန်ပြီး ဝါခေါင်လ၌ ပစ္ဆိမဝါကပ်တော်မူခြင်းဆိုတဲ့ အကြောင်းအချက်တွေကို ထောက်၍ ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့အထိမ်းအမှတ်အဖြစ် သတ်မှတ်ကျင်းပနေကြတာဖြစ်ပါတယ်။ ဝါခေါင်လပြည့်နေ့ဟာ မေတ္တာအခါတော်နေ့လို့ သတ်မှတ်ထားကြပေမဲ့ မေတ္တာပို့သခြင်းဆိုတာ နေ့စဉ်နေ့တိုင်း လုပ်ဆောင်ရမှာဖြစ်ပါတယ်။ မိမိချမ်းသာချင်သလို၊ မဆင်းရဲချင်သလို အခြားသူတွေလဲ ဆင်းရဲကင်းလို ချမ်းသာလိုကြသည်ဟု မိမိကိုယ်ကို သက်သေတင်ကာ တစ်ပါးသတ္တဝါတွေအပေါ်မှာအကျိုးလိုလားမှု၊ ချမ်းသာလိုလားမှုဖြစ်လာတတ်သောကြောင့် မေတ္တာပွားရာတွင် မိမိကိုယ်ကို စတင်ပွားရပါတယ်။

မိမိကိုယ်ကိုမေတ္တာပွားပြီးနောက် မိမိလေးစားချစ်ခင်အပ်သူ၊ ဆရာ စတဲ့ပုဂ္ဂိုလ်တို့ရဲ့ သီလဂုဏ်သုတဂုဏ်၊ သမာဓိဂုဏ် စတဲ့ ချစ်ခင်ဖွယ်ကြည်ညိုဖွယ်ပြောတတ်ဆိုတတ်သောအရာဌာနတွေကို အစဉ်သတိရပြီး ဤသူတော်ကောင်း ချမ်းသာပါစေ၊ ဆင်းရဲကင်းပါစေဟုမေတ္တာပွားရပါတယ်။ ရာဂ၊ ဒေါသ၊ မောဟတွေ ထူပြောနေတဲ့ ဤခေတ်အခါသမယ၌ လူသားတို့ချမ်းသာသုခရရှိကြစေဖို့၊ တစ်ကမ္ဘာလုံး မေတ္တာဓာတ်တွေလွှမ်းခြုံနေဖို့အတွက် မင်းကွန်းတိပိဋကဆရာတော်ကြီး ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသက ဆိုလွယ်ရွတ်လွယ် ကောင်းမွန်ပြီး အဓိပ္ပာယ်ကိုချက်ချင်းသိအောင် လွယ်ကူရှင်းလင်းစွာ ရေးဖွဲ့ထားခဲ့ပါတယ်။

ဒိသာဖရဏ မေတ္တာပွားပုံဆိုပြီး အရပ် ၁၀ မျက်နှာ မေတ္တာပို့ရေးတော်မူပါတယ်။ "အရှေ့အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်းငြိမ်းကြပါစေ။ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ"ဟူ၍ အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အနောက်တောင်၊ အနောက်မြောက်၊ အရှေ့မြောက်၊ အရှေ့တောင်၊ အောက်အရပ်၊ အထက်အရပ် စသည်ဖြင့်မေတ္တာပို့ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနှံ့အပြားမှာ ကြားနေရတဲ့ ဒိသာဖရဏ မေတ္တာပို့သံဟာကြားရသူရဲ့ရင်ထဲမှာ မေတ္တာစိတ်တွေ ဖြစ်ပေါ်လာပါတယ်။ ဒေါသစိတ်ကိုပယ်ပျောက်စေပါတယ်။

အလားတူပါပဲ။ ဆရာတော်ကြီးက မေတ္တာသုတ်တော်လာမေတ္တာပွားနည်း ၁၁ နည်းကို ရေးဖွဲ့ထားပါတယ်။ မေတ္တာပွားနည်း ၁၁ နည်းထဲမှာ သဗ္ဗသင်္ဂါဟုမေတ္တာပွားနည်းတစ်နည်း။ ဒုကမေတ္တာပွားနည်းလေးနည်း၊ တိကမေတ္တာပွားနည်းသုံးနည်းနဲ့ အဟိတဒုက္ခာနာဂမပတ္တာ မေတ္တာပွားနည်းသုံးနည်း စသည်ဖြင့် ရေးသားထားပါတယ်။ ဒါက ဗုဒ္ဓဘာသာဝင်တိုင်း နေ့စဉ်ဘုရားရှိခိုးပြီးတိုင်း ပို့သနေတဲ့မေတ္တာပွားနည်းတွေဖြစ်ပါတယ်။ ဝါခေါင်လပြည့်နေ့တွင် ကျရောက်သော မေတ္တာအခါတော်နေ့တွင် မေတ္တာရှိန်ဟုန် ကမ္ဘာလုံးခြုံ လုံးစုံဘေးကင်းပါစေကြောင်း ဆုတောင်းလိုက်ရပါတယ်။

# မင်းရှိမယ့်နေရာ ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လအတွင်း မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်




ရန်ကုန် ဩဂုတ် ၁၇

Triple Six Film Production က ရိုက်ကူးထုတ်လုပ်သည့် မင်းရှိမယ့်နေရာ ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လအတွင်း မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် အဓိက သရုပ်ဆောင်အဖြစ် ပါဝင်ထားသူ သရုပ်ဆောင် အိချောပိုက ပြောပြ၍ သိရသည်။

မင်းရှိမယ့်နေရာ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဖွဲ့ရောင်နီက ရေးသားထားကာ ဒါရိုက်တာ ညွှန့်မြန်မာ ညီညီအောင်က Triple Six Film Production အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားမှာ ကျွန်မကို ဝိညာဉ်တစ်ကောင်လို့ ပြောကြတယ်။ ဝိညာဉ်ဆိုရင်လဲ မင်းရှိမယ့်နေရာမှာ မင်းနဲ့အတူရှိနေမဲ့ မင်းကို အရမ်းချစ်တဲ့ ဝိညာဉ် တစ်ကောင်ပါ။ လူသားတစ်ယောက်နဲ့ ဝိညာဉ်မလေး ဘယ်လိုချစ်မိသွားကြပြီး ဘာတွေဆက်ဖြစ်ကြမလဲဆိုတာ မကြာခင်ရုံတင် ပြသတော့မဲ့ မင်းရှိမယ့်နေရာ ဇာတ်ကားမှာ ကြည့်ရှုပေးကြပါ"ဟု သရုပ်ဆောင် အိချောပိုက ပြောပြသည်။

မင်းရှိမယ့်နေရာ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ ဘုန်းလျှံ၊ မင်းသူ၊ ဇင်မျိုး၊ မင်းညီ၊ အိချောပို၊ နန်းခင်ဇေယျာ၊ တင်ဇာဝင်းပြည့်နှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Caught Stealing ဇာတ်ကား၌ မက်စမစ်နှင့်လီအက်ရှရိုက်ဘာတို့ ပါဝင်မည်

နယူးယောက် ဩဂုတ် ၁၇

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Caught Stealing လျှို့ဝှက်သည်းဖိုဇာတ်ကား၌ မင်းသား မက်စမစ်နှင့် လီအက်ရှရိုက်ဘာတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၁၆ ရက် သတင်းများအရ သိရသည်။

Caught Stealing ဇာတ်ကားတွင် မက်စမစ်နှင့် လီအက်ရှရိုက်ဘာတို့အနေဖြင့် မင်းသား အော်စတင်ဘတ္တလာ၊ မင်းသမီး ဇိုးကရာဗစ်၊ ရက်ဂျီနာကင်းတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Cautht Stealing ဇာတ်ကားကို ကမ္ဘာကျော်ဒါရိုက်တာ ဒါရန်အာရွန်နော့စကီးက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

လက်ရှိအချိန်တွင် Caught Stealing ဇာတ်ကား၏ ဇာတ်လမ်း ဇာတ်အိမ် အသေးစိတ်ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Caught Stealing ဇာတ်ကားသည် ၁၉၉၀ ပြည့်နှစ်ကာလ နယူးယောက်ဒုစရိုက်လောကကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Caught Stealing ဇာတ်ကားရုံတင်ပြသမည့်ရက်ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO





# တိုးတိုးလေးချစ်မယ် ရုပ်သံဇာတ်လမ်းတွဲ ဩဂုတ်လအတွင်း ရိုက်ကူးမည်

ရန်ကုန် ဩဂုတ် ၁၇

SHWE NADI SHWEYI ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် တိုးတိုးလေးချစ်မယ် ရုပ်သံဇာတ်လမ်းတွဲ ဩဂုတ်လအတွင်း ရိုက်ကူးမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် အဓိက သရုပ်ဆောင်အဖြစ် ပါဝင်မည့် သရုပ်ဆောင် ပိုင်တံခွန်က ပြောပြ၍ သိရသည်။

တိုးတိုးလေးချစ်မယ် ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ဒီဒီထက်အောင်က ရေးသားထားခြင်းဖြစ်ပြီး ထက်မြက်နိုင်ဇင်နှင့် ဒီဒီထက်အောင်တို့က ဇာတ်ညွှန်းရေးသားကာ SHWE NADI SHW-EYI ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ပွင့်သိင်္ဂီဇော်က တာဝန်ယူ ပုံဖော်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ ကျွန်တော့်ရဲ့ ပထမဆုံး ဇာတ်လမ်းတွဲပါပဲ။ ဩဂုတ်လထဲမှာ စတင်ရိုက်ကူးဖို့ရှိပါတယ်။ အခုတော့



ဇာတ်ညွှန်းဖတ်ပွဲနဲ့ သရုပ်ဆောင်တွေ တွေ့ဆုံပွဲကတော့ ပြီးခဲ့တဲ့ ဇူလိုင်လထဲမှာ ပြီးခဲ့ပါပြီ။ ဒရာမာ သီးသန့် ဇာတ်လမ်းတွဲလေးပါပဲ" ဟု သရုပ်ဆောင် ပိုင်တံခွန်က ပြောပြသည်။

တိုးတိုးလေးချစ်မယ် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ပိုင်တံခွန်၊ စည်သူရဲထွဋ်၊ ရဲရင့်မောင်မောင်၊ အောင်ဘုန်းထွဋ်၊ လီလီကျော်ခိုင်၊ အမရာဘုဏ်း၊ ခင်သော်တာစံတို့အပြင် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ကြောင်း၊ အဆိုပါ ရုပ်သံဇာတ်လမ်းတွဲကို Channel+ Myanmar ရုပ်သံလိုင်းမှထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Madden ဇာတ်ကားသစ်တွင် မင်းသားကြီး နီကိုလပ်ကေ့ သရုပ်ဆောင်မည်

နယူးယောက် ဩဂုတ် ၁၇

Amazon MGM စတူဒီယို၏ Madden အမည်ရှိ ဇာတ်ကားသစ်တွင် ကမ္ဘာကျော်မင်းသားကြီး နီကိုလပ်ကေ့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၁၆ ရက် သတင်းများအရ သိရသည်။

Madden ဇာတ်ကားတွင် နီကိုလပ်ကေ့သည် အမေရိကန်ဘောလုံးနည်းပြနှင့် အားကစားအစီအစဉ်တင်ဆက်သူ ဂျွန်မက်ဒန်းအဖြစ် သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။


အဆိုပါဇာတ်ကားကို Ameri-can HusHe ဒါရိုက်တာ ဒေးဗစ်အိုရုပ်ဆဲက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Madden ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ဒေးဗစ်အိုရုပ်ဆဲကိုယ်တိုင် ရေးသားမည်ဖြစ်သည်။

Madden ဇာတ်ကား၌ နီကိုလပ်ကေ့နှင့်အတူ မင်းသား ဟက်ဂျက်မင်းလည်း ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် Madden ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Amazon MGM စတူဒီယိုက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO



# တေးရေး တေးဆို မိစန္ဒီ၏ မေးမြန်းခြင်းသည်းခံပါ တေးသီချင်း ထွက်ရှိမည်

ရန်ကုန် ဩဂုတ် ၁၇

တေးရေး တေးဆို မိစန္ဒီ၏




မေးမြန်းခြင်း သည်းခံပါ အမည်ရှိ တေးသီချင်း ဩဂုတ်လ တတိယပတ်အတွင်း ထွက်ရှိမည်ဖြစ်ကြောင်း တေးရေး တေးဆို မိစန္ဒီက ပြောပြ၍ သိရသည်။

မေးမြန်းခြင်း သည်းခံပါ အမည်ရှိ တေးသီချင်းတွင် တေးရေး တေးဆို မိစန္ဒီနှင့်အတူ တေးသံရှင် ဆုလှိုင်က တွဲဖက်သီဆိုထားပြီး အဆိုပါတေးသီချင်းကို မိစန္ဒီက ရေးဖွဲ့ထားခြင်းဖြစ်ကြောင်း သိရသည်။

"မိစန္ဒီကို အသည်းကွဲသီချင်း ထွက်စေချင်တဲ့ ပရိသတ်တွေနဲ့ တူတူ အသည်းကွဲချင်ပါတယ်။ အချိန်တွေ အကြာကြီး ချစ်ခဲ့ပြီးမှ ရင်ကွဲခဲ့ရတဲ့ အသည်းကွဲနေတဲ့ ကောင်မလေး တစ်ယောက်ရဲ့ အကြောင်းလေးပါ။ တကယ်တော့ သူ မခံစားလောက်နိုင်အောင် နာကျင်နေရလို့ မဖြေနိုင်သေးလို့ သူ့ကို မေးမြန်းခြင်း သည်းခံပါတဲ့။ လေးနှစ်နီးပါး ကြာအောင် မိစန္ဒီရဲ့ အသည်းကွဲသီချင်းတွေကိုမှ အားပေးချင်ပါတယ်ဆိုသူတွေအတွက် သီးသန့်ပါ"ဟု တေးရေး တေးဆို မိစန္ဒီက ပြောပြ၍ သိရသည်။

အဆိုပါ မေးမြန်းခြင်းသည်းခံပါ အမည်ရှိ တေးသီချင်းကိုဩဂုတ်လ တတိယပတ်အတွင်း Mi Sandi's Pabies Page, Music Online မှတစ်ဆင့် ထုတ်လွှင့်ဖြန့်ချိ သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Sterculia versicolor plants grown on more than 3,000 acres of land in Shwebo District


A sterculia versicolor plantation.

**Shwebo August 17**

Statistics of Shwebo District Agriculture Department stated that a total of 3,182 acres of Sterculia versicolor plants in Shwebo District of Sagain Region.

In 2024-25 season, Shwebo District earmarked 3,612 acres of Sterculia versicolor plants but Shwebo Township grew 98 acres of Sterculia versicolor plants, Wetlet Township 1,250 acres, KhinU Township 794 acres and Kyaukmyaung 1,040 acres, totalling 3,182 acres against the target cultivation.

Daw Zar Zar Min, Assistant Director of Shwebo District Agriculture Department said: "Local farmers grew Sterculia versicolor plants on 3,182 acres of land against the target cultivation. The plant does not choose any types of soil. So, it is necessary to expand sown acreage of plants."

In the cultivation season, Shwebo Township earmarked 100 acres of Sterculia versicolor plants, KhinU Township 750 acres, Wetlet Township 1,762 acres and 1,000 acres in Kyaukmyaung, totalling 3,612 acres.

Agriculturists urged local farmers to grow quality strains of crops and produce chemical residue of gum. 206

# Sri Lanka targets 3 mln tourists in 2025 with new global campaign

**Colombo August 17**

Sri Lankan tourism authorities are expecting 3 million foreign tourists in 2025, Sri Lanka Tourism Promotion Bureau Managing Director Nalin Perera has said.

From the second week of September, Sri Lankan tourism authorities will launch a promotional campaign covering key source markets, Perera said on Friday.

Perera said the first phase of the campaign will target China, Britain, France, Germany, and India, while the second phase of the campaign will target Russia, Australia, Japan, South Korea, Poland, Italy, as well as Scandinavia, the Middle East and the Benelux countries. These campaigns are expected to increase tourist arrivals by 700,000 next year.

Perera said over 1.2 million tourists have arrived in Sri Lanka by Aug. 12 and another 1.1 million are expected to arrive during the coming months, particularly from October to December. Sri Lanka expects to attract 2.3 million tourists in 2024.

Tourism is one of Sri Lanka's top foreign revenue generators. Sri Lanka's earnings from tourism rose to over 1.88 billion U.S. dollars in the first seven months of 2024, a 73.3-percent increase year on year, the Central Bank of Sri Lanka said in its latest weekly report. Xinhua

# Bogale Township ships up to 83,000 visses of crabs to the Yangon market in July

**Bogale August 17**

Up to 83,000 visses of crabs were sold from Bogale Township, Phapon District, Ayeyawady Region, to the Yangon market during July, said Daw Ei Ei Htay, the owner of Bogale Township's fishery product trading fair.

It is reported that Bogale Township was able to sell only 60,000 visses of crabs to the Yangon market during June, and 83,000 visses of crabs were sold in the month from July 1 to 31.

"We are selling aquatic products, including crabs, from Bogale Township to the Yangon market. Currently, in August, the fishery products shipped from this side are being bought from the Yangon market. The reason why the business is good is because of a domestic and foreign market. With the good purchase, the entrepreneurs are doing more business," she said.

Fishery products including crabs from Bogale Township are being transported to the Yangon market, and the price of crabs is between 22,500 and 29,500 kyats for ten visses. KKL


Crabs seen in a basket.

# Biden says ceasefire deal in Middle East "closer than ever"

**Washington August 17**

U.S. President Joe Biden on Friday said a ceasefire deal in the Middle East is "closer than ever," while noting that "we're not there yet."


"We are closer than we've ever been," Biden said at an event in the Oval Office of the White House, when asked whether a Gaza ceasefire deal has been reached.

The president noted that one of the reasons why he was late for the signing of the proclamation to designate the Springfield 1908 Race Riot National Monument was that he "was dealing with the ceasefire effort in the Middle East."

"We're not there yet. But we're much, much closer than it was three days ago. So keep your fingers crossed," Biden said.

A joint statement from the United States, Egypt, and Qatar released on Friday said that "over the last 48 hours in Doha, senior officials from our governments have engaged in intensive talks as mediators aiming to conclude the agreement for a ceasefire and release of hostages and detainees."

"Working teams will continue technical work over the coming days on the details of implementation, including arrangements to implement the agreement's extensive humanitarian provisions, as well as specifics relating to hostages and detainees," the statement said. Xinhua


U.S. President Joe Biden walks on the South Lawn to board Marine One at the White House in Washington, D.C., the United States, on Aug. 16, 2024.

# Hinthada Township ships 77,000 visses of hygrophila phlomoides to Yangon in July

**Hinthada August 17**

Up to 77,000 visses of hygrophila phlomoides from Hinthada Township, Ayeyawady Region were shipped to Yangon market during July, said Daw Aye Thein, an entrepreneur selling agricultural products in Hinthada Township.

Only up to 55,000 visses of hygrophila phlomoides were sold during June, and up to 77,000 tons of hygrophila phlomoides were sold in a month from July 1 to 31.

"Hygrophila phlomoides is exported to other markets through Yangon, and those who have stockpiles are doing very well. The industry is the most trading time in the market during winter and summer. The current transaction is the remaining products," she said.

In Hinthada Township, hygrophila phlomoides are mostly grown in villages close to the seashore and it has to be sprayed with the necessary insecticides and fungicides and watered if necessary. The average yield per acre of hygrophila phlomoides is 17 to 24 baskets. KKL

# More than 800 acres of banana planted in Kalay District


A large thriving banana plantation.

**Kalay August 17**

Kalay District Agriculture Department stated that a total of 896 acres of land has been placed under banana plantations in Kalay District of Sagaing Region.

So far, local farmers have grown banana plants on 896 acres of land in Kalay District in 2024-25 monsoon, accounting for a cent per cent completion of target cultivation.

U Aung, Head of Kalay District Agriculture Department said: "We earmarked cultivation of 896 acres of banana this monsoon and local farmers could meet the target cultivation. Now, farmers plant banana on the dykes of farmlands where spraying at the farmlands can affect banana plants."

This year, Kalay Township[ completed cultivation of 596 acres of banana, Kalewa Township 115 acres and Mingin Township 185 acres, totalling 896 acres.

Farmers need to spend K2 million per acre of cultural cost and they plant some 1,000 saplings per acre. They can earn some K5 million per acre.

Staff members of Kalay District Agriculture Department make field trips to farmlands for prevention of chemical residue in the plans, use of registered chemical pesticides and applying agricultural techniques.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Dabayin Township finishes cultivation of more than 50,000 acres of pulses and beans

**Dabayin August 17**

Statistics of YeU District Agriculture Department stated that a total of 50,600 acres of pulses and beans have been grown in Dabayin Township of Sagaing Region this monsoon.

Local farmers have planted 50,600 acres of pulses and beans exceeding the target of 47,703 acres in Dabayin Township this financial year.

U Zaw Myint Tun, Head of YeU District Agriculture Department said: "Local farmers have planted more than 50,000 acres of pulses and beans exceeding the target of over 40,000 acres. We have disseminated agricultural techniques to local farmers and urged them to use quality strains of crops."

In the township, farmers grew 130 acres of black bean, 31,456 acres of green gram and 19,014 acres of pigeon pea, totalling 50,600 acres.

In 2024-25 monsoon, the township earmarked cultivation of 1,672 acres of black bean, 20,787 acres in green gram, 5,043 acres of small red bean and 20,201 acres of pigeon pea, totalling 47,703 acres.

Agricultural staff helped local farmers with agricultural techniques for harvesting and boosting per-acre yield, use quality strains of crops and agricultural inputs.

206


A bean plantation.

# More than 17,000 acres of oil crops thrive in Myinmu Township

**Myinmu August 17**

A total of 17,481 acres of oil crops have been planted in Myinmu Township of Sagaing Region this monsoon, according to the statistics of Sagaing District Agriculture Department.

In 2024-25 monsoon, local farmers planted 17,481 acres of oil crops in Myinmu Township against the target of 47,060 acres of crops.

Daw Thida Lwin, Head of Sagaing District Agriculture Department said: "This year, we earmarked cultivation of more than 40,000 acres of oil crops but local farmers grew just more than 17,000 acres of oil crops. They are trying hard to meet the target cultivation. Their crops are thriving in the croplands."

This year, Myinmu Township completed cultivation of 6,375 acres of groundnut, 10,439 acres of sesame and 667 acres of sunflower, totalling 17,481 acres.

In 2024-25 monsoon, the township earmarked 25,980 acres of groundnut, 19,050 acres of sesame and 2,030 acres of sunflower, totalling 470,60 acres.

This year, the township agriculture department has provided agricultural techniques for local farmers to expand their sown acreage, use of GAP system and quality strains of crops.

Moreover, agricultural staff made field trips to croplands for prevention of pests and weeding the farms to boost per-acre yield of crops.

206

# Farmers plant more than 2,000 acres of chilli in Sagaing Region

**Sagaing August 17**

A total of 2,293 acres of chilli has been planted as monsoon crop in Sagaing Region, according to the statistics of Sagaing Region Agriculture Department.

In 2024-25 monsoon, farmers grew 2,293 acres of chilli against the target of 5,625 acres in Sagaing Region.

Dr Tin Mar Mar Oo, Assistant Director of Sagaing Region Agriculture Department said: "More than 2,000 acres of chilli has been planted against more than 5,000 earmarked acres of chilli in the region. Currently, chilli plants are thriving in the farms. Our department contributes to local farmers for growing chilli on a commercial scale."

This year, Mawlaik District has grown 44 acres of chilli, Khamti District 68 acres, Homalin District 221 acres, Naga region 772 acres, Monywa District 397 acres, Yinmabin District 248 acres, Shwebo District 131 acres, YeU District 122 acres, Kanbalu District 15 acres, Sagaing District 153 acres, Katha District 101 acres and Kawlin District 21 acres, totalling 2,293 acres.

In 2024-25 monsoon, Mawlaik District earmarked cultivation of 45 acres of chilli, Khamti District 65 acres, Homalin District 200 acres, Naga region 756 acres, Monywa District 1,199 acres, Yinmabin District 1,095 acres, Shwebo District 145 acres, YeU District 238 acres, Kanbalu District 15 acres, Sagaing District 1,729 acres, Katha District 109 acres and Kawlin District 29 acres, totalling 5,625 acres.

Staff of relevant agriculture department helped local farmers boost per-acre yield of chilli, fetch good prices in the market, use agricultural techniques, prevent pests and make natural fertilizers.

Local farmers have to cost K1.5million per acre of chilli in own land and K2.5 million on hired land. Chilli can produce some 100 viss per acre in the first week and then, 400 to 500 viss per acres for six months.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်က ကန်ဒေါ်လာ ငါးဘီလီယံတန်ဖိုးရှိ Patriot ဒုံးကျည်များ ဂျာမနီကိုရောင်းချရန် အတည်ပြု



အမေရိကန်နိုင်ငံသည် အမေရိကန်ဒေါ်လာ ငါးဘီလီယံတန်ဖိုးရှိ Patriot ဒုံးကျည်အစင်း ၆၀၀ နှင့် ဆက်စပ်ပစ္စည်းများကို ဂျာမနီနိုင်ငံသို့ ရောင်းချရန် ဩဂုတ် ၁၅ ရက်က အတည်ပြုလိုက်ကြောင်း The Defense Post သတင်းဌာနက ဩဂုတ် ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆင့်မြင့် PAC-3 MSE ဗားရှင်း Patriot ဒုံးကျည်များ ရောင်းချရန် အဆိုပြုခြင်းသည် ဥရောပတွင် နိုင်ငံရေးနှင့်စီးပွားရေးတည်ငြိမ်မှုအတွက် အရေးပါသော NATO မဟာမိတ်အဖွဲ့၏ လုံခြုံရေးကို မြှင့်တင်ပေးခြင်းဖြင့် အမေရိကန်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့် အမျိုးသားလုံခြုံရေးကို ပံ့ပိုးပေးနိုင်လိမ့်မည်ဖြစ်သည်ဟု အမေရိကန်နိုင်ငံ ကာကွယ်ရေးလုံခြုံရေး ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (DSCA) က ထုတ်ပြန်ချက်တွင်ဖော်ပြထားကြောင်း သိရသည်။

Patriot ဒုံးကျည်တွင် လက်ရှိနှင့် အနာဂတ် ခြိမ်းခြောက်မှုများကိုရင်ဆိုင်ရန် ဂျာမနီ၏စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်ပြီး ဂျာမနီတပ်မတော်အတွက် လေကြောင်းရန်ကာကွယ်ရေး ခံစစ်စွမ်းရည်ကို တိုးမြှင့်ပေးသွားမည်ဖြစ်သည်။ ထိုသို့ ဂျာမနီ၏ အမျိုးသားရေးနှင့် နယ်မြေကာကွယ်ရေးပိုင်းတွင် တိုးတက်ကောင်းမွန်ရေးအပြင် အမေရိကန်နှင့် NATO တပ်ဖွဲ့များနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်ရေးရည်မှန်းချက်ကို ပံ့ပိုးပေးနိုင်လိမ့်မည်ဖြစ်သည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဂျာမနီနိုင်ငံသို့ Patriot ဒုံးကျည်များ ရောင်းချရန် အဆိုပြုတင်သွင်းချက်ကို အတည်ပြုခဲ့ပြီး ဩဂုတ် ၁၅ ရက်တွင် DSCA သည် အရောင်းအဝယ် သဘောတူစာချုပ် လက်မှတ်ရေးထိုးရန် နောက်ဆုံးအတည်ပြုချက်ရရှိရေးအတွက် ကွန်ဂရက်သို့ လိုအပ်သောအကြောင်းကြားစာကို ပေးပို့ခဲ့ပြီးဖြစ်သည်။

ဂျာမနီနိုင်ငံသည် ရုရှားနိုင်ငံ၏ဒုံးကျည်နှင့် မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်များဖြင့် အကြိမ်ကြိမ်တိုက်ခိုက်ခံခဲ့ရသည့် ယူကရိန်းနိုင်ငံသို့ Patriot လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်နှင့် ဆက်စပ်ယာဉ်၊ ဒုံးကျည်၊ ဒုံးပစ်လောင်ချာနှင့် ဆက်စပ်ပစ္စည်းများ ဆက်တိုက်ပံ့ပိုးပေးနေရသည့်အတွက် နိုင်ငံ၏ အခြေခံအဆောက်အအုံများကို လွှမ်းခြုံကာကွယ်ပေးနိုင်မည့် လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်များ လျော့နည်းလာခဲ့ရသည်။

၂၀၂၂ ခုနှစ်က ယူကရိန်းပဋိပက္ခဖြစ်ပွားပြီးနောက် ဂျာမနီနိုင်ငံသည် သမိုင်းကြောင်းအစဉ်အလာအရ ငြိမ်းချမ်းရေးဘက်တွင် ရပ်တည်ချက် ကျဆင်းသွားခဲ့ပြီး အမေရိကန်ပြီးလျှင် ယူကရိန်း၏ ဒုတိယအကြီးမားဆုံး စစ်ဘက်ဆိုင်ရာအကူအညီများ ပံ့ပိုးပေးသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။

ဂျာမနီနိုင်ငံကို Patriot ဒုံးကျည်များ ရောင်းချရန် အတည်ပြုမှုသည် NATO ၏ ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ရာတွင် အရေးပါသော ခြေလှမ်းတစ်ရပ်ပင်ဖြစ်သည်။ ၎င်းသည် ဂျာမနီ၏ စစ်ရေးပြင်ဆင်မှုကို အားကောင်းစေရုံသာမက NATO ၏ စုပေါင်းလုံခြုံရေးမူဘောင်ကိုလည်း အားဖြည့်ပေးနိုင်မည်ဖြစ်ကာ အဖွဲ့ဝင်နိုင်ငံများသည် ခေတ်ပြိုင်လုံခြုံရေးစိန်ခေါ်မှုများကို တုံ့ပြန်ရန် စစ်ရေးစွမ်းအားများ ပိုမိုအားဖြည့်ထားခြင်းဖြစ်ကြောင်း သိရသည်။

**US Approves $5B Patriot Missile Sale to Germany ကို ဘာသာပြန်ဆိုထားပါသည်။**

## အိန္ဒိယက MQ-9B ဒရုန်းများဝယ်ယူရေး အမေရိကန်နှင့်သဘောတူညီမှု အပြီးသတ်လုပ်ဆောင်ရန် ကြိုးပမ်းနေ

အိန္ဒိယနိုင်ငံသည် ၎င်း၏တပ်မတော်အတွက် အမေရိကန်ထုတ် MQ-9B ဒရုန်း ၃၁ စင်းကိုဝယ်ယူရန်အတွက် အမေရိကန်နိုင်ငံနှင့် သဘောတူညီမှုအပေါ် အရှိန်အဟုန်ဖြင့် ဆက်လက်လုပ်ဆောင်နေရာ ယခုနှစ် ဒီဇင်ဘာလအစောပိုင်းတွင် အပြီးသတ် လုပ်ဆောင်နိုင်ရန် ကြိုးပမ်းနေပြီး General Atomics ကုမ္ပဏီမှထုတ်လုပ်ထားသည့် အဆိုပါဒရုန်းများသည် အိန္ဒိယနိုင်ငံ၏စစ်ရေးစွမ်းအားကို ခိုင်မာအားကောင်းစေမည်ဖြစ်ကြောင်း Army Recognition သတင်းဌာနက ဩဂုတ် ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

The Times of India သတင်းဌာနမှ အစီရင်ခံစာတစ်ခုအရ အဆိုပါ ဒရုန်း ၃၁ စင်းအတွက် ဆွေးနွေးမှုများသည် ယခုအခါ ထိပ်ပိုင်းအဆင့်သို့ရောက်ရှိနေပြီဖြစ်ပြီး MQ-9B SeaGuardians ၁၅ စင်းကို ရေတပ်သို့လည်းကောင်း၊ MQ-9B Sky Guardians ဒရုန်း ရှစ်စင်းကိုကြည်းတပ်နှင့် လေတပ်သို့လည်းကောင်း အသီးသီးခွဲဝေလျာထားကြောင်း သိရသည်။ တရုတ်နှင့် အိန္ဒိယတို့သည် စစ်ရေးအရ တင်းမာမှုတွင် အချိန်ကာလအားဖြင့် ငါးနှစ်ခန့် ရောက်ရှိခဲ့ပြီဖြစ်သည်။ ထိုအတောအတွင်း၌ တရုတ်နိုင်ငံသည် ပါကစ္စတန်သို့ Hong-4 နှင့် Wing Loong-II ဒရုန်းများ ရောင်းချပေးထားသေးသည်။ ထိုသို့သော အကြောင်းများကြားတွင် ယခုနှစ် ဖေဖော်ဝါရီလက အမေရိကန်သည် MQ-9B ဒရုန်း ၃၁ စင်းနှင့် ဆက်စပ်ပစ္စည်းများကို အိန္ဒိယသို့ ဒေါ်လာ ၃ ဒသမ ၉၉ ဘီလီယံခန့်ဖြင့် ရောင်းချရန် အတည်ပြုပေးခဲ့သည်။

အမေရိကန်လေတပ်၏ အဆိုအရ MQ-9B ဒရုန်းသည် လေဆာလမ်းညွှန် AGM-114 Hellfire ဝေဟင်မှ မြေပြင်ပစ်ဒုံးကျည် ရှစ်စင်းထိတပ်ဆင်နိုင်ပြီး တင့်၊ သံချပ်ကာများနှင့် တပ်ဖွဲ့ဝင်များကို ဘေးထွက်ဆိုးကျိုးအနည်းဆုံးဖြင့် တိကျစွာ တိုက်ခိုက်ချေမှုန်းနိုင်စွမ်းရှိကြောင်း သိရသည်။

MQ-9B ဒရုန်းကို ကနဦးက MQ-9B Reaper ဟု အမည်ပေးထားပြီး ယခင်က Predator ဒရုန်းဟုလည်း လူသိများသည်။ ၂၀၁၇ ခုနှစ်က အမေရိကန်လေတပ်မှ RQ-1/MQ-1 Predator ဒရုန်းများကို အသုံးပြုမှုရပ်ဆိုင်းခဲ့ပြီးနောက် MQ-9B Reaper ဒရုန်းသည် အမေရိကန် စစ်ဘက်အတွက် အဓိက ဒရုန်းတစ်မျိုးဖြစ်လာခဲ့သည်။

အိန္ဒိယနိုင်ငံသည် ယခုနှစ်ကုန်ခန့်တွင် ဒရုန်းများကို ပိုမိုကောင်းမွန်သောဈေးနှုန်းဖြင့် ဝယ်ယူသွားနိုင်ရေး ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်နေပြီး သဘောတူညီချက်ကို အပြီးသတ်အကောင်အထည်ဖော်ရန် ကြိုးပမ်းလျက်ရှိသည်။ အိန္ဒိယသည် General Atomics ကုမ္ပဏီ၏ ထုတ်လုပ်မှုစွမ်းရည်ပေါ်မူတည်၍ သဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးနောက် နှစ်အနည်းငယ်အတွင်း ပထမဆုံး MQ-9B ၁၀ စင်းကိုစတင်လက်ခံနိုင်ရန် မျှော်မှန်းထားသည်။

လေထဲတွင် အချိန်ကြာမြင့်စွာပျံသန်းနိုင်မှု၊ အမြဲမပြတ်ထောက်လှမ်း စောင့်ကြည့်ခြင်းနှင့် တိုက်ခိုက်မှုစွမ်းရည်များဖြင့် MQ-9B ဒရုန်းများသည် အိန္ဒိယစစ်ဘက်၏ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းရေးနှင့် ကင်းထောက်မှု (ISR) စွမ်းရည်များကို မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်သည်။ အမေရိကန်လေတပ်က ဒရုန်းများကို ထောက်လှမ်းရေးမျက်လုံးများအဖြစ် အဓိကအသုံးပြုကြပြီး ဒုတိယအနေဖြင့် အရေးကြီးပစ်မှတ်များချေမှုန်းသုတ်သင်ခြင်းတွင် အသုံးပြုလေ့ရှိသည်။ ထို့ပြင် ၎င်း၏ သိသာထင်ရှားသော ပျံဝဲနေနိုင်ချိန်၊ အာရုံခံကိရိယာအမျိုးမျိုးတပ်ဆင်အသုံးပြုနိုင်ခြင်း၊ ဘက်စုံနည်းလမ်းသုံး ဆက်သွယ်ရေးကိရိယာများနှင့် တိကျပဲ့ထိန်းလက်နက်များ တပ်ဆင်ထားခြင်းတို့ကြောင့် အဆိုပါဒရုန်းသည် ထောက်လှမ်းမှုနှင့် တိုက်ခိုက်မှုတို့ကို ပေါင်းစပ်ညှိနှိုင်း လုပ်ဆောင်နိုင်ရန် ထူးခြားသောစွမ်းရည်ကို ပိုင်ဆိုင်ထားကြောင်း အမေရိကန်လေတပ်က ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ကြောင့် MQ-9B ဒရုန်းများသည် သည် အိန္ဒိယသမုဒ္ဒရာအတွင်း တာဝေးပျံသန်းထောက်လှမ်းခြင်းနှင့် တိုက်ခိုက်မှုများလုပ်ဆောင်ရန် ကူညီပေးနိုင်ခဲ့ကြောင်း သိရသည်။

**India accelerates its focus on drones and is negotiating with the Americans for long-range UAVs ကို ဘာသာပြန်ဆိုထားပါသည်။**



**မင်းမျိုး**

# ရွှေတိဂုံစေတီတော်၏ လုံးတော်ပြည့်ရွှေသက်န်းကပ်လှူပူဇော်ပွဲကို စက်တင်ဘာလတွင် စတင်နိုင်ရေး ဆောင်ရွက်နေ



ရန်ကုန် ဩဂုတ် ၁၇

ရွှေတိဂုံစေတီတော်၏ လုံးတော်ပြည့်ရွှေသက်န်း ကပ်လှူပူဇော်ပွဲကို စက်တင်ဘာတွင် စတင်နိုင်ရေး ဆောင်ရွက်နေကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ သတင်းများအရ သိရသည်။

ရွှေတိဂုံစေတီ လုံးတော်ပြည့် ရွှေသက်န်းကပ်လှူပူဇော်မှု ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့တင်ပြထားပြီး ၂၀၂၄ ခုနှစ် စက်တင်ဘာတွင် စတင်ဆောင်ရွက်နိုင်ရန် စီစဉ်နေခြင်းဖြစ်ကြောင်း၊ ယခုအကြိမ် လုံးတော်ပြည့်ရွှေသက်န်း ကပ်လှူပူဇော်ရာတွင် ရွှေတိဂုံစေတီပစ္စယာရင်ပြင်တော်ရှိ ရွှေချထားသည့် ဇရိယာများတွင်လည်း ရွှေဆိုင်းအသစ်များ ပြန်လည် ကပ်လှူသွားမည်ဖြစ်ကြောင်း၊ ထိုသို့ လုံးတော်ပြည့် ရွှေသက်န်း ကပ်လှူပူဇော်နိုင်ရန် အတွက် ယခုနှစ် စက်တင်ဘာတွင် ငြမ်းဆင်ခြင်းလုပ်ငန်းများ စတင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရွှေတိဂုံစေတီတော် လုံးတော်ပြည့် ရွှေသက်န်းကပ်လှူပူဇော်ရာတွင် ရွှေစင်ရွှေပြား ၁၀ လက်မပတ်လည်ရွှေတစ်ကျပ်သားတစ်ချပ်လျှင် ငွေကျပ် ၂၅ သိန်း၊ ရွှေစင်ရွှေပြားတစ်ပေပတ်လည်ရွှေခြောက်ကျပ်သား တစ်ချပ်လျှင် ငွေကျပ်သိန်း ၁၅၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။

ရွှေတိဂုံစေတီတော်သို့ ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင် လကုန်ထိ ပြည်တွင်း၊ပြည်ပဘုရားဖူးဧည့်သည် ၃ ဒသမ ၇ သန်းကျော် လာရောက်ဖူးမြော်ကြည်ညိုခဲ့ကြောင်း သိရသည်။

(၃၃၆)

# ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ကလေးဝ ဩဂုတ် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကလေးဝမြို့နယ်တွင် ပဲတီစိမ်း ၆၈၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၃၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာ ပဲတီစိမ်း ၆၈၂ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၆၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားချက်ကေပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ပဲတီစိမ်းတိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ပညာပေးတာတွေရှိပါတယ်"ဟု ကလေးဝမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးမျိုးနိုင်က ပြောပြသည်။



ယခုနှစ် ကလေးဝမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကလေးဝမြို့နယ်တွင် ပဲမျိုးစုံစိုက်ပျိုးရာ၌ ပဲသီးနှံအထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိပ်သိမ်းချိန်လွန် နည်းပညာပေးခြင်း စသည်များကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မင်းဘူးမြို့နယ် သမထီးကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေး

မင်းဘူး ဩဂုတ် ၁၇

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် သမထီးကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ခံအင်ဂျင်နီယာများက သမထီးကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းတွင် DCP တိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

သမထီး ကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်း အရှည် တစ်မိုင်သုည ဒသမ ၆၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း၊ Pipe Culvert နှစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၉၅ ဒသမ ၁၁၈ သန်းဖြင့် Shwe Group ကုမ္ပဏီက ယခုနှစ် ဇွန် ၁၅ ရက်မှ စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုထံမှ သိရသည်။ **ဇင်မာ**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၇-၈-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ဧမ္မဇေယျာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၇၀၀၀/၁၇၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၄၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၁၉၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၆၃၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၉၈၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၁၂၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# နိုင်ငံတကာစစ်ဘက်နည်းပညာဖိုရမ်(International Military Technical Forum) (ARMY-2024)သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ



**နေပြည်တော် ဩဂုတ် ၁၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ကူဘင်ကာဒေသတွင် ကျင်းပခဲ့သည့် နိုင်ငံတကာစစ်ဘက်နည်းပညာဖိုရမ်(International Military Technical Forum)(ARMY-2024) သို့တက်ရောက်ခဲ့ပြီး ယမန်နေ့ညပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံရုံးမှ စစ်သံမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြသည်။





ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၂ ရက် နံနက်ပိုင်းတွင် နိုင်ငံတကာစစ်ဘက်နည်းပညာဖိုရမ် (International Military Technical Forum)(ARMY-2024)ဖွင့်ပွဲအခမ်းအနားနှင့် မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ Vladimir Putin က Video Conferencing ဖြင့် မိန့်ခွန်းပြောကြားခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးက အဖွင့်အမှာစကားပြောကြား၍ Army Forum 2024 ကိုဖွင့်လှစ်ပေးခဲ့သည်။ ယင်းနောက် ဖိတ်ကြားထားသောကုမ္ပဏီများမှ တာဝန်ရှိသူများက သက်ဆိုင်ရာပြခန်းအသီးသီးတွင် ပြသထားသည့် စစ်လက်နက်ပစ္စည်းများထုတ်လုပ်မှုအခြေအနေ၊ ထုတ်လုပ်ထားရှိသည့် စစ်လက်နက်ပစ္စည်းများ၏ စွမ်းဆောင်နိုင်မှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြပြီး ပြခန်းအတွင်းခင်းကျင်းပြသထားသည့်စစ်လက်နက်ပစ္စည်းများ၊ စစ်သုံးယာဉ်များကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဩဂုတ် ၁၃ ရက် နံနက်ပိုင်း၌ Army 2024ဖိုရမ်ပြခန်းများခင်းကျင်းပြသထားမှုကို ဒုတိယနေ့အဖြစ် သွားရောက်ကြည့်ရှုခဲ့ရာ သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများက သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ်နှင့် ခေတ်သစ်စစ်ပွဲတွင် အသုံးပြုနေသည့် သတင်းလုံခြုံမှုစနစ်ဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ Drone နှင့် Anti Drone နည်းပညာဆိုင်ရာပစ္စည်းများ၊ အဆင့်မြင့်ထုတ်လုပ်ထားသည့် လက်နက်၊ ခဲယမ်းဆိုင်ရာပစ္စည်းများကို ရှင်းလင်းတင်ပြခဲ့ပြီး ပြခန်းအတွင်းပြသထားသည့် တိုက်ခိုက်ရေးယာဉ်များ၊ စစ်လက်နက်ပစ္စည်းများ၊ UAV နှင့် Drone များကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကာကွယ်ရေးဝန်ကြီး မစ္စတာ အန်ဒရီဘီလူဆော့ဗ်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆိုင်ရာနယ်ပယ်ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေး၊ စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရေး၊ ပညာတော်သင် သင်တန်းသားစေလွှတ်ရေးနှင့် မြန်မာနိုင်ငံနှင့်ဒေသတွင်းလတ်တလောဖြစ်ပေါ်နေမှုအခြေအနေတို့ကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဩဂုတ် ၁၄ ရက်တွင် မြန်မာသံရုံးသို့ သွားရောက်ပြီး သံအမတ်ကြီး၊ စစ်သံမှူး (ကြည်း၊ ရေ၊ လေ)နှင့် သံရုံးဝန်ထမ်းများ၊ စစ်သံရုံးမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအားပေးနှုတ်ဆက်၍ နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး သံရုံး၊ စစ်သံရုံး မိသားစုများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ကူဘင်ကာဒေသတွင် ဩဂုတ် ၁၂ ရက်မှ ၁၄ ရက်ထိကျင်းပခဲ့သည့် Army 2024 ဖိုရမ်တွင် ခေတ်မီနည်းပညာဆိုင်ရာ ပြခန်း ၁၅၀၀ ကျော်ပြသခဲ့ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးအဆင့် ၂၁ ဦးအပါအဝင် နိုင်ငံ ၅၂ နိုင်ငံမှ ကာကွယ်ရေးဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ် အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပဲခူးတိုင်းဒေသကြီး၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ပဲခူးမြို့နယ် ဘုရားကြီးမြို့အဝင်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မျိုးဘဲဖြန့်ဖြူးရေးခြံ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ခြံတာဝန်ခံက မျိုးမြှင့်ဥစားဘဲ မိဘမျိုးများမွေးမြူထားရှိမှု၊ မလေးရှားကာကီကမ်းဘဲလ်(PS) ဥစားဘဲမျိုးသားပေါက်များထုတ်လုပ်၍ ဒေသနေဘဲမွေးတောင်သူများကို(F-1)အဆင့် ဥစားဘဲမျိုးသားပေါက်များ ဖြန့်ဖြူးပေးနေမှုတို့ကို ရှင်းလင်းတင်ပြသည်။



တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မျိုးမြှင့်ဥစားဘဲမျိုးများကို ဒေသနေဘဲမွေးမြူရေးလုပ်ကိုင်သူများလိုအပ်သည့် ဘဲသားပေါက်ပမာဏ ပြည့်မီစွာရရှိရေး၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ ရင်းနှီးမတည်မှုနှင့် ထုတ်လုပ်မှုစရိတ်ကာမိစေရေးစီမံဆောင်ရွက်ရန် လိုအပ်ချက်များ၊ ဒေသ၏ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် မိသားစုတိုင်း တစ်နိုင်တစ်ပိုင် မွေးမြူလုပ်ကိုင်သည့် အလေ့အထထွန်းကားလာစေရေး အားပေးမြှင့်တင်ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် စက်မှုလယ်ယာဦးစီးဌာန စက်မှုလယ်ယာသင်တန်းကျောင်း (ဘုရားကြီး)သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးမှာကြားကြသည်။

ဘုရားကြီးမြို့ စက်မှုလယ်ယာသင်တန်းကျောင်းမှ ၂၀၁၁-၂၀၁၂ မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ထိ ဖွင့်လှစ်ခဲ့သည့် ဌာနတွင်း သင်တန်း ၁၃ မျိုး၏ သင်တန်း ၆၆၈ ကြိမ်တွင် သင်တန်းသား ၄၄၉၀၁ ဦး၊တောင်သူသင်တန်း ခြောက်မျိုးမှ သင်တန်း ၁၀၆၅ ကြိမ်တွင် သင်တန်းသား ၃၆၄၆၈ ဦးကို သင်ကြားလေ့ကျင့်ပေးနိုင်ခဲ့ပြီး တောင်သူသင်တန်းသား ၈၅ ရာနှုန်းမှာ လုပ်ငန်းခွင်ဝင်ရောက်လျက်ရှိကြကြောင်း သိရသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ပဲခူးမြို့ ကတွင်းခြံကျေးရွာအုပ်စု မိုးစပါးရေကြီးနစ်မြုပ်တောင်သူများကိုသွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေး၊ ဆီထွက်သီးနှံနေကြာ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရတို့က ပံ့ပိုးကူညီသွားမည့် အစီအစဉ်များကို ဆွေးနွေးပြောကြားကာ မိုးစပါးရေကြီးနစ်မြုပ်တောင်သူများအတွက် မျိုးစပါးနှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်မြို့ တိုင်းရင်းသားကျေးရွာရှိ ပြည်ထောင်စုခန်းမ၌ ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား ကျင်းပ



**ရန်ကုန် ဩဂုတ် ၁၇**

ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို သာကေတမြို့နယ် တိုင်းရင်းသားကျေးရွာရှိပြည်ထောင်စုခန်းမ၌ ယနေ့နံနက်ပိုင်းကကျင်းပရာ ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဗဟိုအကြံပေးခေါင်းဆောင် ဦးစောထွန်းအောင်မြင့်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် စောဒန်နီရယ်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ တိုင်းဒေသကြီးဌာနဆိုင်ရာများနှင့် ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေး အဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် စောဒန်နီရယ်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးတို့က ဖားစည်ကိုးချက်တီးကာ ကရင်လူငယ်များက ကျွဲချိုမှုတ်၍ အခမ်းအနားကိုဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က အဖွင့်နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်နှင့် ဧည့်သည်တော်များသည် ကရင်တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကိုဆက်လက်ပြုလုပ်ရာ ကရင်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်း လူငယ်များက ချည်ဖြူဖွဲ့ပစ္စည်းများသယ်ဆောင်ခြင်း၊ ချည်ဖြူဖွဲ့ပေးမည့် ဘိုးဘွားများအား စနစ်တကျဖိတ်ခေါ်ခြင်းများဆောင်ရွက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်နှင့် ဧည့်သည်တော်များကို ဘိုးဘွားများက ကရင်ရိုးရာချည်ဖြူဖွဲ့ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေး အဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့က ကရင်တိုင်းရင်းသားရိုးရာဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြပြီး အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**



# အာဆီယံ-တရုတ် ရက်သတ္တပတ်၂၀၂၄ နှင့် ဆက်စပ်လေ့လာရေးခရီးစဉ်များ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ပါဝင်တက်ရောက်



**နေပြည်တော် ဩဂုတ် ၁၇**

အာဆီယံ-တရုတ်စင်တာနှင့် ရှန်းရှီး ပြည်နယ်အစိုးရတို့ ပူးပေါင်းကျင်းပသည့် အာဆီယံ-တရုတ် ရက်သတ္တပတ်-၂၀၂၄ နှင့် ဆက်စပ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်းရှီးပြည်နယ်အတွင်းရှိ ထင်ရှားသော ခရီးစဉ်ဒေသများနှင့် စီးပွားရေးလုပ်ငန်းများ လေ့လာရေးခရီးစဉ်ကို ဩဂုတ် ၁၃ ရက်မှ ၁၅ ရက်ထိ ဆက်လက်ပြုလုပ်ခဲ့ရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

ဩဂုတ် ၁၃ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့် အတူ ချန်းကျီးမြို့နယ်တွင် ၂၀၁၄ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့သည့် တုန်းတိအန်းရှာ သဘာဝအလှရှုခင်းနေရာသို့ သွားရောက်၍ လာရောက်လည်ပတ်သည့် ခရီးသွား ဧည့်သည်များအတွက် တောင်ခြေမြစ်ကမ်းဘေးလမ်းလျှောက်ခြင်း၊ ရေတံခွန်နှင့် မြစ်အတွင်းလှေစီးခြင်း၊ ကေဘယ်ကားဖြင့် တောင်တက်ခြင်း၊ မှန်လျှောက်လမ်းဖြင့် တောင်ခါးပန်းအတိုင်း လမ်းလျှောက်ခြင်းနှင့် တုန်းတိအန်းရှာတောင်တန်းပတ်ဝန်းကျင် သဘာဝအလှအပများကို ကြည့်ရှုခံစားနိုင်သည့် View Point နေရာများဖန်တီးပြုလုပ်ထားမှုအခြေအနေများကို လေ့လာကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကောင်းကဲဟွာယဲ့အုပ်စုစက်ရုံမှ LED များ အလိုအလျောက်စနစ်ဖြင့် ပုံစံဒီဇိုင်းမျိုးစုံထုတ်လုပ်နေမှုများကိုလည်းကောင်း၊ ချိန်ကုန်းကားထုတ်လုပ်သည့်စက်ရုံမှ Victory အမှတ်တံဆိပ်ဖြင့် မော်တော်ကားများထုတ်လုပ်နေမှုအခြေအနေများကိုလည်းကောင်း၊ ညနေပိုင်းတွင် ချန်းကျီးအမျိုးသားစိမ့်စမ်းမြေဥယျာဉ်တွင် ဧည့်သည်များအတွက် စိတ်ဝင်စားဖွယ်များ စီစဉ်ထားရှိမှုအခြေအနေများကိုလည်းကောင်း လေ့လာကြည့်ရှုခဲ့သည်။

ဩဂုတ် ၁၄ ရက်တွင် ချန်းကျီးမြို့မှ ပြန်လည်ထွက်ခွာခဲ့ပြီး ရှန်းရှီးပြည်နယ်၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဒေသတစ်ခုဖြစ်သော ဖျင်ယောင်းရှေးဟောင်းမြို့ရှေးရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်နေမှု၊ မြို့ရိုးတစ်လျှောက်နှင့် ရှေးဟောင်းမြို့အတွင်း လာရောက်လည်ပတ်သည့် ပြည်တွင်း၊ပြည်ပခရီးသွားဧည့်သည်များအတွက် သက်ဝင်လှုပ်ရှားမှုရှိသည့် ယဉ်ကျေးမှုများ(living cultures)ဖြင့် ကမ္ဘာ့အမွေအနှစ်တစ်ခုကို ခရီးသွားလုပ်ငန်းအတွက် အဓိကအရင်းအမြစ်အဖြစ် ပြန်လည်အသုံးချနေမှု၊ တရုတ်နိုင်ငံတွင် ထူးချွန်ထက်မြက်သူများကို ကွန်ဖြူးရှပ်ဘုရားကျောင်းတွင် ရွေးချယ်လေ့ကျင့်သင်ကြားပေးခဲ့မှုများနှင့် ကွန်ဖြူးရှပ်ဘုရားကျောင်းသို့ ခရီးသွားဧည့်သည်များ လာရောက်ကြည့်ရှုရန် စီစဉ်ဆောင်ရွက်ထားမှု၊ ၁၉ ရာစုနှင့် ၂၀ ရာစုအစောပိုင်းတွင် တရုတ်နိုင်ငံ၏ ဘဏ်နှင့်ငွေကြေးကဏ္ဍ၌ ဖျင်ယောင်းရှေးဟောင်းမြို့မှ ဘဏ်လုပ်ငန်းကို စတင်ကျင့်သုံးဆောင်ရွက်ခဲ့မှု၊ ဖျင်ယောင်းရှေးဟောင်းမြို့၏ ထင်ရှားသောလက်မှုအနုပညာဖြစ်သည့် ယွန်းထည်ပစ္စည်းများထုတ်လုပ်မှုအဆင့်ဆင့်နှင့် ယွန်းထည်ပြတိုက်နှင့် ခင်းကျင်းပြသရောင်းချနေမှုများကို လေ့လာခဲ့သည်။

ညနေပိုင်းတွင် ရှန်းရှီးပြည်နယ်၏ သမိုင်းနှင့် ယဉ်ကျေးမှုကို ပိုမိုနားလည်သဘောပေါက်စေနိုင်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ရည်ရွယ်ပြသသည့် ယဉ်ကျေးမှုကပြဖျော်ဖြေပွဲသို့ပါဝင်ကြည့်ရှုခဲ့သည်။

ဩဂုတ် ၁၅ ရက်တွင် ဖျင်ယောင်းမြို့မှ ထိုက်ရွမ်မြို့သို့ထွက်ခွာခဲ့ပြီး တရုတ်နိုင်ငံ၏ ကုန်သွယ်လုပ်ငန်း၊ ဘဏ်လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များတွင် ချောင်မိသားစုက အဓိကအခန်းကဏ္ဍမှပါဝင်ဆောင်ရွက်ခဲ့မှုများ၊ ချောင်မိသားစုများ၏ လူနေမှုစနစ်နှင့်နေအိမ်များသို့ ပြည်တွင်း၊ပြည်ပခရီးသွားဧည့်သည်များလာရောက်လေ့လာလည်ပတ်မှု အခြေအနေများကိုလည်းကောင်း၊ ဟုန်းဟိုင်ဖန်လုပ်ငန်းက မိရိုးဖလာနည်းစနစ်မှ ခေတ်မီဆန်းသစ်သောနည်းစနစ်များဖြင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို ခေတ်မီလှပစွာထုတ်လုပ်နေမှုအဆင့်အဆင့်၊ ဖန်ပစ္စည်းပြခန်းဖွင့်လှစ်ပြသမှုနှင့် ရောင်းချနေမှုများကိုလည်းကောင်း၊ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်၍ သုန်းဟူဗနီဂါဥယျာဉ်မှ ထိုက်ရွမ်ဒေသထွက် ကောက်ပဲသီးနှံများဖြင့် ကျန်းမာရေးအတွက် အထူးသင့်လျော်သော ဗနီဂါထုတ်လုပ်ပုံအဆင့်ဆင့်နှင့်အစားအသောက်ချက်ပြုတ်ခြင်းများကို လေ့လာကြည့်ရှုခဲ့သည်။

ဩဂုတ် ၁၆ ရက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထိုက်ရွမ်မြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ရှေ့ဖုံးမှအဆက်

စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း လေ့လာကြည့်ရှုကြသည်။

ထို့နောက် ဘုရားဖူးလာအဖွဲ့ဝင်များသည် ရှင်းလင်းဆောင်၌ ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းကြရာ ဘုရားဂေါပကအဖွဲ့တာဝန်ရှိသူက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဘုရားဖူးလာအဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ထားရှိသည့် မော်ကွန်းတိုက်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ်ပြသထားမှု၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပပြုလုပ်ခဲ့သည့် မဟာမင်္ဂလာအခမ်းအနားများတွင် အသုံးပြုခဲ့သည့် ပစ္စည်းများ၊ ဘုရားရှင်ဓာတ်တော်၊ ရဟန္တာဓာတ်တော်များထည့်သွင်းပူဇော်ခဲ့သည့် ရွှေဖလားများ၊ မာရ ဝိဇယဆင်းတုတော်ကြီးအား အစိတ်အပိုင်းလေးပိုင်းခွဲ၍ တည်ဆောက်ထားသော ဆင်းတုတော်ပုံစံငယ်များ၊ မြန်မာ့ရိုးရာပန်းဆယ်မျိုးလက်ရာ ပုံစံငယ်များ၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်မှု မှတ်တမ်းတင်ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြပြီးအခြားသာသနိကအဆောက်အအုံများအား ဆက်လက်ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။

အလားတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများလည်း လာရောက်ဖူးမြော် ကြည်ညိုလျက်ရှိကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

ဒေါက်တာထွန်းတင့်

## မြန်မာဗျည်းအက္ခရာများ

မြန်မာဘာသာတွင် ကကြီးခခွေးဟူသော ဗျည်းအက္ခရာနှစ်လုံးကို အစပြု၍ ဗျည်းအက္ခရာသုံးဆယ့်သုံးလုံးရှိသည်ဟု သတ်မှတ်ခဲ့ကြသည်။ ထိုဗျည်းအက္ခရာများကို ကျနသေချာမတတ်သေးလျှင် မြန်မာတစ်ယောက်အဖို့ လူရေးလူရာ၊ လူ့ကိစ္စ၊ လူ့အရည်အသွေးညံ့နေသည်ဟု ဆိုလိုသည်။ ထိုဗျည်းအက္ခရာများကို ကျနသေချာ လေ့လာတတ်သိပြီးလျှင် မြန်မာဗျည်းများ၊ မြန်မာသရများကို တိုးတက်လေ့လာ တတ်မြောက်သင့်သည်ဟု မှတ်ယူရမည်။



က/ ကခွေးကြီး /

က သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် အစအဦးဗျည်းအက္ခရာဖြစ်သည်။ ကကြီး ဟုခေါ်သည်။ က ခ ဂ ဃ င ဟူသော ကဝဂ်ဗျည်းအက္ခရာ ငါးလုံးတွင် ပထမဗျည်းအက္ခရာဖြစ်သည်။ ထို့ကြောင့် ပထမက္ခရာဟုတွင်သည်။ သံနှံ့သံထင်ဟူသော အသံနှစ်မျိုးတွင် သံနှံ့ဖြစ်သည်။ သံနှံ့ သံထင်ကို သံညင်း သံပြင်းဟုလည်း ဆိုကြပြန်ရာ က သည် သံညင်းဖြစ်သည်။ ပါဠိဘာသာအားဖြင့် အဃောသအက္ခရာ ဖြစ်သည်။ ကဝဂ်ဗျည်း ငါးလုံးတွင် က ခ င သုံးလုံးသည် သံနှံ့များဖြစ်သည်။ သံညင်းများဖြစ်သည်။ သံနှံ့သံညင်းများဖြစ်သော ကနှင့် ခတွင်လည်း က သည် သံလျော့၊ ခ သည် သံတင်းဖြစ်သည်။ ပါဠိဘာသာဖြင့် သံလျော့ကို သိထိလ၊ သံတင်းကို ဓနိတဟုခေါ်သည်။ အနက်အဓိပ္ပာယ်အရ သုဒ္ဓဗျည်း၊ ကာရိုက်ဗျည်းဟုနှစ်မျိုးရှိရာ က သည် သုဒ္ဓဗျည်း၊ ခ သည် ကာရိုက်ဗျည်းဖြစ်သည်။ ပါဠိဘာသာတွင် က ခ ဂ ဃ င ဟူသော ကဝဂ်ဗျည်းများသည် လည်ချောင်းတွင်ဖြစ်သော ဗျည်းများဟုဆိုသည်။ မြန်မာဘာသာတွင်မူ ကဝဂ်ဗျည်း ငါးလုံး၏ အသံဖြစ်ရာ ဌာန်သည် အာခေါင်ပျော့ဖြစ်သည်။ ထို့ကြောင့် က ကို အာခေါင်ပျော့ဗျည်းဟု မှတ်ယူရမည်။ ခံတွင်းထဲတွင် အပေါ်ဘက်အခြမ်းသည် အာခေါင်ဖြစ်သည်။ အာခေါင်တွင် ရှေ့ပိုင်းသည် အာခေါင်မာ ဖြစ်သည်။ နောက်ဘက်ပိုင်းသည် အာခေါင်ပျော့ဖြစ်သည်။ အာခေါင်မာသည် မလှုပ်ရှားနိုင်။ အာခေါင်ပျော့သည် လှုပ်ရှားနိုင်သည်။

ကကြီးဟူသော အမည်နှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် "ကကြီး ဃကြီး ဏကြီး ဋ္ဌကြီး ဟူသောဗျည်းတို့၏ သင်္ကေတသည် အကြီး ဟူသည်ကိုလိုက်၍ ခပ်သိမ်းသော အက္ခရာတို့ထက် ကြီးမြတ်၏ မယူလို။ ကကြီး ဃကြီး အက္ခရာတို့သည် မိမိတို့၏ ဝဂ်ဗျည်းအစု၌ ပမာဏအရာအားဖြင့် ကျယ်သည် ပြန့်သည်ကိုသော်လည်း ယူသင့်၏။ ဂငယ် ဟူသည်ကို ထောက်၍ ထိုဂငယ်ထက် နှစ်ပြန်မျှသောအရာပမာဏ ကျယ်သည် ပြန့်သည်ကိုထောက်၍ ကကြီး ဃကြီး၊ ဤ ကကြီး ဃကြီးမှ ထောက်၍ ထက်ဝက်မျှသော အရာပမာဏ အပြန့်ကျဉ်းသောကြောင့် ဂငယ် ဟူ၍ စူဠပုဏ်၊ မဟာပုဏ်၊ စူလပန် မဟာပန် စသည်ကဲ့သို့ ကကြီး ဟူသော်လည်း ခပ်သိမ်းစုံထက်မကြီး၊ ဂငယ်ဟူသော်လည်းခပ်သိမ်းစုံအောက်မငယ်၊ တစ်ခုမှထောက်၍သာ တစ်ခုကြီး၏၊ တစ်ခုငယ်၏ ဟူ၍လည်း ယူသင့်၏"ဟု ရှင်းပြခဲ့ပါသည်။

ကကြီးသည် စုတ်ချက်နှစ်ချက်ဆွဲအက္ခရာ ဖြစ်သည်။



ခ/ ခါခွေး /

ခ သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် နှစ်လုံးမြောက်ဗျည်းအက္ခရာဖြစ်သည်။ ခခွေးဟု ခေါ်သည်။ ကဝဂ်ဗျည်းအက္ခရာ ငါးလုံးတွင် ဒုတိယဗျည်းအက္ခရာဖြစ်သောကြောင့် ဒုတိယက္ခရာဟု ခေါ်သည်။ သံနှံ့သံတင်းဗျည်း ဖြစ်သည်။ သံညင်းသံတင်းဗျည်းဟုလည်း ခေါ်ကြသည်။ အဃောသဓနိတဗျည်းဖြစ်သည်။ အနက်အဓိပ္ပာယ်အရ ကာရိုက်ဗျည်းဖြစ်သည်။ အာခေါင်ပျော့ဗျည်းဖြစ်သည်။ ခခွေးဟူသော အမည်ကို မြန်မာတို့က မှည့်ခေါ်ထားခြင်းဖြစ်သည်။ ခခွေးဟူသော အမည်နှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် "အောက်အစ အထက်အစကို မစပ်စေဘဲ အတန်ငယ်အတွင်းသို့ ခွေညွတ်၍ ရေးခြင်းသည်သင့်၏။ ဤအရာ၌အတွင်းသို့ ခွေညွတ်သည်ကိုထောက်၍ ဝိသဇ္ဇနီသံမပါဘဲ ခခွေ ဟူ၍ပင် ဆိုရအံ့သောအရာဖြစ်လျက် ကဏ္ဍာသုခ ဖြစ်စေခြင်းငှာ . . . ခခွေးဟုခေါ်သည်"ဟု ရှင်းပြထားပါသည်။ အခွေ၊ အကွေး၊ အခွေး ပါသည်ကိုထောက်၍ ခခွေးဟုခေါ်သည်ဟူ၍ ဆိုလျှင်လည်း သင့်ကောင်း၏ ဆိုနိုင်ပါသေးသည်။

ခခွေးသည် စုတ်ချက်တစ်ချက်ဆွဲအက္ခရာ ဖြစ်သည်။



ဂ / ဂါငယ် /

ဂ သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် သုံးလုံးမြောက်ဗျည်းအက္ခရာ ဖြစ်သည်။ ဂငယ်ဟု ခေါ်သည်။ ကဝဂ်ဗျည်းအက္ခရာ ငါးလုံးတွင် တတိယဗျည်းအက္ခရာ ဖြစ်သောကြောင့် ကဝဂ်၏ တတိယက္ခရာဟု ခေါ်သည်။ သံထင်သံလျော့ဗျည်းဖြစ်သည်။ မြန်မာဗျည်းအက္ခရာများတွင် အနက်မရှိသောဗျည်း ဖြစ်သည်။ အာခေါင်ပျော့ဗျည်းဖြစ်သည်။ ဂငယ် ဟူသောအမည်ကို မြန်မာတို့က ပေးထားခြင်းဖြစ်သည်။ ဂငယ်ဟူသောအမည်နှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် "ကကြီးအက္ခရာ၏ ခွဲမျှ၊ ထက်ဝက်မျှ အရာပမာဏအားဖြင့် အပြန့်ကျဉ်းသည်၊ ငယ်သည်ကိုထောက်၍ ဂငယ် ဟူသောဝေါဟာရနှင့်အညီ ရေးမှတ်လျှင် သဘောပြေတော့သည်"ဟူ၍ ဆိုထားပါသည်။

ဂငယ်သည် စုတ်ချက်တစ်ချက်ဆွဲအက္ခရာဖြစ်သည်။



ဃ/ ဂါဂျီး /

ဃ သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် လေးလုံးမြောက် ဗျည်းအက္ခရာဖြစ်သည်။ ဃကြီးဟု ခေါ်သည်။ ကဝဂ်ဗျည်းငါးလုံးတွင် စတုတ္ထဗျည်းအက္ခရာဖြစ်သောကြောင့် စတုတ္ထက္ခရာဟု ခေါ်သည်။ ပါဠိဘာသာတွင် သံထင်သံတင်းဗျည်း ဖြစ်သော်လည်း မြန်မာမှုတွင် သံထင် သံလျော့ဗျည်းဖြစ်သည်။ မြန်မာဗျည်းအက္ခရာများတွင် အနက်မရှိသောဗျည်းဖြစ်သည်။ အာခေါင်ပျော့ဗျည်းဖြစ်သည်။ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် "ဂငယ်ဟူသည်ကိုထောက်၍ ထိုဂငယ်ထက် နှစ်ပြန်မျှသော အရာပမာဏကျယ်သည်ပြန့်သည်ကို ထောက်၍ ကကြီး ဃကြီး ဟူ၍လည်း ယူသင့်၏"ဟု ရှင်းပြထားပါသည်။

ဃကြီးသည် စုတ်ချက်သုံးချက်ဆွဲအက္ခရာဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

# ဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်တိုင်းကို အထူးဂရုပြု၍ အလေးထားဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၁၇**

ဆေးဝါးစက်ရုံ(အင်းစိန်)ရှိ ဝန်ထမ်းများ၏ သားသမီးများအား ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဆေးဝါးစက်ရုံ (အင်းစိန်) ဆေးဝါးစက်ရုံသမိုင်းပြခန်း၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ အထွေထွေမန်နေဂျာများ၊ စက်ရုံမှူးနှင့် အရာထမ်း၊ အမှုထမ်းများ၊ အခြေခံပညာနှင့် တက္ကသိုလ်အဆင့်တို့တွင် တက်ရောက်ပညာသင်ကြားနေသည့် ဝန်ထမ်းများ၏ သားသမီးများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ဆေးဝါးစက်ရုံ (အင်းစိန်)ရှိ ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးစာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ရာ ကျောင်းသား၊ကျောင်းသူများက လက်ခံရယူပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲတွင် အခြေခံပညာနှင့် တက္ကသိုလ်အဆင့်တို့တွင် တက်ရောက်ပညာသင်ကြားနေသည့် ဝန်ထမ်းသားသမီး ၅၉၈ ဦးအတွက် ငွေကျပ် ၁၀၁ သိန်းကျော် တန်ဖိုးရှိ ကျောင်းသုံး စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဆေးဝါးစက်ရုံများအတွက် ကုန်ကြမ်းပစ္စည်းများ၊ စက်အရန်ပစ္စည်းများ ပေးသွင်းနိုင်ရေးအတွက် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဆေးဝါးစက်ရုံ(အင်းစိန်)ရှိဌာနကြီးမှူးများနှင့်တွေ့ဆုံ၍ ဆေးဝါးစက်ရုံများအနေဖြင့် ပြည်သူများအတွက် အခြေခံအကျဆုံး ဆေးဝါးများအပါအဝင် ဆေးဝါးအမျိုး ၂၀၀ ကျော်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆေးဝါးစက်ရုံများအနေဖြင့် လူများ၏အသက်ကိုကယ်တင်သည့် ဆေးဝါးများကိုထုတ်လုပ်ပေးနေခြင်းဖြစ်သည့်အတွက် ဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်တိုင်းကို အထူးဂရုပြု၍ အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆေးဝါးထုတ်လုပ်မှုသမိုင်းပြခန်းဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ်က“ဆေးဝါးဆိုတာ ပြည်သူတွေရဲ့ အသက်ကယ်တဲ့ ပစ္စည်းဖြစ်၍ ဆေးဝါးထုတ်လုပ်မှုကိုဆောင်ရွက်နေခြင်းသည် မွန်မြတ်သောကုသိုလ်ကို ပြုလုပ်ခြင်းဖြစ်တယ်”ဟု မှတ်ချက်ပြုခဲ့ကြောင်း၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စွမ်းရည်ပြည့်ဝပြီး တာဝန်ကျေပွန်သည့် ဝန်ထမ်းကောင်းများဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ကြရန် အလေးအနက်ထား ဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် အင်းစိန်မြို့နယ်ရှိ ချည်မျှင်နှင့်အထည် ထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးရေးဌာနသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် ဝတ်ဆင်ရေးကဏ္ဍပြည့်စုံဖူလုံစေရေးအတွက် ဝါမှ ဝါဂွမ်း၊ ချည်၊ အထည်ရက်လုပ်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းကထုတ်လုပ်သည့် ချည်မျှင်များ၏ အရည်အသွေးကောင်းမွန်ရေးအတွက် စက်ပစ္စည်းကိရိယာများကို အဆင့်မြှင့်တင်ခြင်း၊ ချိန်ညှိခြင်းလုပ်ငန်းများကိုဆောင်ရွက်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဝါဂွမ်း၊ ချည်၊ အထည်စမ်းသပ်စစ်ဆေးသည့် ခေတ်မီနည်းပညာရပ်များ ရရှိရေးအတွက် လေ့လာသင်ယူမှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်သို့ ရောက်ရှိပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်၊ အဖွဲ့ဝင်များနှင့်တွေ့ဆုံ ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဗဟိုအလုပ်အမှုဆောင်များက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# 3rd Voice of Global South Summit ၏ ကျန်းမာရေးဝန်ကြီးများဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း Video Conferencing စနစ်ဖြင့် တက်ရောက်




**နေပြည်တော် ဩဂုတ် ၁၇**

အိန္ဒိယနိုင်ငံအစိုးရက ယနေ့တွင် 3rd Voice of Global South Summit ညီလာခံကို ''An Empowered Global South for a Sustainable Future'' ခေါင်းစဉ်ဖြင့် ကျင်းပရာ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာနာရင်ဒရာမိုဒီတက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး အဆိုပါညီလာခံ၏ ကျန်းမာရေးဝန်ကြီးများ ဆွေးနွေးပွဲကို ''One World– One Health''ခေါင်းစဉ်ဖြင့် ဆက်လက်ကျင်းပခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက Video Con-ferencing စနစ်ဖြင့်တက်ရောက်၍ အမှာစကားပြောကြားသည်။

ဦးစွာ အိန္ဒိယသမ္မတနိုင်ငံ ကျန်းမာရေးနှင့် မိသားစုဖူလုံရေးဝန်ကြီး Shri Jagat Prakash Nadda က အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် မိမိတို့အနေဖြင့် အိန္ဒိယနိုင်ငံအပါအဝင် ကမ္ဘာ့တောင်ပိုင်းနိုင်ငံများနှင့် Digital Health လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့်လည်း အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများကို အဓိကထားဆောင်ရွက်လျက်ရှိပြီး အစားအသောက်ကွင်းဆက် တစ်ခုလုံး ထုတ်လုပ်မှုမှသည် စားသုံးသည်ထိ ဘေးကင်းလုံခြုံရေး အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံများ၌ ရှေးနှစ်ပေါင်းများစွာကတည်းက ကျန်းမာရေးစောင့်ရှောက်မှုတွင် တိုင်းရင်းဆေးပညာ၏အခန်းကဏ္ဍကို ချန်ထားခဲ့၍မရပါကြောင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)တို့အနေဖြင့် ဆေးဖက်ဝင် တိုင်းရင်းဆေးပင်များ ထိန်းသိမ်းခြင်း၊ အရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ တိုင်းရင်းဆေးပညာရပ်နှင့် ပတ်သက်၍ အတွေ့အကြုံဗဟုသုတ ဖလှယ်ခြင်းများကို ဆောင်ရွက်လျက်ရှိပြီး မိတ်ဖက်နိုင်ငံများနှင့်လည်း ပိုမိုပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊မြန်မာနိုင်ငံအနေဖြင့် မကြာမီကာလအတွင်း World Health Organization SETPS survey အား တစ်နိုင်ငံလုံးတွင် ဆောင်ရွက်ရန်စီစဉ်လျက်ရှိပြီး ကျန်းမာသောလူနေမှုဘဝပုံစံမြှင့်တင်ရေး လုပ်ငန်းများဆောင်ရွက်ခြင်း၊ ပြည်သူလူထုကို ကျန်းမာရေး အသိပညာဖြန့်ဝေခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အဆင့်မြှင့်တင်ခြင်းတို့ကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊''One World, One Health''ခေါင်းစဉ်ဖြင့် မိမိတို့ပြည်သူအားလုံးအတွက် ပိုမိုကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရန် မိမိတို့အတူတကွ တာဝန်ယူပူးပေါင်းဆောင်ရွက်သင့်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ အိန္ဒိယနိုင်ငံ၊ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ SCO အဖွဲ့ဝင်နိုင်ငံများ၊ အာဖရိကနိုင်ငံများ၊ ပစိဖိတ်ကျွန်းစုနိုင်ငံများ စုစုပေါင်း ၁၅ နိုင်ငံမှ ကျန်းမာရေးဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ တက်ရောက် အမှာစကားများပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အတူ တာဝန်ရှိပုဂ္ဂိုလ်များက Video Confer-encing စနစ်ဖြင့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်အတွင်းရှိ စက်မှုဇုန်များနှင့် စက်ရုံအလုပ်ရုံများမှ အလုပ်သမားများကို ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေး၍ Biometric ကောက်ယူနေမှုကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၁၇

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အတူ ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ရွှေလင်ဗန်းစက်မှုဇုန်ရှိ Shan International Co., Ltd ငါးအအေးခန်းစက်ရုံ၌ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်ဦးစီမှူးရုံးမှ ဝန်ထမ်းများက မြို့နယ်အတွင်းရှိ စက်မှုဇုန်များနှင့် စက်ရုံအလုပ်ရုံများမှ အလုပ်သမားများကို ပန်းခင်းစီမံချက်အဆင့်(၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ထုတ်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် လာရောက်ဆောင်ရွက်ကြသည့် စက်မှုဇုန်များနှင့် စက်ရုံအလုပ်ရုံများမှ အလုပ်သမားများကို နိုင်ငံသားကတ်နှင့် ပတ်သက်သည့် လုပ်ငန်းဆိုင်ရာအခက်အခဲများကို မေးမြန်း၍ သန်းခေါင်စာရင်း အကျီနှင့် ဦးထုပ်များဝေငှပေးပြီး လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဝန်ထမ်းများက လုပ်ငန်းစဉ်အဆင့်အလိုက် ဥပဒေနှင့်အညီ နိုင်ငံသားကတ် ထုတ်ပေးနိုင်ရေး စနစ်တကျဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံသားစိစစ်ရေးကတ် ရရှိပြီးသူများနှင့် အသစ်ထုတ်ပေးပြီးသူများကို e-ID စနစ်ဖြင့် ကိုယ်ရေးအချက်အလက် (Biographic)နှင့် ဇီဝဆိုင်ရာအချက်အလက် (Biometric) ကောက်ယူကာ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ လာရောက်ဆောင်ရွက်ကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းသို့ ဆောင်ရွက်ပေးရာတွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်အတွင်း ရွှေလင်ဗန်းစက်မှုဇုန်အပါအဝင် စက်မှုဇုန်များနှင့် စက်ရုံအလုပ်ရုံများမှ အလုပ်သမားများကို ပန်းခင်းစီမံချက်အဆင့်(၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ၃၇ စောင်နှင့် နိုင်ငံသားစိစစ်ရေးကတ် ၁၁၅ ကတ်တို့ကို ဆောင်ရွက်ပေးပြီး နိုင်ငံသားစိစစ်ရေးကတ် ရရှိပြီးသူများကို Biographic / Biometric ကောက်ယူ၍ UID နံပါတ်တစ်ပါတည်း ထုတ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မှော်ဘီမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၇

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာအုပ်စု တပ်ကြီးကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ကျောင်းကြီးကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ခြောက်ပါးနှင့် ဒေသခံပြည်သူဦးရေ ၁၉၀ တို့ကို နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊သွားနှင့်ခံတွင်းရောဂါ၊မျက်စိရောဂါ၊ ဆီးချိုရောဂါ၊ အရေပြားရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် သီရိမာလာအရှေ့ရပ်ကွက် သုပ္ပဋိပန္နစောခင်ဌေးပရိယတ္တိစာသင်တိုက်မှ သံဃာတော်များအား အဆိုပါစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၃၆ ပါးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ဆီးချိုရောဂါ၊အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ကလေးရောဂါ၊အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့်သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တပ်နယ်များမှတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# မြို့နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၇

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေ ချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ အမှတ်(၇)အခြေခံပညာမူလတန်းကျောင်း၌လည်းကောင်း၊ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် အပါအဝင် မြို့နယ် ၁၃ မြို့နယ်တို့ရှိ အခြေခံပညာကျောင်းများ၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(နတ်စင်ကုန်း) ၌လည်းကောင်း စာသင်ကျောင်းများအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် နယ်မြေခံတပ်မတော်သားများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ဒေသခံပြည်သူများနှင့်အတူ စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင် ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများက အခြေခံပညာကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများက အခြေခံပညာကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။






☆ **ကျောဖုံးမှအဆက်**

မော်တော်ယာဉ် တစ်စီးပေါ် တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Lipovitan-D အားဖြည့်အချိုရည် ပုလင်း ၈၂၅၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၅၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunlong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀ ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ရေနွေးခတ်ဘူး ၂၉၉ လုံး အပါအဝင်ကုန်ပစ္စည်း သုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၀၅၀၀၀ ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၆၅၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၁၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့လမ်းဆုံအနီး၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီး၊ ဘားအံမြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးနှင့် မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးတို့ပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Lipovitan-D အားဖြည့်အချိုရည် ပုလင်း ၅၀၀၀၊ Ensure Gold Vanilla ဘူး ၃၆၀၊ Feline Pro ကြောင်စာ ကီလိုဂရမ် ၂၀ ပါ ၁၀ အိတ် အပါအဝင်ကုန်ပစ္စည်းခြောက်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၈၇၅၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus နှစ်စီးနှင့် Scania Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀၀ ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ပဲခူးခရိုင်နှင့် ပြည်ခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၂ ဒသမ ဝ၅၈ တန်နှင့် သစ်မာ ၁ ဒသမ ဝ၇၂၆ တန်၊ အခြားသုည ဒသမ ၅၇၉ တန်ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၁၉၂၃၄ ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၉၄၉၄၂၃၄ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၁၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ်Smile Tissue အထုပ် ၂၁၈၄၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၈၀၈၀၀၀နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀၀ ကို လည်းကောင်း၊ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် အိန္ဒိယနိုင်ငံထုတ်ဆေးဝါး Merosafe Powder for Injection ပိုးသတ်ဆေးဘူး ၁၉၃၈၀ အပါအဝင် ဆေးဝါး နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၅၄၇၃၀၀ ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၃၅၁၃၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၁၂ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၅၅၀၄၅၃၄ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၁၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကိုလူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကိုအကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်း ခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၁၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Eaindrey Shin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သန်လျက်မော်(အနောက်)ရပ်ကွက်နေ အိန္ဒြေရှင်(ခ)အိန်လေးအား နံနက် ၉ နာရီတွင် မဟာအောင်မြေမြို့နယ် အမှတ်(၇)နယ်မြေစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အာပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကိုဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

❖ **ဖူဆယ်ပြိုင်ပွဲမှအဆက်**

ရှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ငါးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ကချင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို ခြောက်ဂိုး နှစ်ဂိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး အမျိုးသမီးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များတွင် စစ်ကိုင်းတိုင်းဒေသကြီး အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ခုနစ်ဂိုး ခြောက်ဂိုးဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ခြောက်ဂိုး တစ်ဂိုးဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ် အမျိုးသား၊အမျိုးသမီးပြိုင်ပွဲကို ဩဂုတ် ၁၈ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး အမျိုးသမီးပြိုင်ပွဲဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်း၊ အမျိုးသားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့်ရှမ်းပြည်နယ်အသင်း၊ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **STA**

# ယပ်တောင်ခုံး၏ သဘာဝနှင့် အသုံးဝင်ပုံ

နှင်းအိ(ရာမညမြေ)



ယပ်တောင်ခုံး(Scallop ခေါ် Pen Shell)ဆိုသည်မှာ အခွံနှစ်ခြမ်းရှိသော ခရု၊ ကမာ၊ ယောက်သွားတို့ကဲ့သို့ Bivalve Mollusks များဖြစ်ကြသည်။ ယပ်တောင်ခုံးအပါအဝင် ခရု(Mollusc)၊ ကမာ (Oyster)၊ ယောက်သွား(Mussels) စသည့် Mollusks အုပ်စုဝင်များသည် လွန်ခဲ့သော နှစ်သန်းပေါင်း ၅၀၀ ကျော်ကတည်းက ကမ္ဘာမြေပေါ်တွင် တည်ရှိခဲ့ကြပြီး အချို့ ခရု၊ ကမာများမှာ နှစ်ပေါင်း ၅၀၀ ခန့်ထိ အသက်ရှည်နေထိုင်နိုင်ကြသည်ဟု မှတ်တမ်းများအရ သိရသည်။

ခုံးတွင် သွေးခုံး၊ ခုံးစိမ်း(ယောက်သွား)၊ ခုံးချော(ရှပ်ခရု)၊ ပန်းခရု၊ မနီလာခုံး၊ ပိုက်ခရု၊ ယပ်တောင်ခုံး၊ ခုံးမည်း စသည်ဖြင့်အမျိုးမျိုးရှိကြပြီး သွေးခုံးကို ရခိုင်လို "ခုံးသကြေး"ဟုလည်းခေါ်ကြသည်။ အခြားခုံးမျိုးစိတ်များကို ရေကန်၊ မြစ်ချောင်းများတွင် တွေ့ရှိရသကဲ့သို့ နုန်းစပ်သဲပြင်များတွင်လည်း တွေ့ရတတ်သည်။ ခုံးမှာ ဘဲဥပုံရှိ၍ ရှပ်ကောင်မှာ သုံးထောင့်ချွန်းဆင်ဆင်ဖြစ်နေသော ခုံးတစ်မျိုးဖြစ်သည်။ ရှပ်(ခုံးချော)မှာ ပင်လယ်ကမ်းစပ်တွင် ရေကျစဉ်၌ နုန်းမြေ၊ သဲမြေအောက်တွင် တိုးဝင်နေတတ်၍ ဆူးထိုးကာ ရှာဖွေဖမ်းယူကြသည်။

ယပ်တောင်ခုံးသည် အခွံမာသော်လည်း ပါးလွှာ၍ ရေချိုတွင် အတွေ့ရများသည်။ အခြားနိုင်ငံများတွင် ခုံးအသားကိုထုတ်၍ စည်သွတ်ရောင်းချကြသည်။ မြန်မာနိုင်ငံတွင် ခုံးများကို ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများဆုံးဖမ်းဆီးရမိပြီး ထိုင်းနိုင်ငံသို့တင်ပို့ကြသည်။

**ယပ်တောင်ခုံး၏သဘာဝ**

အင်္ဂလိပ်လို Scallop သို့မဟုတ် Pen Shell ဟုခေါ်သော ယပ်တောင်ခုံးလေးများသည် ယပ်တောင်ပုံစံရှိပြီး ထူးခြားလှပသောအသွင်အပြင်ရှိသည်။ ထိုကဲ့သို့ ထူးခြားသောအသွင်အပြင်ရှိသည့် ယပ်တောင်ခုံးမျိုးစိတ်မှာ ပင်လယ်ရေအောက်သတ္တဝါတစ်မျိုးဖြစ်သည်။ ၎င်းတို့သည် ရေအောက်၌ နှစ်ပေါင်းများစွာ ရှင်သန်နေထိုင်သောသတ္တဝါများဖြစ်ပြီး နှစ်ပေါင်း မီလီယံချီသက်တမ်းရှိနေသော မျိုးစိတ်ဖြစ်သည်။ ၎င်းတို့သည် ပင်လယ်ရေအောက်တွင် ရှင်သန်နေထိုင်သည့် သတ္တဝါငယ်လေးများနှင့် ပင်လယ်ရေညှိများကို စစ်ထုတ်ပြီး စားသုံးကြသည်။ ထိုသို့ စစ်ထုတ်ခြင်းအားဖြင့် ရေအောက်ကမ္ဘာ၏ သန့်ရှင်းစင်ကြယ်မှုနှင့် အပင်နှင့် သတ္တဝါတို့ သဘာဝပတ်ဝန်းကျင်ဖြင့် လိုက်လျောညီစွာဖွဲ့တည်မှုစနစ် (Ecosystem)ကို ထိန်းသိမ်းပေးကြသည်။

ယပ်တောင်ပုံဖြစ်နေသော ယပ်တောင်ခုံးလေးများသည် အရွယ်အစားအားဖြင့် လေးလက်မခန့်ထိ ကြီးထွားနိုင်ကြပြီး အဏ္ဏဝါပညာရှင်များ မကြာခဏ တွေ့ရလေ့ရှိသော သက်ရှိဖြစ်သည်။ ၎င်းတို့သည် ရေအောက်မှရေညှိများနှင့် အပြန်အလှန်အကျိုးပြုပြီး ရေအောက်ကြမ်းပြင်၏ Ecosystem ကို သေချာထိန်းညှိပေးကြသည်။ ယပ်တောင်ခုံး၏ အခွံများသည် တြိဂံပုံသဏ္ဌာန်ရှိသည်။ အခွံများသည် ပါးလွှာသော်လည်း ပျက်စီးလွယ်သည်။ ၎င်းတို့၏အခွံများသည် အရောင်စုံပြီး လှပသောကြောင့် ရှေးယခင်ကတည်းက လက်ဝတ်ရတနာအဖြစ် ဝတ်ဆင်ခဲ့ကြသည်။ အဆိုပါအကြောင်းရင်းကြောင့် ယပ်တောင်ခုံးများမှာရှားပါးလာပြီး ပင်လယ်ရေအောက်ကို စစ်ထုတ်ပေးမည့်သတ္တဝါများ ရှားပါးလာသည်။ အမှန်တွင် ယပ်တောင်ခုံးများသည် သဘာဝအတိုင်းရှိလျှင် နှစ်ပေါင်း ၃၀ ခန့်ထိ အသက်ရှင်သန်နိုင်ကြသော သတ္တဝါများဖြစ်သည်။

**ယပ်တောင်ခုံးစားဖွယ်စုံ**

ယခုအခါ နိုင်ငံအတော်များများတွင် ယပ်တောင်ခုံးကို လူတော်တော်များများ စားသုံးမှုများလာကြသည်။ မြန်မာနိုင်ငံတွင်လည်း ယပ်တောင်ခုံးကို သုပ်စား၊ ကင်စား၊ ပြုတ်စား၊ ထောင်းစား၊ အခြောက်လှန်းစား၊ ဟင်းချက်စားကြသည့်အပြင် Hot Pot၊ မာလာရှမ်းကော၊ မာလာမောက်ချိုက် စသည်တို့တွင်လည်း ထည့်သွင်းစားသုံးကြသည်။

**ယပ်တောင်ခုံး၏ ဂုဏ်သတ္တိ**

ခုံးကောင်၏ဂုဏ်သတ္တိမှာ အေး၏။ အရသာမှာ ငန်၏။ အသည်းနှင့်ကျောက်ကပ်တို့အတွက် ကောင်းကျိုးပေး၏။ ယပ်တောင်ခုံးကို အသက်ကြီးငယ်မရွေး စားသုံးနိုင်သည်။ အထူးသဖြင့် ကိုလက်စထရောများသူ၊ သွေးတွင်းအဆီများသူ၊ ဂလင်းရောင်သူ၊ လေပြွန်ရောင်သူ၊ အစာအိမ်ရောဂါရှိသူတို့ စားသုံးသင့်သည်။ သို့သော် ယခင်က အနာရောဂါဟောင်းရှိသူ၊ သရက်ရွက်၊ အစာအိမ်အားနည်း၍အေးတတ်သူများ များများ မစားသင့်ပါ။ သတိထားရန်အနေဖြင့် ယပ်တောင်ခုံးကို ဗီတာမင် B1 စားသုံးနေချိန်တွင် မစားရပါ။ ယပ်တောင်ခုံးကို တစ်ကြိမ်စားလျှင် ငါးကောင်မှ ၁၀ ကောင်ထိ စားနိုင်သည်။

**ယပ်တောင်ခုံးတွင်ပါဝင်သော အာဟာရဓာတ်များ**

ချက်ပြုတ်ပြီး ယပ်တောင်ခုံး ၁၀၀ ဂရမ်တွင် ကယ်လိုရီ(Calories) ၁၄၈ ယူနစ် ပါဝင်သည်။ နေ့စဉ် အာဟာရတန်ဖိုးအနေဖြင့် အဆီစုစုပေါင်း နှစ်ဂရမ်၊ ပြည့်ဝဆီ သုည ဒသမ ၂ ဂရမ်၊ ကိုလက်စထရော ၆၇ မီလီဂရမ်၊ ဆိုဒီယမ်ဓာတ် ၁၂၀၂ မီလီဂရမ်၊ ပိုတက်ဆီယမ် ၆၂၈ မီလီဂရမ်၊ ကာဗိုဟိုက်ဒရိတ် ငါးဂရမ်တို့ ပါဝင်သည်။

**ယပ်တောင်ခုံး၏ အကျိုးကျေးဇူးများ**

ယပ်တောင်ခုံးထဲတွင် ဗီတာမင်နှင့် အာဟာရဓာတ်ပြည့်ဝစွာပါဝင်သည်။ ယပ်တောင်ခုံးကို စားသုံးပြီးနောက် အေးမြလန်းဆန်းသောခံစားချက်ကို ရရှိစေနိုင်သည်။ ယပ်တောင်ခုံးသည် စိတ်ဖိစီးခြင်းနှင့် ဦးနှောက်ရောဂါတို့ကို ကာကွယ်ပေးနိုင်သည်။ ခုံးသားစားခြင်းကြောင့် အပူကင်းစေနိုင်သည်။ ယပ်တောင်ခုံးတွင် သံဓာတ်ကြွယ်ဝစွာပါဝင်ပြီး ပရိုတင်း၊ ဗီတာမင်စီ၊ အဆီ၊ ကာဗိုဟိုက်ဒရိတ်၊ အမိုင်နိုအက်စစ်၊ Taurine ဓာတ်၊ ဗီတာမင် B12၊ ဗီတာမင် B6၊ ဗီတာမင်အီး၊ သံဓာတ်၊ မဂ္ဂနီဆီယမ်၊ ကယ်လ်စီယမ်၊ ဆိုဒီယမ်၊ ခယ်လီယမ်၊ မီးစုန်းဓာတ်၊ ဇင့်ဓာတ်တို့ပြည့်ဝစွာ ပါဝင်သည်။

ယပ်တောင်ခုံးစားခြင်းဖြင့် အသားဝါခြင်း၊ ရေဖျဉ်းစွဲခြင်း၊ လည်ပင်းကြီးရောဂါ၊ သွေးယိုခြင်း၊ အဖြူဆင်းခြင်း၊ ဆီးချိုရောဂါတို့ကိုလည်း ပျောက်ကင်းစေနိုင်သည်။ ဆီးသွားနည်းသူများအတွက် ဆီးသွားခြင်းကို ကောင်းစေ၏။ ပရိုတင်း၊ ကာဗိုဟိုက်ဒရိတ်၊ ဗီတာမင်၊ သတ္တုဓာတ်၊ အမိုင်နိုအက်စစ်တို့ ပါဝင်မှုကြောင့် အပူကျစေကာ အသက်အရွယ်ကြီးသူများတွင်ဖြစ်ပွားတတ်သော နာတာရှည်ရောဂါကို ကာကွယ်ပေးနိုင်သည်။

ယပ်တောင်ခုံးကို ရွေးဝယ်ရာတွင် လက်ဖြင့် တစ်ကောင်ချင်းကိုင်၍ လှုပ်ကြည့်ပြီး ယပ်တောင်ခုံးအတွင်း၌ ဂလောက် ဂလောက်ဟု မြည်သံကြားပြီး အလေးချိန်မှာ ပေါ့ပါးနေလျှင် သေပြီးသားအကောင်ဖြစ်၏။ အသေကို ရွေးဝယ်ပါ။ ယပ်တောင်ခုံးကို ရက်ရှည်ထား၍ သိမ်းဆည်းလိုပါက ခုံးကို ဆားရည်ထဲတွင် စိမ်ထားပေးပါ။ ယပ်တောင်ခုံးကို စားသုံးမည်ဆိုပါက အသုံးမပြုမီ ခုံးကောင်ကို ဆားရည်ဖြင့် တစ်နာရီကြာစိမ်ပြီးမှ ချက်ပြုတ်စားသောက်ပါ။

အချုပ်အားဖြင့်ဆိုရသော် အခွံနှစ်ခြမ်းရှိသော ယပ်တောင်ခုံးသည် သဘာဝအားဖြင့် ထူးခြားလှပြီး ကျန်းမာရေးအကျိုးကျေးဇူးလည်း များပြားစွာရရှိနိုင်သောကြောင့် စားသုံးပေးသင့်သော ပင်လယ်သတ္တဝါဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

**❖ အင်္ဂလိပ်လို Scallop သို့မဟုတ် Pen Shell ဟုခေါ်သော ယပ်တောင်ခုံးလေးများသည် ယပ်တောင်ပုံစံရှိပြီး ထူးခြားလှပသော အသွင်အပြင်ရှိသည်။ ထိုကဲ့သို့ ထူးခြားသောအသွင်အပြင်ရှိသည့် ယပ်တောင်ခုံးမျိုးစိတ်မှာ ပင်လယ်ရေအောက်သတ္တဝါတစ်မျိုးဖြစ်သည်။ ၎င်းတို့သည် ရေအောက်၌ နှစ်ပေါင်းများစွာ ရှင်သန်နေထိုင်သောသတ္တဝါများဖြစ်ပြီး နှစ်ပေါင်း မီလီယံချီသက်တမ်းရှိနေသော မျိုးစိတ်ဖြစ်သည်။ ၎င်းတို့သည် ပင်လယ်ရေအောက်တွင် ရှင်သန်နေထိုင်သည့် သတ္တဝါငယ်လေးများနှင့်ပင်လယ်ရေညှိများကို စစ်ထုတ်ပြီး စားသုံးကြသည်။ ❖**

**ကိုးကား**

- မြန်မာ့စွယ်စုံကျမ်း၊အတွဲ(၁)
- ငါးလုပ်ငန်းစာစဉ်အတွဲ(၁)၊ အမှတ်(၃)
- Fish Base of Myanmar
- Inland Fisheries of Myanmar

# မုံရွာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၉၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မုံရွာ ဩဂုတ် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၉၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၄၀၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇူလိုင်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မုံရွာမြို့နယ်အတွင်း စပါးဧက ၄၀၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၂၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါး လျာထားဧကပြည့်မီအောင် လိုအပ်တဲ့ နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မုံရွာမြို့နယ်တွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေသြဇာစနစ်တကျသုံးစွဲခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးနေကြောင်း သိရသည်။ (၂၀၆)

ဝတ္ထုတိုကဏ္ဍ

# သားတို့ ရုပ်ရည်

## ချစ်သက်(မြန်မာစာ)



(၁)

"ဟီး ဟီး"

"အမေရယ် မငိုပါနဲ့။ လိုက်သွားတဲ့သူက သွားပြီ။ မမက ဟိုတစ်ယောက်နဲ့ပျော်နေပြီး အမေ့ကို သတိတောင်ရမှာ မဟုတ်ဘူး။ အမေငိုနေလဲ အပိုပဲ"

"ငါကမငိုလို့ ရယ်နေရမှာလား။ အတန်တန်ပြောထားရဲ့နဲ့။ တောင်းယူပါလို့ ဘာမှမလိုပါဘူး။ လူသိရှင်ကြား အုန်းပွဲ၊ ငှက်ပျောပွဲနဲ့ဆို တော်ပါပြီ။ အခုတော့"

ဒေါ်သောင်းတင်သည် စကားကို ရှေ့ဆက်မပြောတော့ပေ။ သမီး ခိုးရာနောက်လိုက်သွားသည့်သတင်းကို ကြားကြားချင်း ရင်ဘတ်စည်တီး ငိုချင်းချနေ၏။ အငယ်မချစ်စုသည် မိခင်ကိုနှစ်သိမ့်ရင်း ထမင်းကိုစားနေ၏။ ဦးအောင်မိုးသည် မည်သည့်စကားကိုမှ မပြောဘဲ ရေနွေးကြမ်းကို မော့သောက်လိုက်သည်။ ကျလာသောမျက်ရည်ကို မျက်တောင်ဖြင့် ခပ်ကြမ်းကြမ်း ခတ်ထုတ်လိုက်သည်။

"အငယ်မချစ်စု ကြည့်ထားနင့်အစ်မကို။ ခိုးရာလိုက်ရင် မိဘတွေ ဘယ်လောက်မျက်နှာပျက်ရတယ်ဆိုတာ။ နင့်အစ်မက နင့်အတွက် နမူနာပဲ။ နင်လဲ အရွယ်ရောက်နေပြီ"

ဦးအောင်မိုးသည် စကားကို ခပ်ပြတ်ပြတ်ပြောအပြီး အိမ်အပြင်ဘက်သို့ ထွက်သွားတော့သည်။ ဒေါ်သောင်းတင်နှင့်ဦးအောင်မိုးတို့ ဘယ်လောက်စိတ်ဆိုးဆိုး သမီးကြီး၏ထိမ်းမြားခြင်းကို အကျဉ်းချုံး၍ မိဘတို့ဝတ္တရားရှိသည့်အတိုင်း အကောင်းဆုံးလုပ်ပေးလိုက်၏။ သမီးကြီးသည် သျှောင်နောက်ဆံထုံးပါဆိုသည့်အတိုင်း ခင်ပွန်းနောက်သို့ ထည့်ပေးလိုက်ရလေသည်။ ဒေါ်သောင်းတင်နှင့် ဦးအောင်မိုးတို့သည် တစ်ပတ်လောက် ရွာထဲသို့ ရဲရဲမလျှောက်ရဲကြပေ။

(၂)

"သားသမီးမကောင်း မိဘခေါင်း" ဆိုသကဲ့သို့ ပတ်ဝန်းကျင်၏ပြောဆိုကဲ့ရဲ့ခြင်းကို ဒေါ်သောင်းတင်အတော်ခံစားလိုက်ရ၏။ အချို့သူများက စာနာစိတ်ဖြင့် ပြောခြင်းလားမသိ ဒေါ်သောင်းတင်ကို နှစ်သိမ့်စကားဆိုကြသည်။ ဦးအောင်မိုးနှင့် ဒေါ်သောင်းတင်အိမ်ရှေ့ကွပ်ပျစ်၌ ရေနွေးကြမ်းသောက်နေစဉ် အသားဖြူဖြူ အရုပ်ရှည်ရှည်ကောင်လေးတစ်ယောက် ဆိုင်ကယ်ကိုမောင်းကာ ဒေါ်သောင်းတင်၏အိမ်သို့ ထိုးဝင်လိုက်သည်။ လူငယ်ကလေးက စ၍စကားဆိုလိုက်၏။

"ဦးနဲ့ အဒေါ် ဒါ ချစ်စုတို့ အိမ်လားခင်ဗျာ"

လူငယ်၏အသံမှာ ပျော့ပျောင်းလှသည်။

"ဟုတ်ပါတယ် ကလေး။ ချစ်စုတို့အိမ်ပါ။ ဘာကိစ္စရှိလို့လဲ"

ဒေါ်သောင်းတင်သည် ချက်ချင်းဆိုသလို လူငယ်၏အမေးကို တုံ့ပြန်လိုက်၏။

"ဟုတ်ကဲ့။ ကျွန်တော်နာမည် ကျော်စွာပါ။ ချစ်စုရဲ့ သူငယ်ချင်းပါ"

ဒေါ်သောင်းတင်နှင့်လူငယ် စကားပြောနေစဉ် ချစ်စု အိမ်ထဲကနေ ပြေးထွက်လာခဲ့သည်။

"ဩော်... ကိုကျော်စွာ တကယ်လာတယ်နော်။ ချစ်စုက ကိုကျော်စွာ အိမ်ကိုလာမယ်ဆိုတော့ စ နေတယ်ထင်တာ"

ကျော်စွာသည် မျက်နှာကိုပြုံးလျက် ရယ်လိုက်သည်။

"လာတာပေါ့ချစ်စုရယ်။ ချစ်စုကလာဆိုတော့လဲ"

ဦးအောင်မိုးနှင့်ဒေါ်သောင်းတင်မှာ လူငယ်နှစ်ဦးကြားဝယ် ပါးစပ်အဟောင်းသားဖြစ်နေတော့ သည်။

"ချစ်စုတို့အိမ်က အကြီးကြီးနော်။ အစ်ကို ထင်မထားဘူး"

ချစ်စုသည် ကျော်စွာ၏စကားကိုဖြတ်ကာ မိဘနှစ်ပါးဖြင့် ကျော်စွာကို မိတ်ဆက်ပေးလိုက်သည်။ ကျော်စွာသည် ချစ်စုတို့နှင့် တစ်မြို့နယ်ထဲဖြစ်သည်။ ချစ်စုတို့ရွာနှင့် ငါးရွာလောက်ခြားသော ရွာတွင်နေထိုင်သည်။ ကျော်စွာ၏ အဖေနှင့်အမေသည် ရာသီအလိုက် သီးနှံများကိုစိုက်ပျိုးကြ၏။ သားသမီးဆို၍ ကျော်စွာတစ်ဦးသာရှိသည်။ ကျော်စွာသည် မိဘ၏ ဖူးဖူးမှုတ်တာခံရပြီး အလုပ်အကိုင်မရှိ မိဘလုပ်စာကို ထိုင်စားသောသူလည်း ဖြစ်သည်။ ကျော်စွာပြန်သွားမှ ချစ်စု၏ပြောစကားဖြင့် ကျော်စွာနှင့်ချစ်စုတို့ ချစ်သူဖြစ်နေကြောင်း ဒေါ်သောင်းတင် သိခွင့်ရလိုက်၏။

(၃)

"ချစ်စု သမီးချစ်သူထားတာ အမေ ဘာမှပြောလိုဘူး။ ဒါပေမဲ့ ခိုးရာတော့မလိုက်ပါနဲ့အေ။ အမေ နောက်တစ်ခါ အရှက်ကွဲမခံနိုင်ဘူး။ အုန်းပွဲ၊ ငှက်ပျောပွဲနဲ့ မိသားဖသားပီပီလာတောင်းရင် ကျေနပ်တယ်"

ဒေါ်သောင်းတင်သည် သမီးချစ်စုကို ဖြစ်ချင်သောဆန္ဒကို ပြောပြနေ၏။ ချစ်စုသည် မိခင်စကားအဆုံး၌–

"စိတ်ချပါ အမေ။ ကိုကျော်စွာနဲ့ တွေ့ချင်ရင်တောင် အမေ့သမီးက အိမ်ကိုပဲခေါ်တာ။ အမေ့သမီးအတွက် စိတ်ချပါ။ အမေနဲ့အဖေကို စိတ်ညစ်အောင်မလုပ်ပါဘူး"

ချစ်စု၏ အပြောအောက်ဝယ် ဒေါ်သောင်းတင်ကျေနပ်နေ၏။

"အမေ အမေ့ကို ပြောစရာရှိတယ်။ ကိုကျော်စွာတို့အိမ်မှာ အလှူရှိတယ်။ အဲဒါ သမီးကို ညအိပ်ဖိတ်ထားတယ်။ သွားချင်တယ် အမေ"

ဒေါ်သောင်းတင် ရေနွေးကြမ်းကို သောက်ပြီးစဉ်းစားနေ၏။ ထို့နောက်–

"သွားလေ သမီး။ အမေပါ လိုက်ခဲ့မယ်"

"ကျေးဇူးပါ အမေ"

အိမ်ခန်းထဲသို့ ပျော်ရွှင်စွာဝင်သွားသော ချစ်စုကိုကြည့်ကာ ဒေါ်သောင်းတင် သက်ပြင်းအရှည်ကြီးချလိုက်၏။

(၄)

ဒေါ်သောင်းတင်သည် ကျော်စွာတို့၏ အလှူပွဲမှပြန်လာကတည်းက နှုတ်ဆိတ်နေသည်။ ချစ်စုကိုလည်း စကားမပြောတော့ပေ။ ဦးအောင်မိုးသည် ဒေါ်သောင်းတင်၏အခြေအနေကို ရေနွေးကြမ်းသောက်ရင်းအကဲခတ်နေ၏။ ခဏအကြာဒေါ်သောင်းတင်က ချစ်စုကို ခေါ်သံကြားလာရသည်။ ချစ်စုတစ်ယောက် အပြေးအလွှားရောက်လာသည်။

"အမေ သမီးကို ဘာပြောစရာရှိလို့လဲ"

အပြစ်လုပ်ထားသောကလေးသဖွယ် ချစ်စုသည် မျက်လွှာချကာ မိခင်ဖြစ်သူကိုမေးလိုက်၏။

"သမီး အမေပြောတာ သေချာနားထောင်။ သမီးမောင်ကျော်စွာနဲ့ယူဖို့ အမေသဘောမတူဘူး"

"ဟင်"

ချစ်စု၏နှုတ်မှ ရုတ်တရက်ထွက်သွားသည်။

"ဘာလို့လဲ အမေ"

ဒေါ်သောင်းတင်သည် အသံမာမာဖြင့် ပြောလာသည်။

"ဘာဖြစ်ရမလဲ။ သမီးကောင်လေးက တစ်ဦးတည်းသောသားတော့ မှန်တယ်။ သူ့အိမ်ကို အမေရောက်ကတည်းက စိတ်တွေမွန်းကျပ်လိုက်တာမပြောချင်ဘူး။ ဆယ်ပေပတ်လည် အခန်းကျဉ်းကျဉ်းလေးမှာ မိသားစုက လေးငါးယောက်။ ငါ့သမီးနဲ့တော့မဖြစ်ဘူး။ ပတ်ဝန်းကျင်က ရိပ်မိလို့လားမသိဘူး။ ကျော်စွာက လက်ကြောမတင်းဘူးတဲ့။ ဒီအသက်အရွယ်ရောက်နေတာတောင် မိဘလုပ်စားထိုင်စားနေတာတဲ့။ အမေ့သမီးကို အဲဒီလိုလူမျိုးလက်ထဲမထည့်နိုင်ဘူး"

ချစ်စုသည် ဒေါ်သောင်းတင်စကားကို နားထောင်ရင်း မျက်ရည်တို့ အလိုလိုကျဆင်းလာ၏။ ထို့နောက်–

"အမေ သမီးက ခပ်ပြတ်ပြတ်ပဲပြောမယ်။ ကိုကျော်စွာကိုပဲ သမီးယူမှာ"

ခေါင်းမာသောချစ်စုကို ဖျောင်းဖျရန် ဒေါ်သောင်းတင် စဉ်းစားနေ၏။

"ချစ်စုရေ နင် အဲ့ကျော်စွာကိုယူရင် အသူရာချောက်ထဲခုန်ချသလိုပဲဟော့။ ငါ့စကား မြဲမြဲမှတ်ထား။ နင့်ဘဝတော့သွားပြီ"

ဒေါ်သောင်းတင်၏စကားကို ချက်ချင်းဆိုသလို ချစ်စု ခွန်းတုံ့ပြန်လိုက်၏။

"အသူရာချောက်မကလို့ ဘယ်ကျကျ သမီးဘဝနဲ့ သမီးပဲ"

ကြမ်းပြင်ကို ခပ်ကြမ်းကြမ်းနင်း၍ အိမ်ထဲသို့ ချစ်စု ဝင်သွားတော့သည်။

(၅)

ဒေါ်သောင်းတင်သည် ချစ်စုရေးခဲ့သော စာကိုဖတ်၍ မျက်ရည်များအလိုလိုကျလာတော့သည်။

"သောင်းတင် နင့်သမီး ဘာတွေရေးထားလို့မျက်ရည်ကျနေတာတုံး"

"ရော့ ယောကျ်ားရေ ကိုယ့်ဘာသာဖတ်ကြည့်။ ကျွန်မတို့တော့ သူများတံတွေးခွက်ထဲ ပက်လက်မျောပြန်ပြီထင်ပါရဲ့။ ဟီး"

ဦးအောင်မိုးသည် ဒေါ်သောင်းတင် လှမ်းပေးလိုက်သောစာရွက်ကို ဖတ်ကြည့်လိုက်၏။

"သို့...အမေနဲ့အဖေ သမီးမိုက်ကို ခွင့်လွှတ်ပါ။ အမေ့ဆန္ဒကို လိုက်လျောမပေးနိုင်တဲ့အတွက်တောင်းပန်ပါတယ်။ သမီးချစ်သူ ကိုကျော်စွာနဲ့ ခိုးရာလိုက်သွားပါပြီ။ အမေတို့ဆင်ပေးထားတဲ့ လက်ကောက်တစ်ရန်၊ ဆွဲကြိုးနဲ့နားကပ်ကို သမီးယူသွားပါတယ်။ အမေတို့ စိတ်ချမ်းသာစွာနေခဲ့ပါ။ သမီးအတွက် မပူပါနဲ့။ သမီးရွေးတဲ့လမ်း သမီးရဲရဲလျှောက်ပါရစေ"

ဦးအောင်မိုးသည် စာဆုံးသွားသည်နှင့် အားမာန်ပါပါ တက်တစ်ချက်ခေါက်လိုက်သည်။ ထို့နောက် ဒေါ်သောင်းတင်ကို ကြည့်ကာ–

"သောင်းတင် ငါ စကားကို ခပ်ပြတ်ပြတ်ပဲပြောမယ်။ နင့်သမီး ငါ့အိမ်ရိပ်ကို မနင်းစေနဲ့။ မိဘကလက်နဲ့ရေးတာကို ခြေနဲ့ဖျက်တဲ့သမီးမိုက်။ တောက်"

ဒေါ်သောင်းတင်သည် မိမိကြောင့် ချစ်စု ခိုးရာလိုက်သွားခြင်းဟုတွေးကာ မျက်ရည်များကျလာတော့သည်။ ဒေါသဖြစ်လျက် ကိုယ့်ခေါင်းကို လက်ဖြင့်ထုနေ၏။ ထိုနေ့အဖို့ ဒေါ်သောင်းတင်တို့အိမ်သည် အလွန်တိတ်ဆိတ်သောနေ့ဖြစ်နေတော့သည်။

(၆)

ဒေါ်သောင်းတင်သည် စားမဝင်အိပ်မပျော်ဖြင့် တမှိုင်မှိုင်တထွေထွေဖြစ်နေတော့သည်။ မသောက်တတ်သော သိန်းဆေးပေါ့လိပ်ကို ဖွာလိုက်ရှိုက်လိုက်ဖြင့် ရင်အပူကို ငြိမ်းနေဟန်တူသည်။ မိန်းမဖြစ်သူ၏အဖြစ်ကို မကြည့်ရက်သော ဦးအောင်မိုးက–

စာမျက်နှာ ၂၅ သို့ ➤

# ဗန်းမော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၄၀၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကသာ ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၄၀၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဗန်းမော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၈၈၅၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇူလိုင်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၄၀၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဗန်းမော်မြို့နယ်မှာ စပါးဧက ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးတွေ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့ နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံ တောင်သူများ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

ဗန်းမော်မြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး စသည့်အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ဗန်းမော်မြို့နယ်တွင် စိုက်ပျိုးထားသော စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးထံမှ သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၂၄ မှအဆက်

"သောင်းတင်ရယ် ကိုယ့်ရင်ကိုစုံကန်သွားတဲ့ သမီးတွေကို လွမ်းမနေနဲ့။ သူတို့တောင် ကိုယ့်မိဘကိုသတိမရတာ။ ငါတို့က သတိရစရာလား။ ထွီ ကျေးဇူးကန်းတဲ့ သမီးတွေ"

ဒေါသဖြစ်နေသော ဦးအောင်မိုး၏ မျက်နှာအမူအရာတို့မှာ ပေါ်လွင်လှပေသည်။ ဒေါ်သောင်းတင်၏မျက်ဝန်းမှ မျက်ရည်တို့ ပို၍ကျလာတော့သည်။ ထို့နောက်–

"ရှင်ကတော့ ပြောနိုင်တာပေါ့။ ကျွန်မကအမေရှင့် အမေ။ သတိရတာပေါ့။ ကျွန်မသမီး ချစ်စုလေး အဆင်ပြေပါ့မလားမသိဘူး။ အခုဆိုလေးငါးလလောက်ရှိနေပြီ။ တော်တော်ခေါင်းမာတာပဲ။ အမေ့ဆီတောင် အလည်မလာဘူး။ ဟီး"

ဒေါ်သောင်းတင်သည် ပြောလိုက်ငိုလိုက်ဖြစ်နေသည်။ ဦးအောင်မိုး ဒေါ်သောင်းတင်အနားမှ ထွက်ခွာသွားလေ၏။

(၇)

ရက်ကိုလစားဖြင့် အချိန်များအကုန်မြန်လာခဲ့သည်။

ရက်တွေ၊ လတွေ ပြောင်းလဲသွားသော်လည်း ဒေါ်သောင်းတင်မှာ သမီးနှစ်ယောက်ကိုလွမ်းသော သတိရစိတ်တို့မှာ မပြောင်းလဲခဲ့ပေ။ တစ်နေ့တွင် အုပ်ချုပ်ရေးမှူးပေးသောစာကို ဒေါ်သောင်းတင် ဖတ်ကြည့်လိုက်သည်။

"ကိုကျော်စွာနှင့် မချစ်စုတို့ နှစ်ဦးသဘောတူ လင်မယားအဖြစ်မှ ကွာရှင်းခြင်း"

အချိန် နေ့လယ် ၁၂ နာရီ။

အုပ်ချုပ်ရေးမှူးရုံး။

ဒေါ်သောင်းတင်သည် စာကိုဖတ်ပြီးပြီးချင်း ကြက်သီးများထသွားသည်။ သမီးအတွက် စိုးရိမ်မှုပိုသွား၏။

"ဘုရား ဘုရား ငါ့သမီးလေး ဘာကြောင့်ကွာရှင်းပါလိမ့်။ မဖြစ်ဘူး မဖြစ်ဘူး။ ဦးအောင်မိုးတော့ သိလို့မဖြစ်ဘူး။ ငါသွားမှဖြစ်မယ်။ ငါ့သမီးလေး လူပုံအလယ်မှာ အားငယ်နေရှာမှာ"

ဒေါ်သောင်းတင်သည် ပြောပြောဆိုဆို နာရီကိုကြည့်လိုက်၏။ အချိန်က ၁၂ နာရီ ထိုးခါနီးဖြစ်သည်။ အုပ်ချုပ်ရေးမှူးရုံးသို့ ချက်ချင်းသွားတော့သည်။

(၈)

လူအုပ်ကြီးများဝယ် အဝတ်နွမ်းနွမ်း အသားအရေနွမ်းဖျော့ပြီး ပိန်လီနေသော သမီးချစ်စုကို ဒေါ်သောင်းတင် မြင်လိုက်လေသည်။ လေးငါးလမတွေ့ရသည့်အချိန်တွင် ပြောင်းလဲသွားသော ချစ်စု၏ရုပ်သွင်ကိုကြည့်၍ သမီး မည်မျှဒုက္ခဆင်းရဲခံစားခဲ့ရကြောင်းကို ခံစားမိလေသည်။ ချစ်စုသည် ဒေါ်သောင်းတင်ကိုမြင်မြင်ချင်း ပြေးဖက်ကာငိုလေတော့သည်။ ဒေါ်သောင်းတင်သည် သမီး၏ဆံပင်ကို ပွတ်သပ်ကာ–

"တိတ်တိတ် သမီး။ သမီးအနားမှာ အမေရှိတယ်။ ဘာမှမကြောက်နဲ့"

အုပ်ချုပ်ရေးမှူးက ကျော်စွာနှင့် ချစ်စုအကြောင်း လင်မယားအဖြစ်မှ ကွာရှင်းလိုသည့်အကြောင်းကို မေးမြန်းလေ၏။ ချစ်စုက စတင်ကာ–

"အုပ်ချုပ်ရေးမှူး ရှင့်။ ကျွန်မကိုယ်တိုင် ကွာရှင်းချင်တာ။ အခုဆို ကျွန်မမှာ ကိုယ်ဝန်ငါးလရှိပါပြီ"

ချစ်စု၏စကားကြောင့် လူအများ အံ့အားသင့်သွားကြသည်။ ဒေါ်သောင်းတင်သည် သမီး၏အဖြစ်ကိုကြည့်ပြီး မျက်ရည်များပင်ကျလာလေသည်။

"ကျွန်မ ကိုကျော်စွာကို အကြိမ်ကြိမ်ခွင့်လွှတ်ပြီးပါပြီ။ အခုဟာက ကျွန်မကိုယ်ဝန်ရှိနေတာတောင် ကိုကျော်စွာက လူမှုရေးဖောက်ပြန်တယ်။ ကျွန်မတားတယ် မရဘူး။ အမေပေးလိုက်တဲ့ လက်ဝတ်လက်စားတွေလဲ ကိုကျော်စွာသုံးလို့ ကုန်ပါပြီ။ ကျွန်မဝမ်းကို ကျွန်မကျောင်းပြီး အရာရာနားလည်ပေးခဲ့တာကို ကျွန်မကို သစ္စာဖောက်တယ်။ ဒါကြောင့် ကျွန်မဆက်မပေါင်းနိုင်တော့ဘူး။ ကွာရှင်းချင်တာပါ ရှင့်"

ချစ်စု၏ ပြတ်သားသောစကားသံသည် တစ်ရုံးလုံး ဖုံးလွှမ်းသွား၏။ ထို့နောက် အုပ်ချုပ်ရေးမှူးက ကျော်စွာကိုမေးမြန်းရာ။ ချစ်စုပြောသည့် စကားများ မှန်ကန်ကြောင်းဝန်ခံခဲ့သည်။ အုပ်ချုပ်ရေးမှူးမှာ အကြောင်းအရာများကိုဆင်ခြင်သုံးသပ်ကာ ကွာရှင်းလက်မှတ် နှစ်ဦးစလုံးကိုထိုးစေပြီး စကားဆက်ပြောလေသည်။

"ကာယကံရှင်နှစ်ဦးရဲ့ သဘောဆန္ဒကိုသိပြီးပြီဆိုတော့။ နောက်နောင် ကျော်စွာက ချစ်စုကို ဘယ်ကိစ္စနဲ့မှ မနှောင့်ယှက်ရဘူး။ ချစ်စုကိုယ်ဝန်ဆောင်စဉ် ကိုယ်ဝန်စရိတ်နဲ့ ကလေးစရိတ်ကို ကျော်စွာက ထောက်ပံ့ပေးရမယ်"

အုပ်ချုပ်ရေးမှူး၏စကားအဆုံး၌ ဒေါ်သောင်းတင်သည် မတ်တတ်ရပ်၍ စကားဆိုလိုက်သည်။

"တော်ပါပြီ အုပ်ချုပ်ရေးမှူး။ ကိုယ်ဝန်ထောက်ပံ့ကြေးလဲ မလိုချင်ဘူး။ ကျွန်မသမီးကို ကျွန်မကျွေးမွေးပြုစုနိုင်တယ်။ အဲဒီလူတွေလာမပတ်သက်အောင်သာ အုပ်ချုပ်ရေးမှူး တာဝန်ယူပေးပါ။ လာ သမီး သွားမယ်"

ဒေါ်သောင်းတင်သည် သမီးချစ်စု၏လက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ပြီး အုပ်ချုပ်ရေးမှူး၏ရုံးမှ အိမ်သို့ ပျော်ရွှင်သောအပြုံးများဖြင့် ထွက်ခွာလာခဲ့တော့သည်။

## မျိုးဂုဏ်ရောင် တောက်ပဖို့

– မျိုးဂုဏ်ရောင် တောက်ပဖို့
ဖျောက်ကြစို့ ကြောက်စိတ်တွေ၊
သတ္တိဆောင် တန်ခိုးထွားလို့
နိုးကြားပါစေ၊
ကိုယ့်လူမျိုး ကိုယ့်စာပေ
မချို့ဖြာဝေ ကမ္ဘာတစ်လွှား၊
ကိုယ့်ဘာသာ သာသနာအကျိုး
သယ်ပိုးလှုပ်ရှား။

– ဆိုးကောင်းထွေ အမှန်အမှား
ဉာဏ်တရားနဲ့ တွေးဆကြံ၊
နိုင်ငံတော် အနာဂတ်
ဖြောင့်မတ်စေရန်၊
ခိုင်မြဲသော သတိပဋ္ဌာန်
အသိမှန်တွေ ပေါက်ဖွားပေး၊
နိုင်ငံ့ဝန် ကိုယ်စီထမ်းလို့ရယ်
လှမ်းလျှောက်မယ်လေး။

– မျိုးချစ်မာန် ဇာတိသွေးတို့
တောက်ပြောင်မနှေး အစဉ်သာ၊
ကမ္ဘာဝယ် မြန်မာ့အစွမ်း
ပြစမ်းသူငါ၊
တွဲလက်ကို အစဉ်ခိုင်မာ
ရင်ဆိုင်ပါ အခက်အခဲများ၊
အပြစ်ဘယာတွေ ဘေးမသန်းလို့
အေးချမ်းစေသား။ ။

ရဲသွေးနီ(တက်ဝန်)

## တံတားဦးမြို့နယ် ခေါင်းကွဲကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တံတားဦး ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခေါင်းကွဲကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ဖြင့် တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုး လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ ပဉ္စမအကြိမ် စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ လိုက်နာရမည့်အချက်များ၊ ချေးငွေဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်၍ ကျေးလက်နေပြည်သူများ၏ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်အတွက် အထောက်အကူပြုနိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၅၇ ဒသမ ၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ခေါင်းကွဲကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂၃ ဦးကို ငွေကျပ် ၂၃၉ သိန်း၊ မွေးမြူရေးလုပ်ငန်းကိုင်သူ ၄၈ ဦးကို ငွေကျပ် ၅၀ ဒသမ ၅ သိန်း၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦးကို ငွေကျပ် ၆၈ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၂၃ ဦးကို ရန်ပုံငွေကျပ် ၃၅၇ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အောင်ရဲကျော်**

# အကြီးစားပူးတွဲစစ်ရေးလေ့ကျင့်မှုလုပ်ဆောင်သွားမည့် အမေရိကန်နှင့်တောင်ကိုရီးယား

အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံသည် Ulchi Freedom Shield ကို ဩဂုတ် ၁၉ ရက်မှ ၂၉ ရက်ထိ ကိုရီးယားကျွန်းဆွယ်၌ပြုလုပ်သွားမည်ဖြစ်သည်။ နှစ်နိုင်ငံအနေဖြင့် မြောက်ကိုရီးယား၏ နျူကလီးယားခြိမ်းခြောက်မှုကို ဟန့်တားနိုင်သည့် ပူးတွဲစွမ်းဆောင်ရည်များ တိုးတက်လာစေရေး အလေးထားလျက် နှစ်စဉ်ပူးတွဲစစ်ရေးလေ့ကျင့်မှုများလုပ်ဆောင်လျက်ရှိသည်။

၎င်းစစ်ရေးလေ့ကျင့်မှုသည် မြောက်ကိုရီးယားနိုင်ငံ၏ ပြင်းထန်သောတုံ့ပြန်မှုများ ဖြစ်ပေါ်လာစေနိုင်သည်။ မြောက်ကိုရီးယားနိုင်ငံက ၎င်းစစ်ရေးလေ့ကျင့်မှုကို ကျူးကျော်တိုက်ခိုက်မှုအတွက် ကြိုတင်လေ့ကျင့်နေခြင်းဖြစ်ကြောင်း ရှုမြင်ထားရှိပြီး မဟာမိတ်များ၏ စစ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကြောင့် နျူကလီးယားလက်နက်များနှင့် ဒုံးကျည်စနစ်များ ပိုမိုသုတေသနပြု လုပ်ဆောင်လာလျက်ရှိသည်။

ယခုနှစ်စစ်ရေးလေ့ကျင့်မှုတွင် ဒုံးကျည်များ၊ GPS နှောင့်ယှက်မှုနှင့် ဆိုက်ဘာတိုက်ခိုက်မှုများကဲ့သို့သောခြိမ်းခြောက်မှုများကို တုံ့ပြန်တိုက်ခိုက်ရန် အသင့်ဖြစ်မှုမြှင့်တင်ရန် ဒီဇိုင်းရေးဆွဲထားသော ကွန်ပျူတာအထောက်အကူပြု လေ့ကျင့်မှုများအပြင် စစ်မြေပြင် တပ်လှုပ်ရှားမှုများနှင့် ကျည်စစ်ကျည်မှန် လေ့ကျင့်မှုများပါဝင်ကြောင်း အမေရိကန်နှင့် တောင်ကိုရီးယားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အမေရိကန်နှင့်တောင်ကိုရီးယားသည် ၎င်းတို့၏စွမ်းဆောင်ရည်ပိုမိုခိုင်မာ အားကောင်းရန်နှင့် အစုလိုက်အပြုံလိုက်သေစေနိုင်သော လက်နက်များကိုဟန့်တားနိုင်သည့်အနေအထားရရှိရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ်၌ စစ်ဘက်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

တောင်ကိုရီးယားပူးတွဲစစ်ဦးစီးချုပ်ရုံး ပြောရေးဆိုခွင့်ရှိသူလီဆွန်ဂျွန်းက ကိုရီးယားတပ်ဖွဲ့ဝင် ၁၉၀၀၀ကျော်သည် စစ်ရေးလေ့ကျင့်မှု၌ ပါဝင်လေ့ကျင့်သွားမည်ဖြစ်ကြောင်း၊ ၎င်းစစ်ရေးလေ့ကျင့်မှုများသည် တောင်ကိုရီးယားနိုင်ငံကိုကာကွယ်ရန် ခိုင်မာအားကောင်းသောကာကွယ်ရေးရပ်တည်ချက် ဆက်လက်ထိန်းသိမ်းထားရှိရေးအတွက် အရေးပါသောအစိတ်အပိုင်းများဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များ၏ပြောရေးဆိုခွင့်ရှိသူ ရန်းဒေါ်နယ်က စစ်ရေးလေ့ကျင့်မှုတွင်ပါဝင်သော အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပတ်သက်၍ အမြင်သဘောထားပေးလိုခြင်းမရှိကြောင်း၊ စစ်ရေးလေ့ကျင့်မှုတွင်ပါဝင်မည့် အမေရိကန်စစ်ရေယာဉ်နှင့်လေယာဉ်များကို ချက်ချင်းအတည်မပြုနိုင်သေးကြောင်း၊ အမေရိကန်အနေဖြင့် တောင်ကိုရီးယားနှင့် ဂျပန်စစ်လေယာဉ်၊ ရေယာဉ်များကို လေ့ကျင့်သင်တန်းပေးရန်တာဝေးပစ်ဗုံးကြဲလေယာဉ်များ၊ ရေငုပ်သင်္ဘောများနှင့်လေယာဉ်တင်သင်္ဘောတိုက်ခိုက်ရေးအုပ်ဖွဲ့ကို မကြာသေးမီက ဒေသတွင်း၌ တိုးမြှင့်တပ်ဖြန့်ချထားခဲ့ကြောင်း ပြောကြားသွားခဲ့သည်။

ရန်းဒေါ်နယ်က ယခုစစ်ရေးလေ့ကျင့်မှုသည် မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်ခြိမ်းခြောက်မှုများကဲ့သို့သော နယ်ပယ်အားလုံးရှိလက်တွေ့ခြိမ်းခြောက်မှုများကိုထင်ဟပ်စေလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် မကြာသေးမီကဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများကို သင်ခန်းစာယူသွားမည်ဖြစ်ကြောင်း၊ တောင်ကိုရီးယားနှင့်အမေရိကန်တပ်ဖွဲ့များအနေဖြင့် နယ်ပယ်အားလုံးတွင် မြေပြင်လက်တွေ့ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ စစ်မြေပြင် တပ်ရွှေ့ပြောင်းလှုပ်ရှားမှုနှင့် ကျည်စစ်ကျည်မှန်လေ့ကျင့်မှုများသည် မဟာမိတ်တပ်ဖွဲ့များ



၏အပြန်အလှန်ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာအားကောင်းလာစေမည်ဖြစ်သကဲ့သို့ ပူးပေါင်းစွမ်းဆောင်ရည်များနှင့် ခိုင်မာသောဆုံးဖြတ်ချက်များကိုလည်း ပြသသွားမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

တောင်ကိုရီးယားစစ်ဘက်အနေဖြင့် အမေရိကန်နိုင်ငံနှင့်ပူးတွဲစစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်သွားမည့်အပြင် ဩဂုတ် ၁၉ ရက်မှ ၂၂ ရက်အတွင်း တိုင်းပြည်၏အရပ်ဘက်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလေ့ကျင့်မှုများကိုလည်း ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း၊ ၎င်းလေ့ကျင့်မှုတွင် မြောက်ကိုရီးယား၏နျူကလီးယားတိုက်ခိုက်မှု ဖြစ်နိုင်ခြေများကို အခြေခံထားသော လေ့ကျင့်မှုများပါဝင်မည်ဖြစ်ကြောင်း လီဆွန်ဂျွန်းက ပြောကြားခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်သည် ယူကရိန်းအရေးကို လက်နက်အဆင့်မြှင့်တင်ထုတ်လုပ်ရန်တံခါးပေါက်အဖြစ် ဆက်လက်အသုံးချနေပြီး အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့အပေါ် နျူကလီးယားစစ်ပွဲ ဆင်နွှဲသွားမည်ဆိုသော ခြိမ်းခြောက်မှုများရှိနေသောကြောင့် ကိုရီးယားကျွန်းဆွယ်၌မလိုမုန်းတီးမှုများ မြင့်တက်လာလျက်ရှိကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများက ပြောဆိုလျက်ရှိသည်။

ထို့ကြောင့် တောင်ကိုရီးယား၊ အမေရိကန်နှင့် ဂျပန်တို့သည် ၎င်းတို့၏ပူးတွဲစစ်ရေးလေ့ကျင့်မှုများ တိုးမြှင့်လုပ်ဆောင်လာလျက်ရှိပြီး အမေရိကန်၏ မဟာဗျူဟာမြောက်စစ်လက်နက်ပစ္စည်းများဖြင့် ၎င်းတို့၏နျူကလီးယားဟန့်တားမှု မဟာဗျူဟာများ တိုးမြှင့်တည်ဆောက်လျက်ရှိသည်။

၂၀၂၃ ခုနှစ်Ulchi Freedom Shield လေ့ကျင့်မှုများပြုလုပ်နေစဉ်ကာလအတွင်း မြောက်ကိုရီးယားနိုင်ငံသည် ပဲ့ထိန်းဒုံးကျည်များပစ်ခတ်စမ်းသပ်ခဲ့ပြီး ထိုသို့လုပ်ဆောင်ခြင်းသည် တောင်ကိုရီးယားပစ်မှတ်များကို နျူကလီးယားလက်နက်ဖြင့် တိုက်ခိုက်မည့်မြေလှန်စနစ်ဖြစ်ကြောင်း မြောက်ကိုရီးယားက ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် မကြာသေးမီသီတင်းပတ်များအတွင်းက စိတ်ဓာတ်စစ်ဆင်ရေးလှုပ်ရှားမှုအနေဖြင့် အမှိုက်များထည့်ထားသောမိုးပျံပူဖောင်းများကို တောင်ကိုရီးယားနိုင်ငံသို့ လွှတ်တင်ခဲ့သဖြင့် ကိုရီးယားနှစ်နိုင်ငံကြား ဆက်ဆံရေး ပိုမိုဆုတ်ယုတ်လာစေခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် လွန်ခဲ့သော သီတင်းပတ်ကုန်အတွင်း မိုးပျံပူဖောင်းအလုံး ၂၄၀ ခန့်လွှတ်တင်ခဲ့သော်လည်း ၁၀ လုံးသာလျှင်တောင်ကိုရီးယားနိုင်ငံအတွင်းသို့ ကျရောက်ခဲ့ကြောင်း၊ အားလုံးသည် ဆိုးလ်မြို့တော်မြောက်ဘက်တွင် ကျရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိုးပျံပူဖောင်းများတွင် စက္ကူဖြတ်စများနှင့် ပလတ်စတစ်ပုလင်းခွံများပါဝင်လာကြောင်း၊ အန္တရာယ်ဖြစ်စေနိုင်သောအရာဝတ္ထုများပါရှိလာခြင်းမရှိကြောင်း တောင်ကိုရီးယားစစ်ဘက်က ဩဂုတ် ၁၂ ရက်တွင် ပြောကြားသွားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် ယခုနှစ် ဇူလိုင် ၂၄ ရက်မှစ၍ တောင်ကိုရီးယားနိုင်ငံဘက်သို့ မိုးပျံပူဖောင်းများလွှတ်တင်ခဲ့ရာ အမှိုက်များပါရှိသော ပူဖောင်းတစ်လုံးသည် တောင်ကိုရီးယားသမ္မတအိမ်တော်ဝင်းအတွင်းသို့ကျရောက်ခဲ့သဖြင့် တောင်ကိုရီးယားအခြေခံအဆောက်အအုံများ၏ အားနည်းချက်နှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုမြင့်တက်လာစေခဲ့သည်။ သို့သော်အဆိုပါပူဖောင်းသည် အန္တရာယ်ရှိသော ပစ္စည်းများပါရှိလာခြင်းမရှိသည့်အတွက် တစ်ဦးတစ်ယောက်ကိုမျှထိခိုက်အနာတရမဖြစ်ပေါ်ခဲ့ပေ။

ထိုအတောအတွင်း တောင်ကိုရီးယား သမ္မတယွန်ဆွတ်ယိုးသည် သမ္မတရုံးလုံခြုံရေးအကြီးအကဲကင်ယွန်ဟွန်းကို ကာကွယ်ရေးဝန်ကြီးအဖြစ် အမည်တင်သွင်းခဲ့ကြောင်း၊ ကင်ယွန်ဟွန်းသည် လက်ရှိ ကာကွယ်ရေးဝန်ကြီးရှင်ဝန်ဆစ်ခ်နေရာတွင် အစားထိုးတာဝန်ထမ်းဆောင်သွားမည်ဖြစ်ပြီး ရှင်ဝန်ဆစ်ခ်သည် သမ္မတယွန်ဆွတ်ယိုး၏အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်သွားခဲ့သည်။

သမ္မတယွန်ဆွတ်ယိုးအနေဖြင့် ဥပဒေပြုအမတ်များ ကန့်ကွက်နေသည့်တိုင်အောင် ကင်ယွန်ဟွန်းကို ဝန်ကြီးအဖြစ်ခန့်အပ်နိုင်သော်လည်း အစိုးရအဖွဲ့ဝန်ကြီးတာဝန်ထမ်းဆောင်ရမည်ဖြစ်သည့်အတွက် ကင်ယွန် ဟွန်းအနေဖြင့် လွှတ်တော်၏ကြားနာမှုခံယူသွားရန်လိုအပ်သည်။ ကွန်ဆာဗေးတစ်တစ်ဦးဖြစ်သည့် သမ္မတယွန်ဆွတ်ယိုးသည် ၎င်း၏အစီအစဉ်များကို အတိုက်အခံထိန်းချုပ်ထားသည့် အမျိုးသားလွှတ်တော်ကိုဖြတ်သန်း၍ အကောင်အထည်ဖော်ရာ၌ ရုန်းကန်ရလျက်ရှိသည်။ လစ်ဘရယ်အမတ်များက ယွန်ဆွတ်ယိုး၏ အမျိုးသားလုံခြုံရေးမူဝါဒများကို ရန်လိုမှုအဖြစ် မကြာခဏ ပြစ်တင်ဝေဖန်လျက်ရှိပြီး မြောက်ကိုရီးယားနိုင်ငံနှင့်ဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်ရေး ခိုင်မာအားကောင်းသောကြိုးပမ်းမှုများလုပ်ဆောင်သွားရန် မကြာခဏတောင်းဆိုလျက်ရှိသည်။

လက်ရှိအချိန်တွင် အမေရိကန်နှင့်တောင်ကိုရီးယားနိုင်ငံအနေဖြင့် နှစ်စဉ်ပြုလုပ်နေကျပူးတွဲစစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်ရန်ကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်လျက်ရှိသကဲ့သို့ မြောက်ကိုရီးယားနိုင်ငံကလည်း ၎င်းစစ်ရေးလေ့ကျင့်မှုများကိုတုံ့ပြန်သောအားဖြင့် ဒုံးကျည်များစမ်းသပ်ပစ်ခတ်မည်မှာ အသေအချာပင်ဖြစ်သည်။

အမှန်တွင် မြောက်ကိုရီးယားနိုင်ငံသည် အမေရိကန်နှင့်တောင်ကိုရီးယားတို့ နှစ်စဉ်ပြုလုပ်လျက်ရှိသော ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ကျူးကျော်တိုက်ခိုက်မှုအတွက် အစမ်းလေ့ကျင့်မှုများအဖြစ်ရှုမြင်သောကြောင့် ၂၀၂၂ ခုနှစ်ကတည်းက ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုများ ဆက်တိုက်ပြုလုပ်လျက်ရှိသည်။

ယခုနှစ်တွင်လည်း မြောက်ကိုရီးယားနိုင်ငံအနေဖြင့် မဟာမိတ်တို့၏စစ်ရေးလေ့ကျင့်မှုလုပ်ဆောင်နေမှုကိုတုံ့ပြန်သောအားဖြင့် တောင်ကိုရီးယား၏ ပစ်မှတ်များကို တိုက်ခိုက်ချေမှုန်းနိုင်စွမ်းရှိသည့် ဒုံးကျည်စွမ်းဆောင်ရည်များကို ဆက်လက်ပြသသွားဖွယ်ရာရှိကြောင်း သုံးသပ်တွေ့ရှိရပေသည်။

**ကိုးကား**

**– South Korea and US Will Start Summer Military Drills Next Week by The Diplomat.**

**ဝင်းဇင်(သုတေသန)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# မွန်ပြည်နယ်ဆားလုပ်ငန်းကဏ္ဍမှ ဆားတန်ချိန်လေးသိန်းခွဲခန့် ထွက်ရှိလာသဖြင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရန် ဆောင်ရွက်နေ



**မော်လမြိုင် ဩဂုတ် ၁၇**

မွန်ပြည်နယ် ဆားလုပ်ငန်းကဏ္ဍမှ ဆားတန်ချိန်လေးသိန်းခွဲကျော် ထွက်ရှိလာသဖြင့် ပြည်တွင်းဆားစားသုံးမှု လုံလောက်စွာရရှိသည့်အပြင် ပြည်ပနိုင်ငံများသို့လည်း တင်ပို့ရောင်းချနိုင်ရန် ဆောင်ရွက်နေကြောင်း မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၏ သတင်းများအရ သိရသည်။

မွန်ပြည်နယ်တွင် နေလှန်းဆားလုပ်ငန်းကို သံဖြူဇရပ်မြို့နယ်ရှိ ပင်ကျေးရွာ၊ ကရုပ္ပိကျေးရွာ၊ စက်စဲကျေးရွာ၊ ကျိုက္ခမီမြို့၊ ပေါင်မြို့နယ် ထန်းပင်ချောင်းကျေးရွာနှင့် ရေးမြို့နယ် ပလိုင်ကီးကျေးရွာတို့တွင် အဓိက လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

မွန်ပြည်နယ်၏ ဆားလုပ်ငန်းကဏ္ဍတွင် နှစ်စဉ် ဆားကွင်းဧက ၄၅၀၀ ကျော် လုပ်ကိုင်ဆောင်ရွက်နေပြီး ဆားတန်ချိန် ၅၀၀၀၀ ကျော်ထိ ထုတ်လုပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ဆားလုပ်ငန်းရာသီတွင် ဆားလုပ်ငန်းရှင်ဦးရေ ၉၀မှ ဆားကွင်းဧက ၄၇၀၀ ထိ တိုးမြှင့်ဆောင်ရွက်ကာ ဆားတန်ချိန် ၄၇၀၀၀၀ ကျော်ထိထုတ်လုပ်နိုင်ရန် လျာထားဆောင်ရွက်ခဲ့ရာ ဆားတန်ချိန် ၄၅၀၀၀ ခန့်သာ ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ထိုသို့ ထွက်ရှိလာသည့် ဆားတန်ချိန်မှာ ပြည်တွင်းဆားစားသုံးမှုအတွက် လုံလောက်မှုရှိနေသည့်အပြင် ပိုလျှံမှုများလည်း ရှိနေသဖြင့် ပြည်ပသို့ တင်ပို့ရောင်းချပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မွန်ပြည်နယ်မှ ထွက်ရှိသည့် ပိုလျှံဆားများကို ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သို့ တင်ပို့ရောင်းချပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ချမ်းချမ်း**

# အောင်လံမြို့နယ် တောင်တီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

**အောင်လံ ဩဂုတ် ၁၇**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်တီးကျေးရွာအုပ်စု တောင်တီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့်ဝန်ထမ်းများက ကျေးရွာစီမံကိန်းတာဝန်ခံများနှင့်အတူ တောင်တီးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာစီမံကိန်းကော်မတီဝင်များအနေဖြင့် မိမိတို့နေ့စဉ်အသုံးပြုသွားလာရမည့်လမ်းဖြစ်ပြီး လမ်းအရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေး၊ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဆောင်ရွက်နိုင်ရေးတို့ကို အထူးအလေးထား ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

တောင်တီးကျေးရွာ၌ ကျေးရွာတွင်းလမ်းအရှည်ပေ ၆၀၀၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၃၀ ဒသမ ၅ သိန်း စုစုပေါင်းငွေကျပ် ၁၈၀ ဒသမ ၅ သိန်းဖြင့် မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများ၊ အင်ဂျင်နီယာဝန်ထမ်းများ၏ ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဩဂုတ်လ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၂၃၅အိမ်၊ လူဦးရေ ၁၀၀၈ ဦးတို့အတွက် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း အောင်လံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ကိုလှိုင်**

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၅၂၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ပွင့်ဖြူ ဩဂုတ် ၁၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၅၂၃ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ငရုတ် ၅၆၁ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်မှာ ငရုတ်၅၆၁ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ၅၂၃ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ငရုတ်စိုက်ပျိုးတာနဲ့ပတ်သက်ပြီး အထွက်နှုန်းကောင်းဖို့၊ စားသုံးသူပြည်သူတွေ အစားအစာဘေးကင်းလုံခြုံစေဖို့အတွက် လိုအပ်တဲ့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက ဝင်ငွေတွက်ခြေကိုက်သည့် ငရုတ်စိုက်ပျိုးရေးကို တစ်နှစ်ပတ်လုံး စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ တောင်သူများ ရာသီအလိုက် ငရုတ်သီးနှံ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးစိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများက သီးနှံအထွက်နှုန်းကောင်းမွန်စေရန်နှင့် အစားအစာ ဘေးကင်းလုံခြုံစေရန်အတွက် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခြင်း၊ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ပံ့ပိုးပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရန် နည်းပညာပေးခြင်း စသည့် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**



# ဘားအံမြို့နယ် မလရားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**ဘားအံ ဩဂုတ် ၁၇**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အုန်းတပင်ကျေးရွာအုပ်စု မလရားကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ရည်ရွယ်ချက်၊ ရရှိလာမည့်အကျိုးကျေးဇူးများနှင့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၂ ဒသမ ၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မလရားကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၂၀ ကို ငွေကျပ် ၁၆ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁ ဒသမ ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၁၄သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၂ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဆက်လူ**

# ဒိုက်ဦးမြို့နယ် ပေါက်ခေါင်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုစစ်ဆေး

**ဒိုက်ဦး ဩဂုတ် ၁၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦး စီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပေါက်ခေါင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေနှင့် ကျေးရွာပြည်သူလူထုထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ပေါက်ခေါင်းကျေးရွာ၌ ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ တစ်နာရီလျှင် ရေသန့်ဂါလန် ၂၀၀ ကျော် ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ပေါက်ခေါင်းကျေးရွာ၌ လမ်းအရှည်ပေ ၁၄၁၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် ခြောက်သိန်း စုစုပေါင်းငွေကျပ် ၁၅၆ သိန်းဖြင့် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှုတို့ဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ဇူလိုင် ၁ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ချိုလေး**

စာအုပ်စာပေလှူမိတ်ဆွေ

# ကနေဒါနိုင်ငံ ဂယ်ဂါရီမြို့တွင် တောမီးလောင်ကျွမ်းရာမှ ထွက်ပေါ်လာသော မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှု ဖြစ်ပေါ်နေ



**အော့တဝါ ဩဂုတ် ၁၇**

ကနေဒါနိုင်ငံ အယ်ဘတ်ဒါပြည်နယ် ဂယ်ဂါရီမြို့အနီးတွင် ပြီးခဲ့သည့် ရက်သတ္တပတ်မှစ၍ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သဖြင့် တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသော မီးခိုးငွေ့များကြောင့် ဂယ်ဂါရီမြို့တွင် လေထုညစ်ညမ်းမှု ဖြစ်ပေါ်နေကြောင်း Environment and Climate Change Canada ဝန်ကြီးဌာနက သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဖြစ်ပေါ်နေသည့် လေထုညစ်ညမ်းမှုပမာဏမှာ ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်သည့် ပမာဏတစ်ရပ် ဖြစ်ကြောင်း၊ တိုင်းတာချက်များအရ ဂယ်ဂါရီမြို့တွင်ဖြစ်ပေါ်နေသော လေထုညစ်ညမ်းမှုပမာဏမှာ ကျန်းမာရေးနှင့် ကိုက်ညီသည့် AQHI ပမာဏထက် ၁၀ AQHI ပိုမိုများပြားနေကြောင်း၊ လေထုညစ်ညမ်းမှုနှုန်းမှာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောပမာဏ ဖြစ်သည့်အတွက် နေအိမ်များအတွင်း၌သာ နေထိုင်သင့်ကြောင်း Environment and Climate Change Canada ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"တောမီးလောင်ကျွမ်းမှုကနေ ထွက်ပေါ်လာတဲ့ မီးခိုးငွေ့တွေကြောင့် ဂယ်ဂါရီမြို့အတွင်းမှာ လေထုညစ်ညမ်းမှု ဖြစ်ပေါ်နေပါတယ်။ လေထုသန့်စင်မှုပမာဏကို တိုင်းတာကြည့်တော့ ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေနိုင်တဲ့ အဆင့်ကို ရောက်ရှိနေတယ်။ ဂယ်ဂါရီမြို့ ဒေသခံတွေအနေနဲ့ နေအိမ်အတွင်းမှာ နေထိုင်တာ အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။ မီးခိုးငွေ့ပျံ့နှံ့မှု ပိုများလာလေလေ ကျန်းမာရေးလုံခြုံမှုကို ထိခိုက်မှုနှုန်း မြင့်တက်လာလေပဲဖြစ်ပါတယ်"ဟု Environment and Climate Change Canada ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# ဘာမြူဒါဒေသသို့ အန်နက်စတို ဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ဖွယ်ရှိ

**ဝါရှင်တန် ဩဂုတ် ၁၇**

အန်နက်စတိုဟု အမည်ပေးထားသော ဟာရီကိန်းမုန်တိုင်းသည် ဘာမြူဒါဒေသသို့ ဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေကြောင်း အမေရိကန် ဟာရီကိန်းစင်တာက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အန်နက်စတို ဟာရီကိန်းမုန်တိုင်းသည် ပွာတိုရီကိုနိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် ဘာမြူဒါဒေသဘက်သို့ ဦးတည်တိုက်ခတ်နေခြင်းဖြစ်ပြီး ဟာရီကိန်းမုန်တိုင်းအသွင်ဖြင့် တိုက်ခတ်မည်ဖြစ်ကြောင်း အမေရိကန် ဟာရီကိန်းစင်တာက ထုတ်ပြန်သွားခဲ့သည်။

"အန်နက်စတို ဟာရီကိန်းမုန်တိုင်းဟာ ပွာတိုရီကိုနိုင်ငံကို ဝင်ရောက်တိုက်ခတ်ခဲ့ပြီးတော့ ဘာမြူဒါဒေသဘက်ကို ဦးတည်နေပါတယ်။ အန်နက်စတို ဟာရီကိန်းမုန်တိုင်းဟာ ဘာမြူဒါဒေသကို ဟာရီကိန်းမုန်တိုင်းအသွင်နဲ့ ဝင်ရောက်တိုက်ခတ်မှာဖြစ်ပြီးတော့ ပြင်းအား အဆင့်(၂)ဖြစ်ပါတယ်။ မုန်တိုင်းကြောင့် လေတိုက်နှုန်းကလဲ တစ်နာရီကို မိုင် ၁၀၀ နှုန်းထိ ရောက်ရှိနိုင်ပါတယ်။ မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းနိုင်ပြီး မိုးရေချိန် ၁၅ လက်မထိ မြင့်တက်လာနိုင်ပါတယ်"ဟု အမေရိကန်ဟာရီကိန်းစင်တာမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အန်နက်စတို ဟာရီကိန်းမုန်တိုင်းသည် ဘာမြူဒါဒေသ၏ အနောက်တောင်ဘက်ပိုင်း မိုင်ပေါင်း ၄၁၀ အကွာသို့ ရောက်ရှိနေပြီဖြစ်သည့်အတွက် လာမည့်ရက်ပိုင်းအတွင်း ဘာမြူဒါဧရိယာအတွင်းသို့ ဝင်ရောက်တိုက်ခတ်နိုင်ကြောင်း၊ အန်နက်စတို ဟာရီကိန်းမုန်တိုင်းကြောင့် လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင်၁၀၀ နှုန်းထိ မြင့်တက်နေပြီး ဘာမြူဒါဒေသအတွက် ပျက်စီးဆုံးရှုံးမှုနှုန်း မြင့်မားနိုင်သည့် မုန်တိုင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ဟန်ဂေရီနိုင်ငံတွင် အပူချိန်မြင့်တက်ပြီး မိုးခေါင်ရေရှားမှုကြောင့် စိုက်ပျိုးမြေအများအပြား ထိခိုက်ပျက်စီးမှုဖြစ်ပေါ်လျက်ရှိ

**ဘူဒါပက် ဩဂုတ် ၁၇**

ဟန်ဂေရီနိုင်ငံတွင် အပူချိန်မြင့်တက်ပြီး မိုးခေါင်ရေရှားမှု အခြေအနေများကြောင့် စိုက်ပျိုးမြေအများအပြား ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း ဟန်ဂေရီနိုင်ငံ စိုက်ပျိုးရေးကုန်သည်များအသင်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းအရ သိရသည်။

ဟန်ဂေရီနိုင်ငံတွင် အပူချိန်ဆက်တိုက် မြင့်တက်လျက်ရှိပြီး အချို့နေရာများတွင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လျက်ရှိရာ တတိယ အဆင့်အမြင့်ဆုံး အပူရှိန်သတိပေးချက်ကို နိုင်ငံတစ်ဝန်းတွင် ထုတ်ပြန်ထားရပြီး အဆိုပါ သတိပေးချက်သည် ဩဂုတ်၁၈ ရက်ထိ သက်ရောက်မှုရှိနိုင်ကြောင်း သိရသည်။

"ဒီနှစ် ရာသီဥတုအခြေအနေက ပြီးခဲ့တဲ့ ၂၀၂၂ ခုနှစ်က ဟန်ဂေရီမှာ အပူချိန်စံချိန်တင်ခဲ့တဲ့ ကာလနဲ့တူနေပါတယ်။ ဒီနွေရာသီမှာ ပြောင်းနဲ့နေကြာတွေ အဓိကထိခိုက်မှု ဖြစ်ပေါ်နိုင်ပါတယ်။ ကံမကောင်းတာကတော့ လာမဲ့လတွေမှာလဲ ထူးထူးခြားခြား မိုးရွာမဲ့ အခြေအနေတွေ မတွေ့ရပါဘူး"ဟု မိုးလေဝသပညာရှင် အန်နာမာရက်ဇ်က ပြောကြားသွားခဲ့သည်။



နိုင်ငံအတွင်း မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် မြေဆီလွှာခန်းခြောက်ပြီး စပါး၊ နေကြာနှင့် သကြားမုန်လာစိုက်ခင်းများ ထိခိုက်ပျက်စီးလျက်ရှိကြောင်း၊ စိုက်ပျိုးရေးကုန်သည်များအသင်း၏ သတင်းထုတ်ပြန်ချက်များအရ မိုးခေါင်ရေရှားမှုကြောင့် ပျက်စီးသွားသော စိုက်ပျိုးမြေဧရိယာမှာ ဟက်တာ ၇၅၀၀၀ ထိရှိလာပြီး အပတ်စဉ် ဟက်တာထောင်နှင့်ချီ၍ စိုက်ပျိုးမြေများ ပျက်စီးလျက်ရှိကြောင်း သိရသည်။

မိုးခေါင်ရေရှားမှုကြောင့် စိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုမှာ ယခုနှစ်အတွင်း ယူရိုသန်း ၆၀၀ ခန့်တန်ဖိုးရှိလိမ့်မည်ဟု စိုက်ပျိုးရေးဘောဂဗေဒ ပညာရှင်တစ်ဦးက ခန့်မှန်းထားကြောင်း သိရသည်။

Ref : Xinhua News
Trs : AZH

# တူကီယဲနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်နေပြီး နိုင်ငံအနောက်ခြမ်းဒေသ၌ ထိခိုက်မှုအများအပြား ဖြစ်ပေါ်လျက်ရှိ

**အန်ကာရာ ဩဂုတ် ၁၇**

တူကီယဲနိုင်ငံ အနှံ့အပြားတွင် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်နေပြီး အထူးသဖြင့် နိုင်ငံအနောက်ခြမ်းဒေသများ၌ ထိခိုက်မှုအများအပြား ဖြစ်ပေါ်လျက်ရှိကြောင်း မီးသတ်တပ်ဖွဲ့အာဏာပိုင်များက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တူကီယဲနိုင်ငံအတွင်း တောမီးလောင်ကျွမ်းမှု အများအပြား ဖြစ်ပွားလျက်ရှိရာ အစ်ဇ်မာမြို့အနီး တောမီးကူးစက်လောင်ကျွမ်းနေမှုသည် လူနေရပ်ကွက်များအနီးသို့ ရောက်ရှိလာခြင်းကြောင့် လူဦးရေ လေးသိန်းခန့် တောမီးခြိမ်းခြောက်မှုဒဏ်ကို ခံစားနေရပြီး မြို့တော်တွင်လည်း မီးခိုးငွေ့များ ဖုံးလွှမ်းလျက်ရှိကြောင်း သိရသည်။

မီးသတ်တပ်ဖွဲ့အနေဖြင့် မီးသတ်သမားများ၊ မီးသတ်လေယာဉ်များ၊ ရဟတ်ယာဉ်များအသုံးပြု၍ ကြိုးစား ငြိမ်းသတ်လျက်ရှိသော်လည်း တစ်နာရီ ကီလိုမီတာ ၈၀ နှုန်းထိ လေပြင်းတိုက်ခတ်နေမှုကြောင့် ထိန်းချုပ်ရန် ခက်ခဲသည့် အခြေအနေသို့ ရောက်ရှိလျက်ရှိရာ နေအိမ်တချို့ ထိခိုက်မှုများဖြစ်ပေါ်ခဲ့ပြီး ရပ်ကွက်တချို့တွင်နေထိုင်သူများကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းနေထိုင်ကြရန် အမိန့်ထုတ်ထားရကြောင်း သိရသည်။

အခြားဒေသများဖြစ်သော မာမာရာဒေသ ကာနက်ကာလီမြို့၊ ဘိုလူပြည်နယ်နှင့် မာနီဆာပြည်နယ်တို့တွင်လည်း တောမီးများ လောင်ကျွမ်းလျက်ရှိရာ ကာနက်ကာလီမြို့အနီးရှိ သမိုင်းဝင်နေရာ အများအပြား တောမီးကူးစက်လောင်ကျွမ်းမှုဒဏ်ကို ခံခဲ့ရကြောင်း သက်ဆိုင်ရာအာဏာပိုင်များက သတင်းထုတ်ပြန်ထားသည်။

တူကီယဲအစိုးရအနေဖြင့် နိုင်ငံအနှံ့အပြားရှိ တောမီးလောင်ကျွမ်းမှုများကိုဖြေရှင်းရန် မီးသတ်လေယာဉ်များ၊ မီးသတ်ကားအစီးရေ ရာနှင့်ချီအသုံးပြု၍ မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော်လည်း အပူချိန်ပြင်းထန်မှု၊ ပတ်ဝန်းကျင်ခြောက်သွေ့မှုနှင့် လေပြင်းတိုက်ခတ်မှုအခြေအနေများကြောင့် တောမီးလောင်ကျွမ်းမှုကို နှိမ်နင်းရန် ခက်ခဲလျက်ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : AZH

# တရုတ်(တိုင်ပေ)တွင် ပြင်းအား ၆ ဒသမ ၃ မဂ္ဂနီကျူရှိ မြေငလျင်လှုပ်ခတ်

**တိုင်ပေ ဩဂုတ် ၁၇**

တရုတ်(တိုင်ပေ) အရှေ့ဘက်ပိုင်းရှိ ဟွာလီယန်မြို့တွင် ဩဂုတ် ၁၆ ရက်က ပြင်းအား ၆ ဒသမ ၃ မဂ္ဂနီကျူရှိသည့် မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပြီး မြေငလျင်လှိုင်းသည် ဟွာလီယန်မြို့အပါအဝင် အနီးပတ်ဝန်းကျင်ရှိ မြို့များသို့လည်း ရောက်ရှိပျံ့နှံ့ခဲ့ကြောင်း တရုတ်(တိုင်ပေ) Weather Administration အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မြေငလျင်သည် ပြင်းအားများခဲ့သော်လည်း ကြီးကြီးမားမား ပျက်စီးဆုံးရှုံးမှု မရှိသေးသကဲ့သို့ ထိခိုက်ဒဏ်ရာရရှိမှု အခြေအနေကို မသိရသေးကြောင်း၊ ဒေသခံများမှာ မြေငလျင်နှင့်ပတ်သက်၍ အချိန်မီသတိပေးချက် လက်ခံရရှိခဲ့သဖြင့် အမိုးအကာလွတ်သည့်နေရာများသို့ ရှောင်တိမ်းနိုင်ခဲ့ကြကြောင်း တရုတ်(တိုင်ပေ) အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဩဂုတ် ၁၆ ရက်က ပြင်းအား ၆ ဒသမ ၃ မဂ္ဂနီကျူရှိတဲ့ မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပါတယ်။ လာမဲ့ရက်ပိုင်းအတွင်း မြေငလျင်ထပ်မံလှုပ်ခတ်နိုင်တဲ့အခြေအနေ ရှိနေပါတယ်"ဟု Weather Administration အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

Weather Administration အဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ မြေငလျင်သည် မြေအောက်အနက် ၉ ဒသမ ၇ ကီလိုမီတာအကွာမှ ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။

ဩဂုတ် ၁၅ ရက် မွန်းလွဲပိုင်းကလည်း တရုတ်(တိုင်ပေ) အရှေ့မြောက်ဘက်ပိုင်း ကမ်းခြေဒေသများ၌ ပြင်းအား ၅ ဒသမ ၇ မဂ္ဂနီကျူရှိသည့် မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပြီး အဆိုပါမြေငလျင်လှုပ်ခတ်မှုအပြီး ၁၂ နာရီအတွင်း မြေငလျင်ထပ်မံလှုပ်ခတ်ခဲ့ခြင်းလည်းဖြစ်သည်။

Ref : Xinhua News
Trs : Sai Sat

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## ဝဋ်ဇာတ်ထိတိုင်းရှု

သားတို့သမီးတို့ရေ..ဒီနေ့တော့ ဝဋ်ဇာတ်ထိတိုင်းရှုဆိုတဲ့ ခေါင်းစဉ်လေးနဲ့ ပုံပြင်လေးတစ်ပုဒ် ပြောပြမယ်နော်...

တစ်ခါတုန်းက ရွာတစ်ရွာမှာ ဒေါ်စိန်ခဆိုတဲ့ အဒေါ်ကြီးတစ်ယောက်ရှိတယ်။ သူက လယ်ပိုင်၊ ယာပိုင်နဲ့ ပစ္စည်းဥစ္စာချမ်းသာတဲ့ သူဌေးစာရင်းဝင်ပေါ့ကွယ်။ ကိုယ်ပိုင်ကျွဲ၊ နွားတွေရှိတဲ့အပြင် အလုပ်သမားတွေများစွာနဲ့ လယ်ယာလုပ်ငန်း၊ ကွမ်းခြံလုပ်ငန်း တွေလုပ်ကိုင်နေသူမို့ စီးပွားရေးက အကျမရှိဘဲ တိုးတက်နေတာပေါ့။ မုဆိုးမဖြစ်ပေမဲ့ သားသမီးမြေးတွေနဲ့ တင့်တောင်း တင့်တယ်နေရသူဖြစ်ပါတယ်။

ဒေါ်စိန်ခအိမ်မှာ အခကြေးငွေနဲ့ အလုပ်လာလာလုပ်ရတဲ့ အမျိုးသမီးတစ်ယောက်လည်းရှိသေးတယ်။

သူ့အမည်က ဒေါ်ပြုံး..တဲ့။

အမည်နဲ့ လိုက်အောင် အမြဲတမ်းပြုံးရွှင်နေတတ်တဲ့သူပေါ့။

ဒေါ်စိန်ခက ချမ်းသာသူဆိုပေမယ့် နှုတ်ကြမ်း၊ အမူအရာကြမ်းတမ်းလွန်းတယ်။ စကားတခုခုပြောရင် ကျိန်တာဆဲတာတွေလဲ ပါတတ်တယ်။ ဒီလိုနေမှ သူ့အပေါ်လူတွေက ကြောက်ရွံ့လေးစားပြီး မရိုးမသားမလုပ်ရဲမှာလို့ ဒေါ်စိန်ခက အမြဲတွေးထားတယ်။ သူတွေးထင်ထားသလိုပဲ ဒေါ်စိန်ခရဲ့ နှုတ်ဝဇီ စရိုက်ကို ကြောက်ကြတဲ့ လူတချို့က တော်ရုံမရိုးမသားမလုပ်ရဲတာကြောင့် ဒေါ်စိန်ခလည်းအလုပ်လုပ်ရတာပိုအဆင်ပြေတယ်လို့ ထင်နေတယ်။

ဒေါ်ပြုံးကတော့ ဆင်းရဲသူလည်းဖြစ်၊ လူကလဲ အနေအေးလေတော့ သူများတွေ အနိုင်ကျင့်တာ မကြာခဏခံနေရတာမို့ သူဆင်းရဲဘဝကနေ မတက်နိုင်ရှာဘူးပေါ့ကွယ်။

တစ်နေ့မှာ ဒေါ်စိန်ခနဲ့ ဒေါ်ပြုံး လုပ်အားခရှင်းရင်း ပြဿနာတက်ကြတယ်။ ဒေါ်စိန်ခက ဒေါ်ပြုံးကို ငွေအသပြာငါးဆယ်ပိုရှင်းပေးထားတယ်လို့ပြောပေမဲ့ ဒေါ်ပြုံးကတော့ သူပိုမယူထားကြောင်း ပြန်ငြင်းရင်း ငြင်းခုံကြတယ်။

"အမလေး မပြုံးရယ် ငွေငါးဆယ်ဆိုတာ စိန်ခအတွက် သူတောင်းစားပေးသလောက်ပဲရှိတဲ့ ပိုက်ဆံပါ။ ညည်းကို ထပ်မပေးချင်လို့ ငြင်းနေတာမဟုတ်ဘူး။ ကျုပ်က တကယ်ပေးပြီးသားမို့ ငြင်းနေတာ။ ကျုပ်ကပေးထားတာမှန်ရင် ဒီထက်မက ချမ်းသာပါစေ။ ကျုပ်ကမပေးဘဲ ငြင်းမိရင် ကျုပ်အိမ် မီးလောင်ပါစေ၊ ရောဂါမျိုးစုံဖြစ်ပြီး ဆင်းရဲသွားပါစေ.. အေ။ ညည်းရော ညည်းမယူထားပါဘူး ဆိုတာမှန်ရင်



ငါ့လို ကျိန်ရဲလား..."

ဒေါ်စိန်ခက လူပုံအလယ်မှာ သူမှန်ကြောင်းကို သက်သေထူလိုတာမို့ ကျိန်ဆိုပြီးပြောလိုက်ပါတယ်။ တကယ်တော့ ထိုခေတ်ထိုအခါက ငွေသားငါးဆယ်ဆိုတာ တန်ဖိုးရှိတယ်ဆိုပေမဲ့ ဒေါ်စိန်ခလို ပစ္စည်းဥစ္စာချမ်းသာတဲ့ လူမျိုးတစ်ယောက်အတွက်က ပြောပလောက်တဲ့ ငွေကြေးမဟုတ်ဘူးပေါ့ကွယ်။

ဒေါ်စိန်ခ ကျိန်ဆိုတော့ ရွာသူ၊ ရွာသားတွေက ဒေါ်ပြုံး ဘာပြန်ပြောမလဲဆိုတာကို စောင့်ကြည့်နေကြတယ်။

အဲဒီအချိန်မှာ ဒေါ်ပြုံးက ဘာပြန်ပြောလည်းဆိုတော့....

"ကျွန်မ မကျိန်ဆိုရဲပါဘူး။ ကျွန်မအမှတ်မှားတာလဲ ဖြစ်နိုင်တာမို့ အစ်မစိန်ခ ပေးထားတယ်လို့ပဲ မှတ်ယူလိုက်ပါမယ်။ အတိတ်ဘဝက ကောင်းမှုနည်း၊ ကုသိုလ်နည်းလို့ အခုဘဝမှာတောင် မပြောင်မယောင်နဲ့ သူများအိမ်မှာ ပင်ပင်ပန်းပန်း အလုပ်လာလုပ်နေရသူမို့ ကျွန်မနှုတ်ကနေ ကျွန်မမမှန်ကန်ရင် ဘာဖြစ်သွားပါစေ၊ဘေးဖြစ်ပါစေဆိုတာမျိုးတွေ မကျိန်ဝံ့ပါဘူး။ အကယ်၍ ကျွန်မ မယူရသေးတာမှန်ရင် ကျွန်မ ဒီထက်ပိုပြီးမဆင်းရဲမနုံချာရပါစေနဲ့။ ကျွန်မယူထားမိတယ်ဆိုရင်...အစ်မစိန်ခ ဒီထက်မက ချမ်းသာကြွယ်ဟိုးပါစေ အစ်မရေ...အခုတော့ ကျွန်မ ငြင်းလဲ မငြင်းတော့ပါဘူး။ အခု စာရင်းလေးရှင်းတာကလဲ ကျွန်မစားဖို့ ဆန်လေးဝယ်ချင်လို့ပါ။ ကျွန်မကို ပေးဖို့ငွေလက်ကျန် မရှိဘူးဆိုလဲ ကျွန်မကပဲ လာပြောမိလို့တောင်းပန်ပါတယ်" ဒေါ်ပြုံးက အေးအေးဆေးဆေး တုံ့ပြန်ပြီးပြန်သွားပါတယ်။

ဒေါ်စိန်ခမှာတော့ ဒေါ်ပြုံးစကားကို မခံချိမခံသာကျန်ရစ်ခဲ့ရတော့တယ်။ ကြည့်နေသူတွေလဲ ရှိနေတာမို့ သူဘက်က မှန်ကန်ကြောင်းကို လူအများရှေ့မှာ ထပ်တလဲလဲ ကျိန်ဆိုလို့နေပါတော့တယ်။

ဒီလိုနဲ့ တစ်နှစ်လောက်ကြာတဲ့အခါ ဒေါ်ပြုံးရဲ့ သားဖြစ်သူဟာတစ်ဘက်ရွာက ငွေကြေးချမ်းသာသူ အိမ်က အမျိုးသမီးလေးနဲ့ အိမ်ထောင်ရက်သားကျသွားတာမို့ စိတ်ထားကောင်းတဲ့ချွေးမဖြစ်သူနေထိုင်ရာရွာကို ပြောင်းရွှေ့နေထိုင်သွားပါတယ်။ ပင်ပင်ပန်းပန်းလုပ်ကိုင်မစားရတော့ဘဲ အိမ်ဦးခန်းမှာ အပူအပင်မဲ့စွာနေရပါတယ်။ ဒေါ်စိန်ခကတော့ နွေခေါင်ခေါင်ပူပြင်းတဲ့နေ့ တစ်နေ့မှာ သူ့ရဲ့အိမ်မီးလောင်ခံရပါတယ်။ ပစ္စည်းဥစ္စာတွေကို မက်မောတာကြောင့် မီးတောက်ကြီးထဲကနေ သူ့ရဲ့ရွှေထည်တွေကို မရမက ဝင်ယူပါတယ်။ ပစ္စည်းတွေ ရခဲ့ပေမဲ့ မီးလောင်ဒဏ်ရာတွေရခဲ့ပြီး ရုပ်ပျက်ဆင်းပျက်အထိဖြစ်ခဲ့ကာ ဒုက္ခိတဘဝ ရောက်သွားပါတယ်။ နောက်ဆုံးတော့ ရောဂါဝေဒနာ တွေဖိစီးနှိပ်စက်တာကြောင့် အိပ်ရာထဲမှာ နှစ်အတော်ကြာနေခဲ့ရပါတယ်။

သားသမီးတွေက သူ့ရောဂါသက်သာဖို့ ကုသပေးနေရတာကြောင့် စီးပွားရေးတွေလဲ တဖြည်းဖြည်းချင်းကျဆင်းလာပါတယ်။ ဘဝနေဝင်ချိန်မှာ သားသမီးတွေအငြိုအငြင်ခံရပြီး ဆုံးပါးသွားရပါတယ်။

ဒီဇာတ်လမ်းလေးက ဖြစ်ချိန်တန်လို့ ဖြစ်သွားကြရတဲ့ အကြောင်းတရားနဲ့အကျိုးတရားတွေဆိုပေမဲ့ မဆင်မခြင် နှုတ်ဝဇီရဲ့ သက်ရောက်မှုတွေ အများကြီးပါနေပါတယ်။

ဒါကြောင့် စကားကို လက်လွတ်စပယ် မပြောကြပါနဲ့။ ဆင်ခြင်တုံတရားလေးနဲ့ ချင့်ချိန်ပြီးပြောကြပါ။ ကောင်းသောစကားကိုဆိုကြပါ။ မှန်တယ်ထင်တိုင်းလဲ စကားနောက်တရားပါ မပြောဆိုကြပါနဲ့။

ဒေါ်စိန်ခရဲ့အဖြစ်ကို နမူနာယူသင့်သလို၊ ဒေါ်ပြုံးလိုလဲ ကိုယ့်နှုတ်ထွက်စကားကို ဆင်ဆင်ခြင်ခြင်ပြောတတ်ကြပါစေ။

နှုတ်ကြောင့်သေ၊ လက်ကြောင့်ကြေမဖြစ်ကြပါစေနဲ့လို့ အသိတရားလေးပေးလိုက်ပါတယ်။

မိမိနှုတ်ထွက်စကားတွေကို ရိုင်းစိုင်းတာမပါဘဲ ဆင်ခြင်တုံတရားလေးနဲ့ မျှမျှတတပြောတတ်ကြပါစေလို့ ဆန္ဒပြုရေးသားလိုက်ရပါတယ်ကွယ်။

**ယွန်းနှင်းဆီခိုင်**

## စည်းကမ်းရှိစွာအမှိုက်စွန့်ပါ

- စားကြွင်း စားကျန် အမှိုက်ကို
  စည်းကမ်းမရှိ မပစ်စေလို့။
- စည်းကမ်းမဲ့ဆို ပစ်လိုက်ကြ
  အမှိုက်များက ပေကာပွ။
- အမှိုက်ပေပွ ဝန်းကျင်မှာ
  ယင်တလှောင်းလှောင်း ဝဲပျံကာ။
- ထိုယင်များမှာ ရောဂါပိုး
  သယ်ဆောင် ဖြန့်တဲ့အမျိုး။
- ယင်နားစာမျိုး စားမိက
  ရောဂါလည်းရ ဆိုးဒုက္ခ။
- စည်းကမ်းတကျ မှိုက်စွန့်မှ
  ဝန်းကျင်လည်းလှ စိတ်ချမ်းမြ။

သုတလင်း (ဆင်ပေါင်ဝဲ)



## တို့ကျောင်းဥယျာဉ်

- ကျောင်းဝန်းထဲက ပန်းမျိုးစုံ
  ဖူးပွင့် ရနံ့ထုံ
  ပန်းစံပယ်ရုံ ဖြူဖြူဖွေး
  သင်းပျံ့ ကြူကြူမွှေး ... ။
- ပန်းကံ့ကော်ဖွေး မနှင်းဆီ
  ရွက်လှပန်းစုံညီ
  မိုးဦးပန်းချီ အလှထူး
  ပန်းဇီဇဝါဖူး ... ။
- ဘူးသခွားနဲ့ ဖရုံပင်
  ချဉ်ပေါင် ဂေါ်ရတ် စုံလင်
  ကျောင်းဥယျာဉ်မှာ စိုက်ပျိုးထား
  ကန်စွန်း မုန်လာများ
  လှပစိမ်းစိုသား ... ... ... ။

ဇင်မင်းစိုး(ဗိုလ်ကလေး)



# ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲမေးခွန်းနမူနာပုံစံများအား Myawady Webportal နှင့် Myanmar National Portal တွင် လေ့လာနိုင်သည်

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady.net.mm/cadets) နှင့် Myanmar National Portal (www.myanmar.gov.mm/documents) တို့တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)



"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm



ခြင်ဆေးခွေသုံးလျှင် သတိယှဉ်
အောက်တွင်ခံခွက် မမေ့နှင့်

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့။


## ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၁၈၈ ဧက စိုက်ပျိုးပြီးစီး



ဟုမ္မလင်း ဩဂုတ် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၁၈၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟုမ္မလင်းမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၄၅ ဧကနှင့် ဖူးစားပြောင်း ဧက ၄၀ စုစုပေါင်း ၁၈၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင် စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၁၃၉ ဧကနှင့်ဖူးစားပြောင်း ၄၉ ဧက စုစုပေါင်း ၁၈၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဟုမ္မလင်းမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ၁၈၅ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၈၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့ အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်"ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ယခုနှစ် ဟုမ္မလင်းမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

## တောင်တွင်းကြီးမြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

တောင်တွင်းကြီး ဩဂုတ် ၁၇

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်းသွင်းကြီးကျေးရွာအုပ်စု ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှံက ရွာသစ်ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ရွာသစ် ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၅ ဒသမ ၂ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှံနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရွာသစ်ကျေးရွာရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၁၀ ကို ငွေကျပ် ၄၁ ဒသမ ၂သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် လေးသန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၂၀ ကို အရင်းမပျောက်လည်ပတ်ရန်ပုံ ငွေကျပ် ၄၅ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှံက ပြောပြ၍ သိရသည်။

နွဲ့ယဉ်

ထာဝရလှပသောအပြုံးအတွက်

DENTIST RECOMMENDED

FDA အမှတ်-2212 PCE 0013

DENTOMEC

Fluoride
ပါဝင်သောကြောင့်
သွားများကို ဖြူဖွေး
တောက်ပစေပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




# တဟုန်ဖန်

## လျှပ်စစ်ပစ္စည်းအရောင်းဆိုင်

(၁) ဂိုဒေါင်မှူး အမျိုးသား/အမျိုးသမီး (၁) ဦး
(၂) အရောင်းဝန်ထမ်း အမျိုးသား/အမျိုးသမီး (၄) ဦး
(၃) Marketing အမျိုးသား/အမျိုးသမီး (၄) ဦး
- ကိုယ်ပိုင်ဆိုင်ကယ်၊ (က) လိုင်စင်နှင့် လူလိုင်စင် ရှိရမည်
(၄) တရုတ်စကားပြန် အမျိုးသား/အမျိုးသမီး (၁) ဦး
- လစာ (ညှိနှိုင်း)
(၅) မီးပူတိုက် အမျိုးသမီး (၁) ဦး

အထက်ပါဝန်ထမ်းများသည် အသက် (၁၈) နှစ်မှ (၂၅) နှစ်အတွင်း ဖြစ်ရမည်။ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ CV ဖောင်အပြည့်အစုံနှင့် လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

လိပ်စာ - ၆၂လမ်း၊ ၁၁၀ × ၁၁၁ လမ်းကြား၊ မန္တလေးမြို့။
ဖုန်း - 09-400877900 , 09-400877100

## ပျောက်ဆုံးကြောင်း

ကနီမြို့နယ်နေ မခိုင်ခင်ဦး(ဘ)ဦးရွှေတိုး (၅/ကနန(နိုင်)၁၀၈၂၃၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-730960)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၇၇၃၈၈၀၆၈၇

## ပျောက်ဆုံးကြောင်း

ကနီမြို့နယ်နေ မဇင်လင်းခိုင် (ဘ) ဦးရွှေတိုး (၅/ကနန(နိုင်)၁၃၄၁၂၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-730957) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၄၂၇၁၁၆၅၅၃

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ် (၈၆၃)၊ ဦးပွားခုံးကျော်တောင်ရွာသစ်နေ ဦးရွှေဖီ-ဒေါ်မြအေး တို့၏သား မောင်မျိုးမင်းအောင် (၉/ခမစ(နိုင်)၀၅၂၈၈၀) သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဒေါ်မြအေး (၉/မခန(နိုင်)၁၁၂၇၈၂)

## ဖခင်အမည်မှန်

စဥ့်ကိုင်မြို့နယ်၊ ဟင်းငုံအခြေခံပညာ အထက်တန်းကျောင်း၊ Grade-12၊ STEAMS-1တွင် ပညာသင်ကြားနေသော မဝင်းလဲ့ရီခိုင် ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမြင့်ဇော်ဦး ဖြစ်ပါကြောင်း။

ဦးမြင့်ဇော်ဦး
(၅/စကန(နိုင်)၁၈၉၇၆၀)

# အဖိုးတန်
# ရေချိုကို
# ချွေတာ
# ကြပါစို့

# မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ်ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊
(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော်အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊
(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေးကြိုတင်စီမံထားရန်၊
(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသောခြံများအတွင်း စနစ်တကျမွေးမြူထားရှိရန်၊
(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊
(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊
(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားထားရန်၊
(၈) တိရစ္ဆာန်များကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊
(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြှင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန်လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်ရာတွင် အမိန့်နာခံမှုရှိခြင်းသည် အလွန်အရေးကြီး သကဲ့သို့ စည်းကမ်းကောင်းမွန်ရန်လည်း လိုအပ်...**

❖ **စည်းကမ်း ကောင်းမွန်ခြင်းသည်လည်း အမိန့်နာခံမှုရှိခြင်းပင်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင်ပြုလုပ်သော စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

## တရားမဝင်သစ်မျိုးစုံ၊ ဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော **စာမျက်နှာ ၂၂ ကော်လံ ၁** ☆



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

## ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ



**နေပြည်တော် ဩဂုတ် ၁၇**

ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှ စတင်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ အမျိုးသားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ငါးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို

**စာမျက်နှာ ၂၂ ကော်လံ ၄** ❖

## စစ်တောင်းမြစ်ရေ မဒေါက်မြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၁၇**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (စင်တီမီတာ ၁၀၇၀) အထက်သို့ ပေဝက်ခန့် (၁၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန်အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

